ကြေးမှုံ

The Mirror

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၄ ရက်၊ တနင်္လာနေ့၊ (18-1-2015) (စာစဉ်)

ကောင်းစွာထားအပ်သောစိတ်

နံ တံ မာတာ ပိတာ ကယိရာ၊ အညေ ဝါပိ စ ဉာတကာ
သမ္မာပဏိဟိတံ စိတ္တံ၊ သေယျသော နံ တတော ကရေ။

အမိအဖသည်လည်းကောင်း၊ အခြားသောဆွေမျိုးတို့သည်လည်းကောင်း ကောင်းမြတ်သောချမ်းသာကို မပြုစွမ်းနိုင်ပေ။ ကောင်းစွာထားအပ်သော စိတ်သည်သာလျှင် ထိုမိဘဆွေမျိုးတို့ထက် မြင့်မြတ်အောင် ပြုစွမ်းနိုင်ပေ၏။

(အပေါဒ၃၀၇၊ ၀မွေပ၃)

စာပေကျေးဇူးကို ခေတ်သစ်အမြင်ဖြင့် ပေါင်းစပ်အကျိုးပြုမည့် နိုဘယ်-မြန်မာစာပေပွဲတော် စတင်ဖွင့်လှစ်

ရန်ကုန် ဇန်နဝါရီ ၁၇

"စာအုပ်စာပေ လူမိတ်ဆွေ" ဟူသည့်အတိုင်း စာအုပ်စာပေကို အများပြည်သူတို့ စိတ်ဝင်စားမှု၊ ဖတ်ရှုလေ့လာမှုတိုးတက်လာစေရန်၊ နိုင်ငံတကာ စာပေများ၊ နိုဘယ်ဆုရပုဂ္ဂိုလ်များ၏ စာပေလက်ရာမွန်များဖြင့် မြန်မာစာပေအားဖြည့်ဖြင့်တင်ရန်၊ မြန်မာစာပေ ရေးသားသူတို့၏ စိတ်အားထက်သန်မှု၊ စိတ်ကူးစိတ်သန်းသစ်များနှင့်အတူ တီထွင်ဖန်တီးမှုအသစ်များ တိုးတက်ဖြစ်ပေါ်လာစေရန်၊ စာပေကျေးဇူးဖြစ်သည့် အတွေးအမြင် ဗဟုသုတနှင့် သဘောထားအမြင်များ ကြီးမြတ်ကျယ်ပြန့်ခြင်းကြောင့် လူ့အဖွဲ့အစည်းအတွင်း ငြိမ်းချမ်းမှုရရှိစေခြင်းဖြစ်ကြောင်းကို အများပြည်သူတို့ သိမြင်လာစေရန် ရည်ရွယ်၍ နိုဘယ်-မြန်မာစာပေပွဲတော်ကို ကျင်းပခြင်းဖြစ်ရာ နိုဘယ်-မြန်မာစာပေပွဲတော်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ အမျိုးသားကဇာတ်ရုံ၌ ကျင်းပခဲ့သည်။

နိုဘယ်-မြန်မာ စာပေပွဲတော်ဖွင့်ပွဲအခမ်းအနားတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ သမ္မတရုံးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးဝိုးသိန်းနှင့် ဦးအောင်မင်း၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နာယကဦးတင်ဦး၊ မြန်မာနိုင်ငံစာရေးဆရာအသင်းနှင့် မြန်မာစာပေလောကမှ အသင်းအဖွဲ့များ၊ နော်ဝေနိုင်ငံ နိုဘယ်ဆုရွေးချယ်ရေးကော်မတီမှ တာဝန်ရှိသူများ၊ ဆွီဒင်နိုင်ငံ စာပေနိုဘယ်ဆု

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❋

မန္တလေး-မြစ်ကြီးနားလမ်းပိုင်းတွင် အိန္ဒိယနိုင်ငံလုပ် တွဲဆိုင်းအသစ်များဖြင့် အစားထိုးလဲလှယ်ပြေးဆွဲ

စာမျက်နှာ ၁ ကော်လံ ၄

လာမည့်ခရီးသွားရာသီတွင် ဧည့်သည်ငါးသန်းခန့် လာရောက်မည်ဟု မျှော်မှန်း ရန်ကုန်မြို့ပြအမွေအနှစ် ရှေးဟောင်းအဆောက်အအုံများကို လေ့လာမှုများပြား

ရန်ကုန် ဇန်နဝါရီ ၁၇

ယခုနှစ် ခရီးသွားရာသီကာလတွင် ရန်ကုန်မြို့ပြအမွေအနှစ် ရှေးဟောင်းအဆောက်အအုံများလေ့လာသည့် ခရီးစဉ်များကို နိုင်ငံခြားသားဧည့်သည်များ ပိုမိုစိတ်ဝင်စားမှုများပြားလာကြောင်း သိရသည်။

မြန်မာနိုင်ငံသို့ လာရောက်ကြသည့် နိုင်ငံခြားသားခရီးသွားဧည့်သည် အများစုသည် ရန်ကုန်မြို့တွင် ခေတ္တအနားယူ၍ ပုဂံ၊ တောင်ကြီး၊ အင်းလေးနှင့် မန္တလေး စသည့် ဒေသများသို့ သွားရောက်ကြသော်လည်း ယခုနောက်ပိုင်း ရန်ကုန်မြို့တွင် နေထိုင်သည့်ကာလ ကြာမြင့်လာကြပြီး ရန်ကုန်မြို့ပြအမွေအနှစ်များ ဖြစ်သည့် ရှေးဟောင်းအဆောက်အအုံနှင့် ဗိသုကာအမွေအနှစ်များကို စိတ်ဝင်တစား လေ့လာလည်ပတ်မှုများပြားလာကြောင်း ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ သိရသည်။

"ရန်ကုန်မြို့ပြ အမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ အနေနဲ့

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❑

မှတ်သားမှယ်ရာ မိုးရေချိန်များ

၁၇-၁-၂၀၁၅

ကျောက်ဖြူ	၂ ဒသမ ၀၉ လက်မ
ရမည်းသင်း	၁ ဒသမ ၃၀ လက်မ
တောင်တွင်းကြီး	သုည ဒသမ ၀၈ လက်မ
မင်းဘူး	၁ ဒသမ ၁၅ လက်မ
မကွေး	သုည ဒသမ ၉၉ လက်မ
ဟဲဟိုး	သုည ဒသမ ၉၅ လက်မ

ကြေးမုံ စာတည်းရှေ့ဆုံး ၁၈-၁-၂၀၁၅၊ တနင်္လာနေ့

လေထုသန့်စင်ရေး သစ်ပင်စိုက်ကုသိုလ်ယူ

မဟာရန်ကုန်မြို့ပြနေလူဦးရေသည် ယခု ခုနှစ်သန်းကျော်သွားပြီ။ မြို့တော်စည်ပင်နှင့် JICA တို့ ပူးပေါင်းဆောင်ရွက်နေသည့် ရန်ကုန်မြို့ပြ စီမံကိန်း Master Plan အရ လာမည့် ၂၀၄၀ ပြည့်နှစ်အရောက်တွင် မြို့ပြလူဦးရေ ၁၀ သန်း ရှိလာမည်ဟု ခန့်မှန်းထားသည်။ တိုးပွားလာသည့် လူဦးရေနှင့်အတူ အခြေခံအဆောက်အအုံများအပြင် လေထုအရည်အသွေးစောင့်ကြည့်သူများ လေထုညစ်ညမ်းမှုလျှော့ချရေးလုပ်ငန်းစဉ်များကိုလည်း စနစ်တကျ ဆောင်ရွက်ကြတော့မည်။

ဖန်လုံအိမ်ဓာတ်ငွေ့လွှမ်းခြုံထားသော ကမ္ဘာကြီးတွင် လေထုညစ်ညမ်းမှုရှိနေခဲ့သည်မှာကြာခဲ့ပါပြီ။ လေထုညစ်ညမ်းမှုကို အဓိကဖြစ်စေခဲ့သည်မှာ ရုပ်ကြွင်းလောင်စာများကို မီးရှို့လည်ပတ်စေသော စက်ရုံ၊ အလုပ်ရုံများမှ ထုတ်လွှတ်သည့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များကြောင့်ဖြစ်သည်။ ထိုလွန်ကဲဓာတ်ငွေ့များသည် မြေကမ္ဘာအပြင်ဘက်သို့မသွားဘဲ ဖန်လုံအိမ်ဓာတ်ငွေ့လျှောင်အိမ်ဖြစ်စေလျက် မြေကမ္ဘာအားသိုင်းခြုံဒုက္ခပေးလာသည်။

စက်မှုတော်လှန်ရေးမှအစပြုခဲ့သော ဤဖြစ်စဉ်သည် ယခုနှစ်ပေါင်း ၂၀၀ ကျော်ခဲ့ပါပြီ။ အခြေခိုင်မာဖွဲ့တည်လျက် လက်ရှိတွင် မြေကမ္ဘာအား ဆိုးကျိုးအမျိုးမျိုးကိုပေးလာနေပြီ။

ကမ္ဘာနှင့်အဝှမ်းဖွဲ့တည်နေသော လေထုညစ်ညမ်းမှုကို မိမိတို့နိုင်ငံ၊ အထူးသဖြင့် လူဦးရေအများဆုံး မြို့တင်းနေထိုင်လျက်ရှိနေရာ စက်မှုမြို့တော် မဟာရန်ကုန်တွင် လေထုအရည်အသွေးစောင့်ကြည့်လေ့လာရန် စီစဉ်နေကြောင်း သိရသည်။ မကြာမီ လေထုညစ်ညမ်းမှုတိုင်းတာစက်များ ရောက်ရှိလာမည်ဟု သိရသည်။

မဟာရန်ကုန်တွင် လေထုအရည်အသွေးစောင့်ကြည့်ရန် လိုအပ်သည့်နေရာ ၄၀ အထိရှိနေပြီ။ လောလောဆယ်တွင် မြို့တော်ခန်းမရှေ့ ဗန္ဓုလပန်းခြံ၊ လှည်းတန်းခုံးကျော်တံတားအနီး မင်္ဂလာဒုံအုပ်ချုပ်ရေးမှူးရုံး နေရာများတွင် လေထုညစ်ညမ်းမှု တိုင်းတာစက်များ တပ်ဆင်မည်ဟု သိရသည်။

ရန်ကုန်လေထုညစ်ညမ်းမှု အခြေအနေကို ၂၀၀၇ ခုနှစ်ကတည်းက တိုင်းတာမှုပြုလုပ်ခဲ့ကြသည်။ စက်မှုဇုန်ကိုယ်စားပြုနေသော ဘုရင့်နောင်လမ်းမှ သစ်တောရုံး၊ ပြည်လမ်းမှ ခြောက်မိုင်ခွဲ၊ ဗဟိုစီးပွားရေးအချက်အချာ ဧရိယာဖြစ်သည့် မြို့ထဲမှ (၃၈) လမ်း သုံးနေရာတွင် တိုင်းတာခဲ့သည်။ ၂၀၁၂ ခုနှစ်၌ တစ်ခါထပ်ပြီး တိုင်းတာခဲ့ရာ စက်မှုဇုန်များနှင့် ကားများမှထွက်သည့် အမှုန်အမွှားများသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ သတ်မှတ်စံနှုန်းထက်ကျော်လွန်နေကြောင်း တွေ့ရှိခဲ့ရသည်။

မည်သို့ ကုစားကြမည်နည်း။ လေထုညစ်ညမ်းမှုလျှော့ချရေး ဆောင်ရွက်ကြရမည်။ မသန့်ရှင်းသော လေထုနည်းအောင် မြို့တော်မှာ စိမ်းလန်းဧရိယာအဖြစ် သစ်ပင်များ စိုက်ပျိုးကြရမည်ဟု ဆိုသည်။ မြို့တွင်းမှာ နှစ်ပေါင်းရာချီကြာ သစ်ပင်ကြီးများ အကြောင်းအမျိုးမျိုးကြောင့် လျော့နည်းခဲ့ရသည်။ ဤရက်ပိုင်းအတွင်း ကိလီမှတ်တိုင်အနီး သက်တမ်းရင့်ကုက္ကိုပင်ကြီးတစ်ပင် ဖယ်ရှားခံခဲ့ရသည်။ ရန်ကုန်လေထုအတွင်းမှာ မသန့်ရှင်းသော အမှုန်အမွှားများကို တာဝန်ယူသန့်ရှင်းပေးနေသော သစ်ပင်ကြီးငယ်များ တိုးပွားလာနေရမည့်အစား ယခုလို တစ်ပင်ပြီးတစ်ပင် လျော့နည်းလာမှုကို တားဆီးကာကွယ်ပေးရန် လိုအပ်ပါသည်။

စက်မှုဇုန်နယ်မြေကို ကာဗွန်ထုတ်လွှတ်မှု ကန့်သတ်၍ရနိုင်မည် မဟုတ်သေးပါ။ မိမိတို့နိုင်ငံကို မဆိုထားနှင့် ကမ္ဘာ့စက်မှုနိုင်ငံကြီးများ (ဥပမာ တရုတ်၊ အမေရိကန်)တွင်လည်း ကာဗွန်ကိုလျှော့ချဖို့ မလုပ်နိုင်သေးပေ။ တိုးပြီးရင်းတိုးထုတ်လုပ်နေဆဲပင်။ မိမိတို့လုပ်နိုင်သည့် အလုပ်တစ်ခုတည်းသာရှိနေပါသည်။ ယင်းမှာ သစ်ပင်စိုက်ပျိုးခြင်းပင်ဖြစ်သည်။ တာဝန်ရှိသူများအားလုံးက ရှင်သန်ပြီးသစ်ပင်များကို ကာကွယ်စောင့်ရှောက်ပေးလျက် ရန်ကုန်မြို့ပြလေထုသန့်စင်မှုတွင် သစ်ပင်စိုက်၍ တစ်တပ်တစ်အားပါဝင်ကုသိုလ်ယူနိုင်ကြပါစေ။ ။

နိုင်ငံခြားသား အမြဲနေထိုင်ခွင့်စနစ်နှင့် e-Visa စနစ် လုပ်ငန်းဆောင်ရွက်မှု ရှင်းလင်း

နေပြည်တော် ဇန်နဝါရီ ၁၇

မြန်မာနိုင်ငံတွင် နိုင်ငံခြားသား အမြဲနေထိုင်ခွင့်စနစ်နှင့် Online စနစ်ဖြင့် ဗီဇာလျှောက်ထားသည့် e-Visa စနစ် လုပ်ငန်းဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ ရှင်းလင်းခြင်း အခမ်းအနားကို ဇန်နဝါရီ ၁၃ ရက်မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ တာဝန်ရှိသူများက မြန်မာနိုင်ငံတွင် နိုင်ငံခြားသား အမြဲနေထိုင်ခွင့်စနစ် အကောင်အထည်ဖော်နေမှု၊ အမြဲနေထိုင်ခွင့် လျှောက်လွှာများ တောင်းခံမှုနှင့် လျှောက်လွှာများ ပြန်လည်လက်ခံရေး စီစဉ်ထားရှိမှုများ၊ နည်းပညာဆိုင်ရာ စက်ကိရိယာများ တပ်ဆင်ထားရှိမှု၊ e-Visa စနစ် အကောင်အထည်ဖော်ထားမှု၊ နိုင်ငံအလိုက် လျှောက်ထားမှုနှင့် ဝင်ရောက်မှုအခြေအနေ၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့် လုပ်ငန်း ဆိုင်ရာများကို ရှင်းလင်းတင်ပြကြပြီး ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်းက ဖြည့်စွက်တင်ပြသည်။

ယင်းနောက်ပြည်ထောင်စုဝန်ကြီးဦးခင်ရီက နိုင်ငံခြားသားအမြဲနေထိုင်ခွင့်စနစ်အတွက် လိုအပ်သောစာရွက်စာတမ်းများနှင့် နည်းပညာစက်ကိရိယာများ အချိန်မီပြီးစီးအောင်ဆောင်ရွက်ရေး၊ ဗဟိုကော်မတီ အစည်းအဝေးကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ထားရေး၊ e-Visa လျှောက်လွှာငြင်းပယ်မှုပပျောက်နိုင်ရေးအတွက် လုပ်ငန်းစဉ်များကို လျှောက်ထားသူများ ရှင်းရှင်းလင်းလင်း သိရှိနားလည်နိုင်စေရန် စီစဉ်ဆောင်ရွက်ရေးမှာကြားသည်။

ယင်းနောက် အဆိုပါရုံးရှိ နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ဌာနစိတ်ရုံးခန်းနှင့် e-Visa ရုံးခန်းဖွင့်လှစ်ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံတွင် နိုင်ငံခြားသား အမြဲနေထိုင်ခွင့်စနစ်ကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၅ ရက်က ပညာပေးကာလ အဖြစ် စတင်သတ်မှတ်ခဲ့ပြီး လျှောက်ထားလိုသူများအတွက် လျှောက်လွှာများကို ဒီဇင်ဘာ ၂၄ ရက်မှစတင်၍ အခမဲ့ဖြန့်ဝေပေးခဲ့ရာ ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁၃ ရက်အထိ လုပ်ငန်းကျွမ်းကျင်ပညာရှင်အတွက် ၂၁ စောင်၊ စီးပွားရေး ရင်းနှီးမြှုပ်နှံလိုသူအတွက် ၂၇ စောင်၊ မြန်မာနိုင်ငံသားဟောင်းများအတွက် အစောင် ၁၅၀၊ မြန်မာနိုင်ငံသားနှင့် သွေးစပ်သူနိုင်ငံခြားသားအတွက် ၇၈ စောင် စုစုပေါင်း လျှောက်လွှာ ၂၇၆ စောင်ထုတ်ပေးခဲ့ပြီး ယင်းလျှောက်လွှာများကို ဇန်နဝါရီ ၂၉ ရက်တွင် စတင်လက်ခံဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသွားများအား ရန်ကုန်၊ မန္တလေး၊ နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်များမှ e-Visa စနစ်ဖြင့် ၂၀၁၄ ခုနှစ် စက်တင်ဘာ ၁ ရက်မှ စတင်၍ ဝင်ရောက်ခွင့်ပြုခဲ့ရာ ယခုအခါ နိုင်ငံပေါင်း ၁၀၀ အထိ ဝင်ရောက်ခွင့်ပြုခဲ့ကြောင်း၊ မြန်မာနိုင်ငံတွင် နိုင်ငံခြားသား အမြဲနေထိုင်ခွင့်စနစ်ကို www.mip.gov.mm Website နှင့် e-Visa စနစ်ကို http://evisa.moip.gov.mm Bolt Sport တို့တွင် ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။

(ကြေးမုံ)

သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်အား မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်း မပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

Bmon
ဘီလီယံ ညှင်းဟောက်ဆေး
ဤဆေးသည် ညှင်းကြီး၊ ညှင်းကြာ၊ ညှင်းညို၊ စပါးညှင်း၊ မျက်နှာ၊ လည်ပင်း၊ ရိုးကြား၊ ပေါင်ကြားနှင့် ခန္ဓာကိုယ်၏ အသားနေများပေါ်တွင် ဖြစ်တတ်သော ညှင်းအမျိုးမျိုးတို့ကို သက်သာပျောက်ကင်း စေနိုင်ပါသည်။
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် TMR 012273(0716)
Bmon
ဘီလီယံ ဗဟုပ်ဆီအရည်
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် TMR 012160(0516)
ဤဆေးသည် ခေါင်းကိုက်၊ ခေါင်းမူးခြင်း၊ ဇက်ကြောတက်ခြင်း၊ ခေါင်းအုံခြင်း၊ ခါးကိုက်ခါးနာခြင်း၊ လေးဖက်နာ၊ အဆစ်အမြစ်များ ကိုက်ခဲခြင်း၊ ကြွက်သားများ နာကျင်ခြင်း၊ ခရီးပန်းခြင်း၊ စိတ်မကြည်မလင်ခြင်း၊ ကား၊ ရထားစီးရှိမူးဝေခြင်း တို့အတွက် သုံးစွဲနိုင်ပါသည်။
ပင်းရင်း - အမှတ် (၆၉)၊ ဒုတိယထပ်၊ (၂၆) လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၉-၅၀၇၄၀၀၀၊ ၀၉-၃၁၂၈၁၁၃၄

topcake®
ဈေးကွက်အတွင်း ဆင်တူရိုးမှား အတုအပ အခြားအမှတ်တံဆိပ်များ ရောက်ရှိနေခြင်းကြောင့် topcake အမှတ်တံဆိပ်သာလျှင် မူလ (Original) အမှတ်တံဆိပ်ဖြစ်ပြီး အရည်အသွေးပြည့်ဝသော ကုန်ပစ္စည်းဖြစ်ကြောင်း သတိပြုဝယ်ယူစေလိုပါသည်။
နိုင်ငံတကာ ကုန်ပစ္စည်းထုတ်လုပ်မှု အရည်အသွေးစံချိန်စံညွှန်းပြည့်ဝသည့် ထောက်ခံချက် HACCP (2003) ၊ ကျန်းမာရေးနှင့်ညီညွတ်သော ထုတ်ကုန်ဖြစ်ကြောင်းထောက်ခံချက် ISO-22000 (2005) လက်မှတ်များ ရရှိထားပြီး မြန်မာနိုင်ငံတွင်လည်းအစားအသောက်နှင့် ဆေးပါးကွပ်ကဲရေးဌာန (FDA) မှ တရားဝင် စားသုံးခွင့်ပြုထားသည့် ထောက်ခံချက်များ ရရှိထားခြင်းတို့ကြောင့် ယုံကြည်စိတ်ချစွာ စားသုံးနိုင်ပါသည်။
အမြဲ.မြဲ! အနယ်နယ်ရှိ ဈေးဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။
Authorized Sole Distnbutor: BIZ TRADE COMPANY LIMITED
(+95) 1 559113 , (+95) 9 252031138 , (+95) 9 252031139

Pleasant Times Travels & Tours
Release Your stress with Pleasant Times
Scania Bus VIP 2+1 & 2+2
မုံရွာ-အလောင်းတော်ကဿပ(Feb:11,27) တောင်ကြီး-အင်းလေး(Feb:11,27)
မန္တလေး-ပြင်ဦးလွင်-မင်းကွန်း(Feb:11,27) ပုဂံ-စွယ်တော်လေးဆူ(Feb:11,27)
မူဆယ်-ကြယ်ဂေါင်-ရွှေလီ(Feb:26) ငွေဆောင်-ချောင်းသာ(Feb:12,28)
ထားဝယ်-ရှင်ကိုးရွင်(Flight)(Feb:12) သထုံ-မဲလံ-ရေပူစမ်း(Jan:17,24)
မော်လမြိုင်-ကျိုက်ကွမီ-စက်စဲ(Jan:17,23,24) ပြည်(အကောက်တောင်)(Jan:17,23,24)
အမှတ်(၇၃),အထက်ကြည်မြင်တိုင်လမ်းနှင့် အုန်းပင်လမ်းထောင့်၊ကြည်မြင်တိုင်မြို့နယ်၊ရန်ကုန်မြို့.
Tel: 01-500993, 09-73158702, 09-73072661, 09-420029003

ပြည်တွင်းရေးရာ

❋ ရှေ့ဖုံးမှ

ရွေးချယ်ရေးကော်မတီမှ တာဝန်ရှိသူများ၊ နိုင်ငံတကာမှ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြည်တွင်းပြည်ပ စာရေးဆရာများ၊ ကဗျာဆရာများ၊ အယ်ဒီတာများ၊ ကာတွန်းပညာရှင်များ၊ ပန်းချီပညာရှင်များ၊ စာကြည့်တိုက်ပညာရှင်များ၊ စာအုပ်ထုတ်ဝေရေးလုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် စာပေချစ်မြတ်နိုးသူများ တက်ရောက်ခဲ့ကြသည်။

နိုဘယ်-မြန်မာစာပေပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်သမ္မတက ဤပွဲတော်ကြီးဖြစ်မြောက်လာရေးအတွက် ကြိုးပမ်းခဲ့သည့် ပုဂ္ဂိုလ်များအားလုံးသည် စာပေ၊ ကဗျာ၊ ထုတ်ဝေရေး စသည်ဖြင့် နယ်ပယ်အသီးသီး၊ ကဏ္ဍအသီးသီးတွင် ရှိနေကြသည့်တိုင် စင်စစ်တွင် စာပေချစ်မြတ်နိုးသူများဟူသော ခေါင်းစဉ်တစ်ခုတည်းအောက်တွင် တူညီစွာရှိနေကြသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ စာပေကို ချစ်မြတ်နိုးခြင်းသာမက စာပေထွန်းကားရေးအတွက် ပြင်းပြသောဆန္ဒများရှိခြင်းနှင့် မိမိစွမ်းနိုင်သည့် အနေအထားမှ စာပေတိုးတက်မြင့်မားရေးကို ဆောင်ရွက်လိုခြင်းဟူသော စိတ်ကောင်းစေတနာတွင်လည်း တူညီစွာရှိနေကြသည်ကို ဤပွဲတော်ကြီး ယခုကဲ့သို့ အောင်မြင်စွာ ပေါ်ပေါက်လာခြင်းက သက်သေခံလျက်ရှိကြောင်း၊ မြန်မာစာပေကို နိုင်ငံတကာတွင် ဂုဏ်သိက္ခာကြီးစွာဝင့်ထည်ရပ်တည်နိုင်ရေးအတွက် အလွန်အရေးကြီးသည့် တက်လှမ်းမှုတစ်ခုဖြစ်သည့်ယနေ့ပွဲတော်ကြီးသို့ သဝဏ်လွှာပေးပို့ခွင့်ရသည့် နိုင်ငံတော်သမ္မတ တစ်ဦးအနေဖြင့် မျှားစွာဂုဏ်ယူမိပါကြောင်း။

နိုင်ငံတစ်နိုင်ငံ၏စာပေသည် ယင်းနိုင်ငံ၏ လူ့အဖွဲ့အစည်းကို သတ်မှတ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်သည်ဟုဆိုရာ၌ တိုင်းတာရမည့်စံနှုန်းများစွာရှိနိုင်ကြောင်း၊ သိပ္ပံပညာနှင့် အတတ်ပညာထွန်းကားပြီး စီးပွားရေးအရလည်း ဖွံ့ဖြိုးတိုးတက်နေသည့်တိုင် အသိပညာနှင့် သက်ဆိုင်သော စာပေယဉ်ကျေးမှုထွန်းကားခြင်း မရှိခဲ့လျှင် ဦးနှောက်ရှိ၍ နှလုံးသားမရှိသော လူ့အဖွဲ့အစည်းအဖြစ်သာ ပေါ်ပေါက်လာမည်ဖြစ်ကြောင်း၊ နှလုံးသားကင်းမဲ့သော လူ့အဖွဲ့အစည်းတွင် ငြိမ်းချမ်းရေးကို ရှာဖွေတွေ့ရှိနိုင်ခြင်းမရှိကြောင်း၊ စာပေသည် ငြိမ်းချမ်းရေး လူသားဆန်မှုနှင့် အသိဉာဏ်၏ ပင်မအရင်းအမြစ်ဖြစ်ကြောင်း။

မိမိတို့မြန်မာ့လူ့အဖွဲ့အစည်း မျှော်မှန်းချိတက်နေသည်မှာ ခေတ်မီဖွံ့ဖြိုးတိုးတက်၍ ပွင့်လင်းသော လူ့အဖွဲ့အစည်းတစ်ရပ်ဆိုသည့်ပန်းတိုင်ပင်ဖြစ်ကြောင်း၊ ပွင့်လင်းသော လူ့အဖွဲ့အစည်းတစ်ရပ် ပိုင်ဆိုင်နိုင်ရန်အတွက် ဒီမိုကရေစီ၏ အနှစ်သာရတစ်ရပ်ဖြစ်သည့် လွတ်လပ်စွာတွေးတော၊ ရေးသားဖော်ထုတ်ခွင့်မှာ မျှားစွာ အဓိကကျကြောင်း၊ ထို့ကြောင့်လည်း မိမိတို့အစိုးရ တာဝန်ယူသည့် အချိန်မှစ၍ စာပေလွတ်လပ်ခွင့်အတွက် မျှားစွာကြိုးပမ်းဆောင်ရွက်ခဲ့ပြီး ယနေ့မြန်မာနိုင်ငံသည် စာပေလွတ်လပ်ခွင့်မြင့်မားသည့် နိုင်ငံတစ်နိုင်ငံအဖြစ်ရောက်ရှိနေပြီဖြစ်ကြောင်း၊ ထိုအခြေအနေကို အဓိအရ အသုံးချ၍ မိမိတို့လူ့အဖွဲ့အစည်းအတွက် အတွေးအခေါ် ရင့်ကျက်မှုနှင့် နှလုံးသားပြည့်ဝမှုတို့ကို အားပေးသည့်စာပေများ ရှင်သန်ဖွံ့ဖြိုးရေးအတွက် စာပေချစ်မြတ်နိုးသူများအားလုံးက ကြိုးပမ်းဆောင်ရွက်ကြရန်လည်း တိုက်တွန်းအပ်ကြောင်း။

ခေတ်ပြိုင်နိုင်ငံတကာစာပေများ မြန်မာနိုင်ငံတွင် ထွန်းကားရေးနှင့်မြန်မာ့လူ့အဖွဲ့အစည်းကို ဖော်ကျူးသည့်

နိုဘယ်-မြန်မာစာပေပွဲတော်ဖွင့်ပွဲအခမ်းအနားကျင်းပစဉ်။ **(သတင်းစဉ်)**

စာပေများ နိုင်ငံတကာတွင်ပျံ့နှံ့ရေးမှာ ယနေ့မြန်မာစာပေလောကအတွက် အထူးလိုအပ်ချက်ကြီးဖြစ်နေသည်ကိုလည်း မီးမောင်းထိုးပြလိုကြောင်း၊ လက်ရှိတွင် မြန်မာနိုင်ငံ၌ ခေတ်ပြိုင်နိုင်ငံတကာစာပေများ စတင်ပျံ့နှံ့လာသည်ကို သတိပြုမိကြောင်း၊ တစ်ဆက်တည်းမှာပင် မြန်မာလူမျိုး စာရေးဆရာများနှင့် မြန်မာနိုင်ငံအကြောင်း ရေးသားထားသော ရသ၊ သုတ၊ နိုင်ငံရေးစာပေများ နိုင်ငံတကာစာပေ မျက်နှာစာတွင် တလေးတစားဖြင့် အသိအမှတ်ပြုခံလာရသည်ကိုလည်း ဂုဏ်ယူဝမ်းမြောက်ဖွယ်တွေ့ရှိရကြောင်း၊ ဤအခြေခံကောင်းများကို အမိအရဆုပ်ကိုင်၍ မြန်မာစာပေကို နိုင်ငံတကာစာပေတွင် အဆင့်အတန်းတစ်ခု အခိုင်အမာရရှိအောင် ကြိုးပမ်းကြရမည်မှာ စာပေချစ်မြတ်နိုးသူများအားလုံး၏ တာဝန်ပင်ဖြစ်ကြောင်း။

တစ်ဆက်တည်းမှာပင် နိုင်ငံအတွက် မြန်မာစာပေလောက၏ အခန်းကဏ္ဍတစ်ခုကိုတွေ့ရှိရကြောင်း၊ ယနေ့ မြန်မာနိုင်ငံနှင့် မြန်မာ့လူ့အဖွဲ့အစည်း၏ ရည်မှန်းချက်နှစ်ရပ်ဖြစ်သည့် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး အောင်မြင်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးရရှိရေးအတွက် အထောက်အကူပြုစေမည့် စာပေများ ပိုမိုပေါ်ထွက်ပျံ့နှံ့လာရေးပင်ဖြစ်ကြောင်း၊ ယနေ့ အခမ်းအနားတွင်လည်း အဆိုပါရည်ရွယ်ချက်ကို တွေ့ရှိရသည့်အတွက် မျှားစွာဝမ်းမြောက်မိကြောင်း၊ အတွေးအမြင်၊ ဗဟုသုတကြွယ်ဝခြင်းနှင့် သဘောထားကြီးခြင်းတို့သည် ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးအတွက် ကြီးမားသော အထောက်အပံ့ဖြစ်သည်ဟုလည်း ယုံကြည်မိကြောင်း။

ထို့ပြင် ကျိုးကြောင်းဆင်ခြင်မှုနှင့် တွေးခေါ်နိုင်စွမ်းမြင့်မားသော၊ နှလုံးသားပြည့်ဝသော လူ့အဖွဲ့အစည်းသည် မိမိလူ့အဖွဲ့အစည်းအတွင်း၌သာမက ကမ္ဘာ့လူ့အဖွဲ့အစည်း၏ငြိမ်းချမ်းရေးကိုပါ တာဝန်ယူနိုင်သော လူ့အဖွဲ့အစည်းအဖြစ် ရပ်တည်နိုင်မည်ဟုလည်း အခိုင်အမာယုံကြည်မိကြောင်း၊ ထိုသို့ယုံကြည်သည့်အလျောက် နိုင်ငံတော်အစိုးရအနေဖြင့်လည်း မြန်မာစာပေလောကလွတ်လပ်စွာ ဖွံ့ဖြိုးတိုးတက်လာရေး၊ နိုင်ငံတကာစာပေရေစီးတွင် ဂုဏ်သိက္ခာရှိစွာ ရပ်တည်နိုင်ရေးအတွက် ကြိုးပမ်းမှုများအားလုံးကို အားပေးကူညီသွားမည်ဖြစ်ကြောင်းဖြင့် သဝဏ်လွှာပေးပို့ခဲ့ပြီး အဆိုပါ သဝဏ်လွှာကို သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ဖတ်ကြားတင်ပြသည်။

ထို့နောက် နိုဘယ်-မြန်မာစာပေပွဲတော်သို့ ပြည်ထောင်စုလွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းက Nobel-Myanmar Literary Festival(Literature for Peace) ပွဲတော်သည် မြန်မာတို့လိုလားနေကြသော ငြိမ်းချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်ရေးအတွက် အမှန်တကယ်လိုအပ်နေသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်သင်္ဘောမြတ်ရေးကို ဖော်ဆောင်ပေးနိုင်ပါစေကြောင်း၊ ပါတီစုံဒီမိုကရေစီနှင့် စျေးကွက်စီးပွားရေးပြုပြင်ပြောင်းလဲရေးကို ဆောင်ရွက်ရာတွင် အထောက်အပံ့ပြုနိုင်ပါစေရန် ဆန္ဒပြုဆုတောင်းကြောင်းဖြင့် သဝဏ်လွှာပေးပို့ခဲ့ပြီး အဆိုပါသဝဏ်လွှာကို ပြည်သူ့လွှတ်တော်ရုံး ဒုတိယဥက္ကန်ကြားရေးမှူးချုပ် ဦးခင်မောင်ဦးက ဖတ်ကြားတင်ပြသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က အဖွင့်အမှာစကားပြောကြားရာ မိမိတို့နိုင်ငံ မျက်မှောက်ပြုနေရသည့် ဒီမိုကရေစီအပြောင်းအလဲတွင် အဓိကအကျဆုံးနှင့် အခြေခံအကျဆုံးလိုအပ်ချက်သည် ပြည်သူ လူထုတစ်ရပ်လုံး၏ 'စွမ်းဆောင်ရည်မြှင့်တင်ရေး' (Capacity Building) ဟူ၍ အတွေ့အကြုံအရ မိမိတို့သဘောပေါက်နားလည်ရကြောင်း၊ 'စွမ်းဆောင်ရည်မြှင့်တင်ရေး'၏ လိုအပ်ချက်သည် ပညာရေးနှင့် စာပေဖြစ်ခြင်းကြောင့် မိတ်ဆွေများချမှတ်လိုက်သည့် ရည်မှန်းချက်များသည် ယနေ့ လိုအပ်ချက်ကို ကူညီဖြည့်ဆည်းရာရောက်သည်ဟု သဘောပေါက်နားလည်ပါကြောင်း။

စာပေပွဲတော်ကြီးသည် မိမိတို့နိုင်ငံ၏ ဒီမိုကရေစီနိုင်ငံရေးစနစ် ပြန်လည်အသက်သွင်းနေသည့် ကာလ၊ ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်နေသည့် အခါသမယနှင့် နိုင်ငံတကာမိသားစုထဲသို့ ပြန်လည်ဝင်ရောက်လာချိန်တို့နှင့် ချိန်ခါသင့်ဖြစ်နေခြင်းသည် အလွန်အဓိပ္ပာယ်ရှိသည်၊ အပြန်အလှန်ကျေးဇူးပြုနိုင်သည့် ကူညီဖြည့်ဆည်းမှုဖြစ်သည်ကို အလေးအနက် ပြောကြားလိုကြောင်း၊ စာပေတစ်ရပ် ဖွံ့ဖြိုးတိုးတက်ရန်ဆိုလျှင် "စာပေလွတ်လပ်ခွင့်"(Freedom of Expression)က အရေးကြီးသကဲ့သို့ "စိတ်ကူးလွတ်လပ်ခွင့်" (Freedom of Imagination)အားကောင်းရန် လိုကြောင်း၊ စာပေပွဲတော်၏ ဒုတိယခေါင်းစဉ်ကို Literature for Peace ဟု ရွေးချယ်ထားခြင်းသည် လွန်စွာမှပင် လျော်ကန်သင့်မြတ်ကြောင်း။

အခွန်ရှုည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရန်ဆိုသည်မှာ နိုင်ငံရေးသဘောတူညီချက်များ၊ စီးပွားရေးသဘောတူညီချက်များ၊ စစ်ရေးသဘောတူညီချက်များ ရရှိမျှနှင့် မလုံလောက်ကြောင်း၊ အပြန်အလှန်နားလည်စာနာနိုင်သည့်၊ အပြန်အလှန်မေတ္တာထားနိုင်သည့် သဘောထားကြီးခြင်း၊ အမြင်ကျယ်ခြင်းတို့ကို ဖန်တီးပေးနိုင်သည့် အတွေးအမြင်များ ထွန်းကားရန်လိုကြောင်း၊ တစ်နည်းဆိုရလျှင် ဦးနှောက်ချင်းညှိရန်သာမက နှလုံးသားချင်းညှိနိုင်ကြပါမှ ထာဝရငြိမ်းချမ်းရေးကို ဦးတည်နိုင်မည်ဖြစ်ကြောင်း၊ နှလုံးသားအာဟာရဖြည့်ဆည်းရေးမှာ စာပေသည် အာနိသင်အထက်မြက်ဆုံးဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ငြိမ်းချမ်းရေးနိုဘယ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်က စာပေယဉ်ကျေးမှုဟူသည် နိုင်ငံတစ်နိုင်ငံတည်းသာမက တစ်ကမ္ဘာလုံးအတွက် အရေးကြီးကြောင်း၊ ကျယ်ပြန့်သည် စာပေပွဲတော်များမှတစ်ဆင့် မြန်မာနိုင်ငံကို ကမ္ဘာနှင့်ဆက်သွယ်သွားနိုင်မည်ဖြစ်ကြောင်း၊ စာပေတန်ဖိုးသည် လူအများ၏ စိတ်ကူးစိတ်သန်းကို ကျယ်ပြန့်လာအောင် လုပ်ဆောင်ပေးခြင်းဟု နားလည်ကြောင်း၊ စာပေဟူသည် လူအများ၏ နှလုံးသားကို ပိုမိုနွေးထွေးအောင်လုပ်ပေးနိုင်ကြောင်း၊ အတွေးအခေါ်များ ပိုမိုနက်နဲအောင် အားပေးရမည်ဖြစ်ကြောင်း၊ လူအချင်းချင်း ဆက်သွယ်မှုကို ပိုမိုခိုင်မာစေပြီး အဓိပ္ပာယ်ရှိစေကြောင်း၊ ယခုစာပေပွဲတော်မှတစ်ဆင့် မြန်မာနိုင်ငံက စာပေအနုပညာရှင်များနှင့် ကမ္ဘာက စာပေအနုပညာရှင်များအကြား ပိုမိုထိရောက်သည့် ဆက်ဆံမှုများရအောင် ကူညီပေးနိုင်မည်ဟု မျှော်လင့်ကြောင်း ရုပ်သံသဝဏ်လွှာပေးပို့ခဲ့သည်။

ထို့နောက် နိုဘယ်-မြန်မာစာပေပွဲတော် ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ စာရေးဆရာ ဦးဖေမြင့်က နိုဘယ်-မြန်မာစာပေပွဲတော်ကျင်းပနိုင်ခြင်း အကြောင်းရင်းကို ရှင်းလင်းပြောကြားကာ နော်ဝေနိုင်ငံ International Coordinator of the Festival Mr.Audun Aagre၊ မြန်မာနိုင်ငံဆိုင်ရာ ဆွီဒင်သံရုံးမှ H.E. Johan Hallenborg နှင့် Hedda မှ Jorgen Lorentzen တို့က နိုဘယ်စာပေဆုနှင့် စာပေဖွံ့ဖြိုးမှုဆိုင်ရာ အစီအစဉ်များကို တင်ပြခဲ့ပြီး အခမ်းအနားကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့သည်။

အဆိုပါ စာပေပွဲတော်ကို ဇန်နဝါရီ ၁၇၊ ၁၈၊ ၁၉ သုံးရက်တိုင်တိုင် နေ့စဉ် နံနက် ၉ နာရီမှ ည ၁၁ နာရီအထိ ကျင်းပသွားမည်ဖြစ်ရာ စာပေပွဲတော်တွင် မြန်မာစာရေးဆရာများ၊ စာပေပညာရှင်များက စာတမ်းများ ဖတ်ကြားခြင်း၊ ပြည်တွင်းပြည်ပစာရေးဆရာများ၊ စာပေပညာရှင်များက အပြန်အလှန်ဆွေးနွေးခြင်း၊ နိုဘယ်စာပေဆုရပုဂ္ဂိုလ်များ၏ ဓာတ်ပုံများနှင့် မူရင်းစာအုပ်များ၊ ပြခန်းများနှင့် မြန်မာပြန်လက်ရာစာအုပ်များ ပြခန်းများ၊ စာပေစကားပိုင်းအစီအစဉ်များ၊ ဓာတ်ပုံ၊ ပိုစတာနှင့် ကာတွန်းပြပွဲများ၊ ရေးသူဖတ်သူဆွေးနွေးပွဲများ၊ ကဗျာနှင့် ရသစာပေ စာရေးဆရာများ၏ စာဖတ်ပွဲများနှင့် စာအုပ်အရောင်းဆိုင်များဖြင့် ပါဝင်ပြသသွားမည်ဖြစ်ပြီး ညပိုင်းတွင် သဘင်၊ ဂီတ၊ ရုပ်ရှင်နယ်ပယ်မှ အနုပညာရှင်များ၏ ဖျော်ဖြေရေး အစီအစဉ်များဖြင့် ညစဉ် တင်ဆက်ဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

❒ လာမည့်ခရီးမှ

လက်ရှိတွင် ခရီးစဉ် နှစ်ခုရှိပါတယ်။ ပြည်တွင်းက ကျောင်းသားလူငယ်တွေနဲ့ စိတ်ဝင်စားတဲ့သူတွေအတွက် နှစ်ပတ်တစ်ကြိမ် လူ ၃၀ လောက်ပါတဲ့ မြို့တွင်းက ရှေးဟောင်းအမွေအနှစ် အဆောက်အအုံတွေကို လေ့လာတဲ့ ခရီးစဉ်ပါ။ နောက်အစီအစဉ်တစ်ခုကတော့ အခုကဧည့်ချိန်ဆိုတော့ နိုင်ငံခြားသား ဧည့်သည်တွေအတွက် အပတ်စဉ် ဗုဒ္ဓဟူးနဲ့ စနေနေ့တွေမှာ ခရီးစဉ် ပို့ဆောင်ပေးနေပါတယ်။ ရှေးဟောင်းအဆောက်အအုံတွေရဲ့ နောက်ခံသမိုင်းကြောင်းနဲ့ YTH က ဆောင်ရွက်နေတာတွေကို လိုက်လံရှင်းပြပေးပါတယ်။ ဒီနှစ်ပိုင်း ရန်ကုန်မှာ တစ်ည၊ နှစ်ည ပြိုပြီးနေကြသူများလာတော့ ရန်ကုန်အတွက် စီးပွားရေးကောင်းပါတယ်။ ဧည့်သည်တွေ နေထိုင်တဲ့ရက်များရင် ဟိုတယ်၊ စားသောက်ဆိုင်နဲ့ မော်တော်ယာဉ်စတဲ့ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းတွေမှာ ဝင်ငွေပိုရပါတယ်"ဟု ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ ဒေါ်မိုးမိုးလွင်က ပြောသည်။

ယခင်က ရန်ကုန်မြို့ရှိ ရွှေတိုဂုံစေတီတော်သို့ သွားရောက်မှုများပြားခဲ့ပြီး ၂၀၁၂ ခုနှစ် နောက်ပိုင်းတွင် ရန်ကုန်မြို့လယ်ရှိ မြို့ပြအမွေအနှစ် ရှေးဟောင်းအဆောက်အအုံများ၊ မြို့ပြသယ်ယူပို့ဆောင်ရေးနှင့် လူနေမှုပုံစံများကို လေ့လာမှုများ ပိုမိုများပြားလာခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့် ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံသို့ နိုင်ငံခြားသားခရီးသွား ဧည့်သည်ဝင်ရောက်မှု သုံးသန်းကျော် အထိရှိခဲ့ပြီး ခရီးသွားဝင်ငွေမှာလည်း အမေရိကန်ဒေါ်လာ တစ်ဘီလီယံကျော် ရရှိခဲ့သည်။ လာမည့်ခရီးသွားရာသီတွင် ဧည့်သည် ငါးသန်းခန့် လာရောက်မည်ဟု မျှော်မှန်းထားသည်။

ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့အနေဖြင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ပူးပေါင်း၍ မြို့ပြအမွေအနှစ် ရှေးဟောင်းအဆောက်အအုံများ ထိန်းသိမ်းကူညီခြင်း၊ စီမံခန့်ခွဲရေးဆိုင်ရာ မူဝါဒများချမှတ်ရာတွင် အကြံဉာဏ်များပေးခြင်း၊ သင်တန်းများနှင့် အများပြည်သူအသိပညာပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။ **(ဝ၀၁)**

မြန်မာ့ပင်လယ်ပြင်အခြေအနေ

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပွလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မြန်မာစာပေလောကဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်စေမည့် အာရှတိုက်တွင် ပထမဆုံးဖြစ်လာမည့် စာပေသမားများအိမ်ဂေဟာ ရန်ကုန်မြို့၌ ဖွင့်လှစ်နိုင်ရန်စီစဉ်

နိုဘယ်-မြန်မာစာပေပွဲတော်ဖွင့်ပွဲအခမ်းအနားတွင် House of Literature အကြောင်း ရှင်းလင်းပြောကြားနေသည့် Mr.Jorgen Lorentzen။

ရန်ကုန် ဇန်နဝါရီ ၁၇

အာရှနိုင်ငံများတွင် ပထမဆုံးဖြစ်လာမည့် စာပေသမားများအိမ်ဂေဟာ (House of Literature) တစ်ခုကို မြန်မာနိုင်ငံ၌ ထူထောင်နိုင်ရန်အတွက် စီစဉ်လျက်ရှိပြီး ဖွင့်လှစ်မှုများပြုနိုင်ရန်အတွက် ရန်ကုန်မြို့ရှိ ရှေးဟောင်းအဆောက်အအုံများအား အဓိကထားရွေးချယ်၍ နေရာရှာဖွေမှုများပြုလုပ်လျက်ရှိကြောင်း နိုဘယ်-မြန်မာစာပေပွဲတော်ဖြစ်မြောက်ရေးအတွက် ကူညီပံ့ပိုးပေးခဲ့သည့် နော်ဝေနိုင်ငံ Hedda Foundation ၏ ညွှန်ကြားရေးမှူး Mr.Jorgen Lorentzen ထံမှ သိရသည်။

မြန်မာနိုင်ငံ၌ စာပေသမားများအိမ်ဂေဟာ ဖွင့်လှစ်နိုင်ရန်အတွက် အဆောက်အအုံအား ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ကူညီပေးသွားရန် စီစဉ်လျက်ရှိသည်။ ပြန်ကြားရေးဝန်ကြီးဌာနမှ ပိုင်ဆိုင်သည့် ကမ်းနားလမ်းနှင့် (၄၃) လမ်းထောင့်ရှိ ယခင်ဂါးဒီးယန်းသတင်းစာတိုက် အဆောက်အအုံအား House of Literature ဖွင့်လှစ်နိုင်ရန် လျာထားလျက်ရှိပြီး သင့်တော်ပါက အစိုးရအဖွဲ့သို့ တင်ပြ၍ အသုံးပြုခွင့်ပေးသွားမည်ဖြစ်ကြောင်း ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးရဲထွန်ဌက နိုဘယ်-မြန်မာစာပေပွဲတော် ဖွင့်ပွဲအခမ်းအနားအပြီး၌ ပြောကြားခဲ့သည်။

"ကျွန်တော် လွန်ခဲ့တဲ့ နှစ်လလောက်က စာနယ်ဇင်းကောင်စီရဲ့ အစည်းအဝေးတစ်ခုမှာ ဆရာဖေမြင့်နဲ့ဆုံတော့ သူတို့နဲ့နော်ဝေအဖွဲ့ အစည်းတစ်ခုက ပူးပေါင်းပြီး House of Literature တစ်ခု မြန်မာနိုင်ငံမှာ လုပ်ချင်တယ်လို့ ပြောတယ်။ ပြန်ကြားရေးဝန်ကြီးဌာနက ကူညီပေးသွားဖို့ ရှိပေမယ့် တောင်းဆိုချက်နှစ်ခုတော့ ရှိတယ်။ (၁)အချက်အနေနဲ့ အဲဒီ အဆောက်အအုံနဲ့ အဖွဲ့အစည်းဟာ အမှန်တကယ် လွတ်လပ်တဲ့အဖွဲ့ အစည်းဖြစ်ဖို့ ပဋ္ဌာဉ်ကောင်းကောင်း ရှိရမယ်။ (၂)အချက်က အဲဒါကို လွတ်လပ်တဲ့ Board of Director အဖွဲ့ လိုမျိုးက အုပ်ချုပ်ရမယ်။ House of Literature လို အဆောက်အအုံတွေ ဖြစ်လာမယ်ဆိုရင်တော့ မြန်မာစာပေလောကနဲ့ ဘာသာပြန်စာပေလောကဖွံ့ဖြိုးဖို့အတွက်အများကြီးအထောက်အကူဖြစ်စေမှာပါ" ဟုဌင်းက ထပ်မံပြောကြားခဲ့သည်။

ကမ္ဘာ့ပထမဆုံး House of Literature အား ၁၉၈၆ ခုနှစ်တွင် ဂျာမနီနိုင်ငံ၌ စတင်ဖွင့်လှစ်ခဲ့သည်။ လက်ရှိအချိန်တွင် တစ်ကမ္ဘာလုံး၌ House of Literature ပေါင်း ၁၁ ခုကို ဖွင့်လှစ်ထားနိုင်ပြီဖြစ်သည်။ House of Literature အဆောက်အအုံများတွင် စာအုပ်ဆိုင်၊ကော်ဖီဆိုင်၊ စာကြည့်တိုက်၊ကလေးများအတွက် ပျော်ရွှင်စွာ ဖတ်ရှုလေ့လာနိုင်မည့် စာဖတ်ခန်း၊ စာပေဆိုင်ရာဟောပြောပွဲများ ပိုင်းဖွဲ့စကားပြောပွဲများ ပြုလုပ်နိုင်သည့် ခန်းမများနှင့် စာရေးဆရာများအတွက် စာရေးနိုင်ရန် နေရာထိုင်ခင်းများ၊ သုတေသနပြုလုပ်နိုင်ရန်တို့ကို နေရာတစ်ခုတည်း၌ပင် စုစည်းထားခြင်းဖြစ်သည်။

စာရေးဆရာဖေမြင့်က " အာရှမှာ ပထမဆုံးဖြစ်လာမယ့် အဆောက်အအုံဆိုတော့ မြန်မာ့စာပေလောကမြင့်တင်ရေးအတွက် အများကြီး အထောက်အကူပြုတာပေါ့။ ဒီလိုစာပေနဲ့ပတ်သက်တဲ့အလုပ်တွေ ဆောင်ရွက်နိုင်ဖို့ နေရာထိုင်ခင်းလိုတယ်။ နေရာထိုင်ခင်းမရှိရင် ကျွန်တော်တို့ ဘာမှသိပ်လုပ်လို့မရဘူး။ လက်ရှိမှာ လက်ဖက်ရည်ဆိုင်မှာပဲ ဝိုင်းဖွဲ့ပြီး စကားပြောရတဲ့ အနေအထားမျိုး ကနေဒီလိုနေရာထိုင်ခင်း ပြည့်ပြည့်စုံစုံရှိလာရင် စာအကြောင်းပေအကြောင်း ဆွေးနွေးမယ့် ဝိုင်းမျိုး ပြုလုပ်လို့ရမယ်။ စာအုပ်မိတ်ဆက်ပွဲမျိုးလို ဆွေးနွေးပွဲမျိုးလုပ်လို့ရတယ်။ ဒါဟာ ကျွန်တော်တို့ စာပေဖွံ့ဖြိုးရေးမှာ အများကြီး အထောက်အကူပြုသွားမယ့် သဘောပေါ့" ဟု သုံးသပ်ပြောကြားခဲ့သည်။

သတင်း-ရဲခေါင်ညွန့်
မြတ်သန္တာမောင်

ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း သင်တန်းများဆင်း

ရန်ကုန် ဇန်နဝါရီ ၁၇

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဌေးအောင်သည် ဇန်နဝါရီ ၁၆ ရက်နံနက်ပိုင်းတွင် ကန်တော်ကြီးပတ်လမ်း၌ ကျင်းပသော ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ကြီးကြပ်မှုဖြင့်ဖွင့်လှစ်သော ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း သင်တန်းများ ဆင်းပွဲအခမ်းအနားသို့ တက်ရောက်ပြီး အမှာစကားပြောကြားရာ၌ ပြောင်းလဲနေသည့် ခေတ်နှင့်အညီ ဝန်ဆောင်မှုအသစ်များကို ဖန်တီးနိုင်ရန်အတွက် အင်္ဂလိပ်ဘာသာရပ်၊ သတင်းနှင့် ကွန်ပျူတာနည်းပညာရပ်များကို လက်လှမ်းမီအောင်ဖြည့်စွက်ကြိုးစား လေ့လာသွားကြရန် လိုအပ်ကြောင်း၊ ယနေ့အချိန်အခါ၌ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းသည် တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပြီး ၂၀၁၄ ခုနှစ်တွင် ကမ္ဘာလှည့်ခရီးသည် ၃ ဒသမ ၀၈၁ သန်း၊ ၎င်းနှင့် ဆက်စပ်သော အခြားလုပ်ငန်းများလည်း တိုးတက်လာကြောင်း၊ တိုးတက်လာသောခရီးသွားလုပ်ငန်း စဉ်ဆက်မပြတ်ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရနှင့်ပုဂ္ဂလိက၊ ပြည်သူတို့ကလည်း ညီညီညွတ်ညွတ် ဆက်လက်ကြိုးစားကြရန်လိုအပ်ကြောင်း၊ မြန်မာနိုင်ငံ၏အနာဂတ် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျရာနေရာကနေ တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ကြခြင်းဖြင့် တိုင်းပြည်၏ လိုအပ်ချက်များကို မိမိတို့တတ်နိုင်သည့်ဘက်က အကောင်းဆုံးဖြည့်ဆည်းသွားကြရန် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဇန်နဝါရီ ၁၇ ရက်တွင် ရန်ကုန်မြို့ အင်းလျားကန်ဟိုတယ်၌ ကျင်းပသော မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဟိုတယ်အုပ်စုနှင့် အမေရိကန်နိုင်ငံ အခြေစိုက် Solimar International, Ine တို့၏ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ စျေးကွက်မြှင့်တင်ခြင်းလုပ်ငန်းများ လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

ယင်းအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ယနေ့ဆိုလျှင် မြန်မာနိုင်ငံသို့ အမေရိကန်ဧည့်သည်များ တစ်နှစ်ထက်တစ်နှစ် ပိုမိုဝင်ရောက်နေပြီဖြစ်ကြောင်း၊ ယခုထက်ပိုမိုဝင်ရောက်လာပြီး ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်း ပိုမိုဖွံ့ဖြိုးတိုးတက်လာရေးအတွက် နှစ်ဖက်အဖွဲ့အစည်းများ၏ ရင်းနှီးပူးပေါင်းဆောင်ရွက်မှု အနာဂတ်မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအတွက် အထောက်အကူပြုမည်ဖြစ်ပါကြောင်း၊ နှစ်ဖက်အဖွဲ့အစည်းများ ခရီးသွားလုပ်ငန်း မြှင့်တင်ဆောင်ရွက်မှုများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ကြရန်နှင့် မိမိတို့ဝန်ကြီးဌာနမှလည်း လိုအပ်သည်များကို ပိုင်းဝန်းကူညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

(ကြေးမုံ)

မန္တလေး-မြစ်ကြီးနားလမ်းပိုင်းတွင် အိန္ဒိယနိုင်ငံလုပ် တွဲဆိုင်းအသစ်များဖြင့် အစားထိုးလဲလှယ်ပြေးဆွဲ

မန္တလေး ဇန်နဝါရီ ၁၇

မန္တလေး-မြစ်ကြီးနားလမ်းပိုင်းတွင် ပြေးဆွဲလျက်ရှိသော အမှတ် (၃၃) အဆန်၊ (၃၄) အစုန်အထူး (အိပ်စင်) ရထားအား အိန္ဒိယနိုင်ငံလုပ် တွဲဆိုင်းအသစ်များဖြင့် အစားထိုးလဲလှယ်ပြေးဆွဲသည့် အခမ်းအနားကို ဇန်နဝါရီ ၁၇ ရက်က မန္တလေးဘူတာကြီး၌ ကျင်းပခဲ့သည်။

မန္တလေး-မြစ်ကြီးနား ရထားလမ်းပိုင်းသည် ၃၄၂ ဒသမ ၇၅ မိုင် ကွာဝေးပြီး ကျခင်ပြည်နယ် အနေဖြင့်လည်း ရထားလမ်းပိုင်းအား အဓိကထားသွားလာနေကြရပြီး ခရီးသည်စီးနင်းမှုမှာလည်း တစ်ရက်ပျမ်းမျှ ၁၃၅၀ ခန့် နေ့စဉ်သွားလာလျက်ရှိခြင်းကြောင့် အဆိုပါ လမ်းပိုင်းတွင် စီးနင်းသွားလာကြသည့် ခရီးသွားပြည်သူများ လုံခြုံချောမွေ့စွာသွားလာနိုင်ကြစေရေးအတွက် ဟောင်းနွမ်းနေသည့် တွဲဟောင်းများနေရာတွင် အိန္ဒိယနိုင်ငံလုပ် ပြန်လည်ပြုပြင်ပြီးသည့်တွဲများဖြင့် အစားထိုးဖြည့်စွက်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဦးကျော်ဆန်းက ပြောကြားသည်။

"ဆက်လက်ပြီးတော့ ခရီးသည်တွေ သက်သောင့်သက်သာနဲ့ မြန်မြန်ဆန်ဆန်သွားလာစီးနင်းနိုင်ဖို့အပြင် ရထားတွေအချိန်မှန်ကန်ရေးနဲ့ ပြေးဆွဲချိန်လျှော့ချနိုင်ရေးကိစ္စရပ်တွေကိုလည်း စီမံချက်ရေးဆွဲပြီး အကောင်အထည်ဖော်လျက်ရှိပါတယ်" ဟု ၎င်းက ပြောသည်။

ထို့ပြင် ရထားလမ်းပိုင်းများ ကောင်းမွန်စေရေးအတွက် ကွန်ကရစ်ဇလီဖားများဖြင့် လဲလှယ်ပြုပြင်ဆောင်ရွက်ပေးလျက်ရှိပြီး လူစီးတွဲများအားသန့်ရှင်းသပ်ရပ်ကောင်းမွန်အောင် အဆင့်မြှင့်တင်ပေးခြင်းများ စီစဉ်ဆောင်ရွက်သည့်အနေဖြင့် အမှတ် (၅၅) အဆန်၊ အမှတ် (၅၆) အစုန်အထူးအမြန်ရထားတွဲဆိုင်းကို ၂၀၁၄ ခုနှစ်ဖေဖော်ဝါရီလအတွင်းက အသစ်လဲလှယ်အစားထိုးပြေးဆွဲပေးခဲ့ပြီး နိုင်ငံသားတိုင်း တန်းတူပါဝင်နိုင်ခွင့်ရှိသည့် အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုအဖြစ် အမှတ် (၃၇) အဆန်၊ (၃၈) အစုန်ရထားကို ကချင်အများပိုင်ကုမ္ပဏီနှင့် လက်တွဲဆောင်ရွက်လျက်ရှိကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

ကချင်ပြည်နယ်သို့ ကုန်စည်ရထား အစင်း ၃၀ ဖြင့် မြို့ဟောင်းဘူတာမှ နေ့စဉ်မြစ်ကြီးနားသို့ ထွက်ခွာပေးနေပြီး တစ်လလျှင် အသွားအပြန် ကုန်ရထား အစင်း ၆၀ လစဉ်ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

အောင်ရဲသွင်

မိတ္ထီလာမြို့နယ်အတွင်း ကျေးရွာ ငါးရွာ၌ တစ်နေ့တည်း လျှပ်စစ်မီးပွင့်ပွဲများကျင်းပ

မိတ္ထီလာ ဇန်နဝါရီ ၁၇

မိတ္ထီလာမြို့ ခင်လူးကျေးရွာအုပ်စု သဲတောကျေးရွာနှင့် ရွာသာကျေးရွာနှစ်ရွာအပါအဝင် ကျေးရွာ ငါးရွာ၌ ဇန်နဝါရီ ၁၇ ရက် နံနက်ပိုင်းက ကျေးရွာလျှပ်စစ်မီးဖွင့်ပွဲများ ကျင်းပကြောင်း သိရသည်။

ယင်းနေ့နံနက် ၁၁ နာရီက ခင်လူးကျေးရွာအုပ်စု ရွာသာကျေးရွာနှင့် သဲတောကျေးရွာလျှပ်စစ်မီးဖွင့်ပွဲကို ရွာသာကျေးရွာရှိ ၃၁၅ ကေဗွီအေ ထရန်စဖော်မာအနီး ကျင်းပရာ ကျေးရွာနှစ်ရွာမီးလင်းရေး ကော်မတီ ဥက္ကဋ္ဌနှင့် မြို့နယ်မီးလင်းရေးကော်မတီ ဥက္ကဋ္ဌတို့က လျှပ်စစ်မီးဖွင့်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်ဝေသုံက စက်ခလုတ်နှိပ်၍ လျှပ်စစ်မီးဓာတ်အား ပို့လွှတ်ပေးသည်။ ရွာသာကျေးရွာတွင် အိမ်ထောင်စု ၆၅ စု၊ လူဦးရေ ၃၀၀ ခန့်နှင့် သဲတောကျေးရွာတွင် အိမ်ထောင်စု ၇၈ စု၊ လူဦးရေ ၃၀၀ ကျော် နေထိုင်ကာ ကျေးရွာနှစ်ရွာ လျှပ်စစ်မီးလင်းနိုင်ရေးအတွက် ကုန်ကျငွေ ကျပ် သိန်း ၇၀၀ အား စုပေါင်းအကုန်အကျခံ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

အလားတူပင် ယင်းနေ့နံနက်ပိုင်းက မိတ္ထီလာမြို့နယ်အတွင်းရှိ ပျဉ်သာကျေးရွာအုပ်စု ပျဉ်သာကျေးရွာ၊ တောမကျေးရွာအုပ်စု ရှောက်ပင်ကျေးရွာနှင့် ရွာသစ်ကျေးရွာတို့တွင်လည်း ကျေးရွာလျှပ်စစ်မီးဖွင့်ပွဲများ ကျင်းပခဲ့ကြောင်းသိရသည်။**ချမ်းသာ(မိတ္ထီလာ)**

MPC

မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)

♦ သင်ဖတ်နေသော သတင်းများသည် မှားယွင်းသောဖော်ပြချက်တွေလား?
♦ သင်ဖတ်နေသော သတင်းများသည် မခိုင်မာသောကိုးကားချက်တွေ ထည့်သွင်းထားသလား?
♦ မီဒီယာမှာဖော်ပြမှုကြောင့် သင့်၏သိက္ခာထိခိုက်နေပါသလား?

စာဖတ်သူများက နစ်နာမှုနှင့် မကျေနပ်မှု တစ်စုံတစ်ရာရှိပါက သက်ဆိုင်ရာ သတင်းဌာန (သို့မဟုတ်) မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)ထံသို့ တိုက်ရိုက်တိုင်ကြားနိုင်ပါသည်။

မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)
အမှတ်(၉၀၂)၊ ၉-လွှာ၊ ယုဇနတာဝါ၊ ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၄၈၀၂၆၃၂၆၊ အီးမေးလ် mmpresscouncil@gmail.com

ပြည်တွင်းရေးရာ

တောင်သူပညာပေးစိုက်ခင်းများသို့ လာရောက်လေ့လာ

နေပြည်တော် ဇန်နဝါရီ ၁၇

တောင်သူပညာပေးစိုက်ခင်းများ ပြသရှင်းလင်းပွဲကို ယနေ့နံနက် ၇ နာရီတွင် နေပြည်တော်အပြည်ပြည်ဆိုင်ရာ လေဆိပ်အနီး လယ်ဝေးမြို့နယ် ဧလာကျေးရွာအုပ်စု၌ ကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က စိုက်ပျိုးသည့် သီးနှံများအလိုက် အထွက်နှုန်းတိုးတက်ရေးနှင့် မျိုးကောင်းမျိုးသန့်များကို ရွေးချယ်စိုက်ပျိုးရန် လိုအပ်ကြောင်း၊ မျိုးကောင်းမှသာ သီးနှံအထွက်နှုန်းတိုးတက်ပြီး စျေးကောင်းကောင်း ရရှိမည်ဖြစ်ကြောင်း၊ ကြံသီးနှံ အရည်အသွေးကောင်းရန်နှင့် အထွက်နှုန်းသေချာစေရန်အတွက် သိပ္ပံနည်းကျ ပျိုးထောင်စိုက်ပျိုးသည့် စနစ်ကို အသုံးချစိုက်ပျိုးခြင်းအားဖြင့် တစ်ဧကအပေါ်တွင် ကြံမျိုးလိုအပ်ချက်နှင့် ကုန်ကျစရိတ်များ လျော့နည်းသက်သာစေမည့်အပြင် အပင်ပေါက်နှုန်းကောင်းမွန်မည်ဖြစ်ကြောင်း။

လက်ရှိ ကြံတောင်သူများ စိုက်ပျိုးနေသော နည်းစနစ်မှာ အထွက်နှုန်းနည်းပါးနေသည့်အတွက် သိပ္ပံနည်းကျစိုက်နည်းစနစ်များဖြင့် စိုက်ပျိုးပါက တစ်ဧကအထွက်နှုန်း ပိုမိုတိုးတက်ထွက်ရှိရန် စိုက်ပျိုးရေးပညာရှင်များက နည်းစနစ်နှင့် မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးပေးနေသည်ကို ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် လယ်ဝေးမြို့နယ်မှ ကြံစိုက်တောင်သူများသည် ကြံပျိုးခင်းနှင့် ကြံစိုက်ခင်း၊ ဥတ္တရသီရိမြို့နယ်ရှိ ဧက ၉၀၀ တောင်သူပညာပေး ကြံစိုက်ခင်း၊ ငွေချည်(၉)နှင့် ရွှေတောင်(၈)ချည်မျှင်ရှည်ဝါသီးနှံစိုက်ခင်းများကို ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် ကညွတ်စိုက်ခင်း၊ နာနတ်သီးစိုက်ခင်း၊ စင်တင်ဘူးစိုက်ခင်း၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံစိုက်ခင်းများကို ကြည့်ရှုလေ့လာကြသည်။

၂၀၁၅ ခုနှစ် စိုက်ပျိုးရာသီ၌ ကြံစိုက်ပျိုးသည့် မြို့နယ်များတွင် တောင်သူပညာပေးစိုက်ကွင်းများ ပြသထားပြီး မျိုးကောင်းမျိုးသန့်နှင့် သိပ္ပံနည်းကျစိုက်နည်းစနစ်များ ရယူလိုကြသည့် တောင်သူလယ်သမားများ နေပြည်တော်ရှိ တောင်သူပညာပေးစံပြစိုက်ကွင်းများသို့ လာရောက်လေ့လာနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

လုပ်သားအင်အားစစ်တမ်းကောက်ယူခြင်းကို
ပြည်သူများသို့ အသိပေးခြင်း
မြန်မာနိုင်ငံ၏ လုပ်သားအင်အား၊ ကလေးလုပ်သားနှင့်
ကျောင်းအပြီးလုပ်ငန်းခွင်ဝင်ရောက်မှုအကူးအပြောင်းဆန်းစစ်ခြင်းစစ်တမ်းကို
၁-၁-၂၀၁၅ ရက်နေ့မှ ၃၁-၃-၂၀၁၅ ရက်နေ့အထိ
နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်
စစ်တမ်းကောက်ယူမည်ဖြစ်ပါသဖြင့်
ပြည်သူအားလုံးမှ ဝိုင်းဝန်းပူးပေါင်းပါဝင်ကူညီပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။
အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန

ရွှေတိုဂုံစေတီတော်သို့ မစ်ဆူဘီရှိကော်ပိုရေးရှင်းက မော်တော်ယာဉ်နှစ်စီး လျှုဒါန်း

ရန်ကုန် ဇန်နဝါရီ ၁၇

ရွှေတိုဂုံစေတီတော် ဂေါပကအဖွဲ့သို့ မစ်ဆူဘီရှိကော်ပိုရေးရှင်းက မော်တော်ယာဉ်နှစ်စီး လွှဲပြောင်းပေးအပ်လျှုဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီက ရွှေတိုဂုံစေတီတော် ရှေးဟောင်းရုပ်ပွားတော်များ တန်ဆောင်း၌ ကျင်းပသည်။

ရှေးဦးစွာ မစ်ဆူဘီရှိကော်ပိုရှေးရှင်းမှ မြန်မာနိုင်ငံကိုယ်စားလှယ် Mr.Ido က လျှုဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ရွှေတိုဂုံစေတီတော် ဂေါပကအဖွဲ့ဝင် ဦးအောင်စိုးမင်းက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် Mr.Ido က L200 Pickup ကားနှစ်စီးနှင့် သက်ဆိုင်သော စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ရာ ဂေါပကအဖွဲ့ဝင် ဦးအောင်စိုးမင်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက် Mr.Ido က ရှေးဟောင်းရုပ်ပွားတော်များအား ရွှေကြာသက်နန်းများ ဆက်ကပ်လျှုဒါန်းသည်။ **(သတင်းစဉ်)**



မရမ်းကုန်းမြို့နယ်အတွင်း လုပ်ငန်းခွင်ဝင်ရောက်မှုစစ်တမ်းများကောက်ယူ

ရန်ကုန် ဇန်နဝါရီ ၁၇

အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO)၏ အကူအညီဖြင့် ကလေးအလုပ်သမားနှင့် ကျောင်းအပြီး လုပ်ငန်းခွင်ဝင်ရောက်မှုအကူးအပြောင်းဆန်းစစ်ခြင်းကို အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ကြီးကြပ်သူ ဒုတိယဦးစီးမှူး ဒေါ်မိုးမိုးလတ်နှင့် စာရင်းကောက်ဝန်ထမ်းကိုးဦးပါဝင်သော အလုပ်အကိုင်ဆိုင်ရာ အလုပ်သမားရေးရာ စာရင်းအင်းအဖွဲ့(၂၇)သည် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက်တွင် ယနေ့နံနက် ၁၀ နာရီက လက်တွေ့ကွင်းဆင်းစစ်တမ်းကောက်ယူ ဆောင်ရွက်နေကြကြောင်း သိရသည်။**(ယာဝုံ)**

ထိုသို့ ဆောင်ရွက်နေခြင်းသည် ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလအထိ ဗဟိုစာရင်းအင်းအဖွဲ့၊ ပြည်သူ့အင်အားဦးစီးဌာန၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနတို့ ပူးပေါင်းကာ ၂၀၁၄ ခုနှစ်က ကောက်ယူခဲ့သော ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ နိုင်ငံအတွင်းရှိ လုပ်သားအင်အားများကိုအခြေခံကာ အသက်အရွယ်အပိုင်းအခြား၊ အဓိကအလုပ်အကိုင်အမျိုးအစား၊ အခြားလုပ်ငန်းအမျိုးအစား၊ ကျောင်းမတက်တော့ဘဲ တစ်ဝက်တစ်ပျက် အလုပ်လက်မဲ့နှင့် ဘွဲ့ရပြီး အလုပ်ခွင်ဝင် အလုပ်သမားများ ဝင်ငွေအလုပ်ချိန်၊ သမားရိုးကျ မဟုတ်သော အလုပ်အကိုင်များ အခြေအနေကို စာရင်းစစ်တမ်းရရှိရန် အတွက်လည်းကောင်း၊ ယင်းကိန်းဂဏန်း အချက်အလက်များသိရှိပါက မြန်မာနိုင်ငံ၏ လုပ်သားစျေးကွက် အခြေအနေ အနာဂတ်အတွက် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အထောက်အကူပြုစေနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် စစ်တမ်းကောက်ယူခြင်း လုပ်ငန်းစဉ်တစ်ရပ်အဖြစ်မှတ်ယူကာ မိမိတို့စာရင်းကောက်ဝန်ထမ်းများ ကြိုးစားဆောင်ရွက်နေကြသလို မိဘပြည်သူအပေါင်းကလည်း ပူးပေါင်းကူညီမှုများ ပေးစေလိုကြောင်း အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ကြီးကြပ်သူ ဒုတိယဦးစီးမှူး ဒေါ်မိုးမိုးလတ်ထံမှ သိရသည်။ **(ဝဏ္ဏ)**

အင်းစိန်မြို့နယ် သတင်းစာဆရာအသင်းဖွဲ့ စည်းရေးညှိနှိုင်း

ရန်ကုန် ဇန်နဝါရီ ၁၇

ရန်ကုန်မြို့ အင်းစိန်မြို့နယ်၏ သတင်းစာဆရာအသင်းဖြစ်မြောက်ရေးအတွက် ညှိနှိုင်းအစည်းဝေးကို ဇန်နဝါရီ ၁၇ ရက် မွန်းလွဲ ၁ နာရီက အင်းစိန်မြို့နယ် ရွာမအနောက်ရပ်ကွက် ပညာရာမိကဆရာတော်ကြီး ကျောင်းတိုက် ဓမ္မာရုံ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး သတင်းစာဆရာအသင်း အမှုဆောင်အဖွဲ့ဝင် ဦးတင်မြင့်က မြန်မာနိုင်ငံသတင်းစာဆရာအသင်း(ဗဟို)က ခန့်ထားသော အမှုဆောင်အဖွဲ့ ၁၀ ဦး၏ အမည်စာရင်းနှင့် မြို့နယ်ဌာနဆိုင်ရာဦးစီးမှူးများပါဝင်သော နာယကစာရင်းကို ဖတ်ကြားအတည်ပြုစေ၍ အစည်းအဝေးသို့ တက်ရောက်လာသော စာရေးဆရာ၊ သတင်းစာဆရာများက အကြံပြုဆွေးနွေးကြပြီး မြို့နယ်သတင်းစာဆရာအသင်းဥက္ကဋ္ဌ ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ)က ဌေကျပ် တစ်သိန်း၊ အတွင်းရေးမှူး ဦးမြင့်ဦး(မြို့နယ်သတင်းထောက်)က ဌေကျပ် တစ်သိန်း၊ ဘဏ္ဍာရေးမှူး ဦးမင်းခိုင်က ဌေကျပ်တစ်သိန်း မတည်လျှုဒါန်းခဲ့ပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

ခင်မောင်အေး(အင်းစိန်)

အဆင့်မြင့်တိုက်ခန်းရောင်းမည်
ခါတ်လေကားပါဝင်သည့်အမှတ်(၈၈/၉၀)၊(၅၁)လမ်း၊
ပုဇွန်တောင်မြို့နယ်(၂)ခန်းတွဲ (၈၅)ထပ်တိုက်ရှိ
၂၅' x ၅၈' အကျယ်ခန်းရှိသည့် (၄)လွှာတိုက်ခန်း(၁)ခန်း။
master bed room (၁)ခန်း၊ double bed room (၁)ခန်း၊ dinning room, kitchen room, living room တို့ အခန်းပွဲ့စည်း ကာရံထားပါသည်။
Penthouse ၅၀' x ၅၈' အကျယ်အဝန်းရှိပြီး master bed room (၃)ခန်း၊ double bed room (၁)ခန်း၊ dinning room, kitchen room, living room တို့ ပါရှိသည်။
No.(514/518),Penthouse, Merchant Street, Kyauktada Tsp., Yangon.
Ph: 01 - 385579, 09 - 450006125, 09 -73002386, 09 - 5002435, 09 -250 641 246.

လယ်မြေ (၆) ဧက
ရောင်းမည်
တစ်ဧက - (၃၅)သိန်း
ပိုင်ရှင်အမည်ပေါက်
လယ်ယာလုပ်ကိုင်ခွင့် ပုံစံ ၇ ကျပြီး
ကွမ်းခြံကုန်း - လက်ခုပ်ကုန်း
ကားလမ်းဘေး
ကွမ်းခြံကုန်းအထွက်နား
ဖုန်း - ၀၉၄ ၂၁၁ ၂၁၄ ၄ ၂

P.E.S.
PRACTICAL
English Speaking
T.Kate
1. Grammar & Speaking(၄ လ)
2. Grammar & Speaking(၃ လ)
3. Grammar (Adv.)(၃ လ)
Special Class(25.1.15)
4.Summer for Kids
236(3C),2nd Fl.Yadanar Street, Myaynigone, Sanchaung Township, Yangon. ☎ 516503/503984 (Enroll now!) Age 8/14

၀၁/၄/၂၁၉
သိုးဆောင်း
ဖြို့ ကလေးရဲ့ရာဇဝင်
(လုံးချင်းဝတ္ထုသစ်)
သူဝေး
ပုလင်းထဲ ကပင်လယ်
(လုံးချင်းဝတ္ထုသစ်)

ယာဉ်တိုက်မှုကြောင့်သေဆုံးဒဏ်ရာရသူများအမှတ်တရနေ့

ဒေါက်တာသစ်လွင်

နှစ်စဉ်ယာဉ်တိုက်မှုကြောင့် လမ်းများပေါ်တွင် သေဆုံးနေရသူပေါင်းမှာ ၁ ဒသမ ၃ သန်းခန့်ရှိပြီး လူငါးသန်းခန့်မှာ မသန်မစွမ်းဖြစ်မှုနှင့် ကြုံတွေ့နေရကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ထုတ်ပြန်ချက်များတွင် ဖော်ပြပါရှိပါသည်။ ယနေ့ ကြုံတွေ့နေရသည့် ယာဉ်အန္တရာယ်ကို ထိရောက်စွာ ကာကွယ်ထိန်းချုပ်မှုမပြုနိုင်လျှင် လာမည့် ၂၀၃၀ ပြည့်နှစ်တွင် ယာဉ်တိုက်မှုကြောင့်သေဆုံးရမှုများမှာ ကမ္ဘာပေါ်တွင်ကျန်းမာရေးပြဿနာ၊ရောဂါဘယကြောင့် သေဆုံးရမှုများတွင် ထိပ်တန်းနေရာ (၅)သို့ ရောက်ရှိလာမည်ဟု ပညာရှင်များကခန့်မှန်းထားပါသည်။

လွန်ခဲ့သော ဆယ်စုနှစ်မှစ၍ ကမ္ဘာ့နိုင်ငံအသီးသီးမှ ယာဉ်တိုက်မှုအန္တရာယ်ကို သတိကြီးစွာ စောင့်ကြည့်နေခဲ့ပြီး ယာဉ်တိုက်မှု လျော့နည်းကျဆင်းရေးအတွက် ဘက်စုံကဏ္ဍစုံမှပိုင်းဝန်းအကြံပြု လုပ်ဆောင်လာကြသည်ကိုတွေ့ရှိရပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးနှင့် ကမ္ဘာ့ဘဏ်တို့မှပူးပေါင်း၍ ၂၀၀၄ ခုနှစ်တွင် "World report on road traffic injury prevention" စာတမ်းကိုထုတ်ပြန်ခဲ့ပြီး အဖွဲ့ဝင်နိုင်ငံများမှ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် အဆိုပြုပြဋ္ဌာန်းခဲ့ပါသည်။ ကုလသမဂ္ဂအထွေထွေညီလာခံနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးညီလာခံများမှ ယာဉ်အန္တရာယ်ကင်းရှင်းရေးကို ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုတစ်ရပ်အနေဖြင့်သတ်မှတ်၍ ကမ္ဘာ့လမ်းများပေါ်တွင် ယာဉ်တိုက်မှုကြောင့် သေကြေဒဏ်ရာရသူများ၊ စီးပွားဥစ္စာပျက်စီးဆုံးရှုံးမှုမှ ကာကွယ်ရေးအတွက် နှိုးဆော်တိုက်တွန်းခဲ့ပါသည်။

ယာဉ်တိုက်မှုကြောင့် သေဆုံးသွားရသူများအတွက် ဝမ်းနည်းအောက်မေ့ဖွယ်အခမ်းအနားကို UK နိုင်ငံတွင် ၁၉၉၃ ခုနှစ်မှ စတင်ကျင်းပခဲ့ပါသည်။ ယာဉ်တိုက်မှုကြောင့် သေဆုံးဒဏ်ရာရသူများကိုသတိရခြင်း၊ ကျန်ရစ်သူမိသားစုများကို နှစ်သိမ့်ခြင်းအတွက်ဆုတောင်းမှုများ ပြုလုပ်ခဲ့ပါသည်။ နောက်ပိုင်းတွင် ငြိမ်းချမ်းသောလမ်းများ "Road Peace" အဖွဲ့၏ စည်းရုံးလှုံ့ဆော်မှုဖြင့်ဆက်

"ယာဉ်တိုက်မှုကြောင့် သေဆုံးဒဏ်ရာရသူများ အမှတ်တရနေ့" ကျင်းပရခြင်းသည် ယာဉ်တိုက်မှုကြောင့် အသက်အိုးအိမ်စည်းစိမ် ပျက်စီးရုံသာမက နောက်ဆက်တွဲလူမှုရေးဆုံးရှုံးမှုများ၊ နိုင်ငံတော်စီးပွားရေးဆုံးရှုံးမှုများကို အများပြည်သူသိစေရန်ဖြစ်ပါသည်။

လက်ကျင်းပခဲ့ပါသည်။

ထို့နောက်ပိုင်းတွင် UK တွင်သာမက အခြားဥရောပနိုင်ငံများတွင်ပါ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်လာခဲ့ကြပါသည်။၁၉၉၅ မေလတွင်Belgium နိုင်ငံ Liege မြို့တွင်ကျင်းပသော ဥရောပယာဉ်တိုက်မှုကြောင့် သေဆုံးဒဏ်ရာရသူများအဖွဲ့ချုပ် အစည်းအဝေးမှအမှတ်တရနေ့ ကျင်းပရေးဆိုင်ရာ မူဝါဒများကို ထောက်ခံအတည်ပြုခဲ့ပါသည်။

နောက်ပိုင်းတွင် ဥရောပနိုင်ငံများဖြစ်သော ဩစတြီးယား၊ နယ်သာလန်၊ ဘယ်လ်ဂျီယံ၊ ဂျာမနီ၊ ဂရိ၊ အီတလီ၊ ပေါ်တူဂီ နိုင်ငံများတွင် အမှတ်တရနေ့အခမ်းအနားများကို ကျင်းပခဲ့ကြပါသည်။ ၁၉၉၈ နောက်ပိုင်းတွင် ဥရောပနိုင်ငံများတွင် ကျင်းပလျှက်ရှိသော အမှတ်တရနေ့များကို အာဂျင်တီးနား၊ ဩစတြေးလျ၊ အစ္စရေး၊ တောင်အာဖရိကနှင့် အမေရိကန်အလယ်ပိုင်းနိုင်ငံများတွင်ပါ ကျင်းပခဲ့ပါသည်။

၂၀၀၃ ခုနှစ် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံကြီးတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှဦးဆောင်၍ ကမ္ဘာတစ်ဝန်းယာဉ်တိုက်မှုကြောင့် သေဆုံးဒဏ်ရာရသူများ အမှတ်တရနေ့ ကျင်းပနိုင်ရေးအတွက် အဆိုတင်သွင်းခဲ့ပါသည်။ ၂၀၀၄ ခုနှစ် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံကြီးတွင် ယာဉ်တိုက်မှုကြောင့် သေဆုံးဒဏ်ရာရနေသူများအရေးနှင့်ပတ်သက်၍ ဘဂ်လားဒေ့ရှ်နိုင်ငံကိုယ်စားလှယ်မှ ဦးဆောင်ဆွေးနွေးခဲ့ပြီး အမှတ်တရနေ့ သတ်မှတ်ပေးရန် အဆိုတင်သွင်းခဲ့ပါသည်။

၂၀၀၅ ခုနှစ် အောက်တိုဘာလ ၂၆ ရက်နေ့တွင် ကျင်းပသော ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံကြီးမှ နှစ်စဉ်နိုဝင်ဘာလ၏တတိယ တနင်္ဂနွေနေ့ကို ယာဉ်တိုက်မှုကြောင့် သေဆုံးဒဏ်ရာရသူများ အမှတ်တရနေ့အဖြစ်သတ်မှတ်ပြီး အဖွဲ့ဝင်နိုင်ငံအသီးသီးတွင် အောက်မေ့ဖွယ်အခမ်းအနားများ ကျင်းပရန်ဆုံးဖြတ်ခဲ့ပါသည်။

မြန်မာနိုင်ငံတွင်လည်း ၂၀၀၉ ခုနှစ်မှစ၍ နှစ်စဉ်ကျင်းပခဲ့ရာ ယခုနှစ်တွင် ဆဋ္ဌမအကြိမ်မြောက်ကျင်းပခြင်းဖြစ်ပါသည်။ အမှန်တကယ်ဆိုလျှင် ပြီးခဲ့သော ၂၀၁၄ နိုဝင်ဘာ ၁၅ရက်တွင် ကျင်းပရန်ဖြစ်သော်လည်း အကြောင်းကြောင်းကြောင့် ၂၀၁၅ ဇန်နဝါရီလ ၁၈ ရက်တွင်ကျင်းပခြင်းဖြစ်ပါသည်။ ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၏ ဦးဆောင်မှုဖြင့် ယာဉ်တိုက်မှုကြောင့်သေဆုံးသူ မိသားစုဝင်များ၊ ဒဏ်ရာရသူများကို နှစ်စဉ်အခမ်းအနားဖြင့် ထောက်ပံ့ငွေများပေးအပ်ခြင်း၊ ပညာပေးကဏ္ဍများ ထည့်သွင်းပြသခြင်းများ ပြုလုပ်ခဲ့ပါသည်။

အခမ်းအနားကျင်းပရခြင်း၏ရည်ရွယ်ချက်

ယနေ့မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ယာဉ်တိုက်မှုများမှာ အဘက်ဘက်မှ ပိုင်းဝန်းဆောင်ရွက်နေသည့်ကြားမှ လျော့နည်းကျဆင်းသွားခြင်းမရှိဘဲ တိုးတက်များပြားလာတာကို တွေ့မြင်ကြရမှာဖြစ်ပါတယ်။ ယာဉ်ကြောကျပ်တည်းမှု၊ ယာဉ်မောင်းများ၏ မဆင်ခြင်မှု၊ အရှိန်ပြင်းမောင်းနှင်မှု၊ လမ်းအသုံးပြုသူများ၏ စည်းကမ်းမဲ့မှု၊ အရက်သေစာသောက်စားမောင်းနှင်မှုတွေဟာ ယနေ့ယာဉ်တိုက်မှုတွေကို တိုးပွားလာစေတာပဲ ဖြစ်ပါတယ်။

"ယာဉ်တိုက်မှုကြောင့် သေဆုံးဒဏ်ရာရသူများ အမှတ်တရနေ့" ကျင်းပရခြင်းရဲ့ရည်ရွယ်ချက်ကတော့ ယာဉ်တိုက်ခံရသူများမှ ဖြစ်စဉ်များကိုပြန်လည်သတိရစေခြင်းမှသည် ဆင်ခြင်စရာ၊ လိုက်နာစရာ၊ ပြုပြင်စရာများကိုသင်ခန်းစာယူပြီး အခြားသူများ ယာဉ်အန္တရာယ်မှကင်းဝေးစေရေးအတွက် မျှဝေခံစားကာ ယာဉ်အန္တရာယ် လျော့နည်းကျဆင်းရေးအတွက် ပြည်သူတစ်ရပ်လုံးမှ ပါဝင်ဆောင်ရွက်ရေးဖြစ်ပါသည်။

ယာဉ်တိုက်မှုတွင်အရေးပါသော အချက်အလက်များ

- ယာဉ်တိုက်မှုအန္တရာယ်သည် ကမ္ဘာတစ်ဝန်းပြည်သူလူထုကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးကိုကြီးမားသော အဟန့်အတားဖြစ်စေပါသည်။
- နှစ်စဉ်ယာဉ်တိုက်မှုကြောင့်လူပေါင်း ၁ ဒသမ ၃ သန်းခန့် သေဆုံးနေရပြီး ၎င်းသန်းခန့်မှာမသန်မစွမ်းဖြစ်နေရသည်။
- ယာဉ်တိုက်မှုများ၏ ၉၀ ရာခိုင်နှုန်းမှာ ဝင်ငွေအလယ်အလတ်နှင့် ဝင်ငွေနည်းသောဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဖြစ်ပွား နေရသည်။
- အသက်(၁၅) နှစ်မှ(၂၉)နှစ်ရှိ လူငယ်များတွင် အဓိကသေဆုံးနေရမှုမှာ ယာဉ်တိုက်မှုကြောင့်ဖြစ်သည်။
- ကမ္ဘာပေါ်တွင်ယာဉ်တိုက်မှုကြောင့်သေဆုံးသူများတွင် ထက်ဝက်ခန့်မှာ လမ်းအသုံးပြုသူများ၊ စက်ဘီးနှင့် မော်တော်ဆိုင်ကယ်စီးနင်းသူများ ဖြစ်သည်။
- ယာဉ်တိုက်မှုကြောင့် မသန်မစွမ်းဖြစ်ရသူ နှစ်စဉ်သန်းပေါင်းများစွာရှိနေပြီး စီးပွားရေးဆုံးရှုံးမှုမှာ နှစ်စဉ် ဂျီဒီပီ၏ ၁ ရာခိုင်နှုန်း မှ ၃ ရာခိုင်နှုန်း အထိရှိကြောင်း တွက်ချက်ရပါသည်။

ယာဉ်အန္တရာယ်ကာကွယ်နိုင်ပါသည်။

- ယာဉ်တိုက်မှုအန္တရာယ်မှာ ခန့်မှန်းနိုင်ပြီး ကာကွယ်မှုလည်းပြုနိုင်ပါသည်။ဖွံ့ဖြိုးပြီးနိုင်ငံများမှာ ယာဉ်တိုက်မှုအန္တရာယ်ကိုထိရောက်စွာ ကာကွယ်တားဆီးနိုင်ပြီး ယင်းနိုင်ငံများတွင်ကျင့်သုံးလျှက်ရှိသော မူဝါဒများကို အခြားနိုင်ငံများအနေဖြင့် အတုယူလေ့လာ ဆောင်ရွက်နိုင်ပါသည်။
- ကမ္ဘာပေါ်ရှိအချို့သောနိုင်ငံများတွင် ယာဉ်တိုက်မှုလျော့နည်းကျဆင်းအောင်ဆောင်ရွက်နိုင်မှုမှာ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများ၊ ဌာနများ၊ လူမှုရေးအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်နိုင်ခြင်းကြောင့်ဖြစ်ပါသည်။
- အာဏာပိုင်အဖွဲ့အစည်းသာမက အစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGOs)၊ နိုင်ငံတကာအဖွဲ့အစည်းများ(INGO)၊ လူမှုရေးအဖွဲ့အစည်းများ ကလည်း ယာဉ်အန္တရာယ်ကင်းရှင်းရေးတွင် ပါဝင်ဆောင်ရွက်နိုင်ပါသည်။ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများ (ဥပမာ-အမျိုးသမီးရေးရာ၊ နာရေးကူညီမှုအသင်း) မှယာဉ်အန္တရာယ်ကင်းရှင်းရေး လူထုလှုပ်ရှားမှုများ၊ ကျောင်းပတ်ဝန်းကျင် ယာဉ်အန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများတွင် ဝင်ရောက်ဆောင်ရွက်နိုင်ပါသည်။
- ထိရောက်သောဥပဒေပြဋ္ဌာန်းခြင်းနှင့် အရေးယူဆောင်ရွက်ခြင်း၊ယာဉ်နှင့်လမ်းအန္တရာယ်ကင်းရှင်းရေး စီမံဆောင်ရွက်ခြင်းဖြင့် ယာဉ်အန္တရာယ်ဖြစ်ပွားခြင်းနှင့်ဖြစ်စဉ်များတွင် ထိခိုက်မှုလျော့နည်းကျဆင်းအောင်ပြုလုပ်နိုင်ပါသည်။
- ရှေးဦးသူနာပြုစုခြင်းနှင့် ဒဏ်ရာရသူများအား ထိရောက်စွာကုသမှုပေးခြင်းသည်လည်း ယာဉ်တိုက်မှုဖြစ်စဉ်တွင် အသက်အန္တရာယ်ဆုံးရှုံးခြင်းမှ ကာကွယ်မှုပေးနိုင်ပါသည်။
- ယာဉ်တိုက်မှုကြောင့် မသန်မစွမ်းဖြစ်ရသူများအား ထောက်ပံ့ပေးခြင်း၊တရားဥပဒေအရ စောင့်ရှောက်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးခြင်းများသည်လည်း ယာဉ်အန္တရာယ်ကြောင့်ဖြစ်ပေါ်လာသည့် နောက်ဆက်တွဲလူမှုပြဿနာများကို ကူညီဖြေရှင်းပေးရာရောက်ပါသည်။
- မူလတန်းအဆင့်၊ ကျောင်းနေအရွယ်ကလေးငယ်များ၏ သင်ရိုးညွှန်တမ်းတွင် ဖွံ့ဖြိုးရေးအချိန်များ၌ ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ စနစ်တကျလမ်းအသုံးပြုရေး၊ လမ်းညွှန်အမှတ်အသားများ သိရှိနားလည်ရေးတို့ကို ထည့်သွင်းပြဋ္ဌာန်းခြင်းဖြင့် ကလေးသူငယ်များသာမက မိဘဆရာများပါအကျိုးရှိစေမည်ဖြစ်ပါသည်။

"ယာဉ်တိုက်မှုကြောင့် သေဆုံးဒဏ်ရာရသူများ အမှတ်တရနေ့" ကျင်းပရခြင်းသည် ယာဉ်တိုက်မှုကြောင့် အသက်အိုးအိမ်စည်းစိမ် ပျက်စီးရုံသာမက နောက်ဆက်တွဲလူမှုရေးဆုံးရှုံးမှုများ၊ နိုင်ငံတော်စီးပွားရေးဆုံးရှုံးမှုများကို အများပြည်သူသိစေရန်ဖြစ်ပါသည်။

ယာဉ်တိုက်မှုမှရရှိသော ခါးသီးအတွေ့အကြုံများမှ သင်ခန်းစာယူ၍ အစိုးရသာမက လူမှုအဖွဲ့အစည်းများ၊ ပြည်သူများဝိုင်းဝန်းကူညီဆောင်ရွက်ခြင်းဖြင့် မိမိတို့နေထိုင်ရာဝန်းကျင်၊ မြို့ရွာ၊ နိုင်ငံတစ်ဝန်း၊ ကမ္ဘာသူကမ္ဘာသားများ၏ အသက်အန္တရာယ်ကို ကာကွယ်စောင့်ရှောက်နိုင်ရန် ဖော်ပြအပ်ပါသည်။ ။

ခြေတုလက်တုနှင့် အားပြုကိရိယာနည်းပညာဌာနသစ် ဖွင့်လှစ်

ရန်ကုန် ဇန်နဝါရီ ၁၇

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာသန်းအောင်သည် ယနေ့နံနက် ၉ နာရီတွင် အင်းစိန်မြို့နယ် အောင်ဆန်းရှိ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်(ရန်ကုန်)၌ ကျင်းပသော ခြေတုလက်တုနှင့် အားပြုကိရိယာနည်းပညာဌာနသစ် ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်၍ တာဝန်ရှိသူများနှင့်အတူ အဆိုပါဌာနကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဆိုင်းဘုတ်အား အမွှေးနံ့သာရည် ပက်ဖျန်းပေးသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာ နိုင်ငံတော်အနေဖြင့် ပြည်သူလူထု၏ကျန်းမာရေးကဏ္ဍ အဆင့်မြှင့်တင်ရေးလုပ်ငန်းများ တိုးတက်ဆောင်ရွက်လျက်ရှိရာ မသန်စွမ်းသူများအတွက်လည်း ရေရှည်တည်တံ့မည့် ပြန်လည်သန်စွမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မသန်စွမ်းသူများအား ပြည်သူလူထုအတွင်း ပုံမှန်ပါဝင်လှုပ်ရှားနိုင်ရေးအတွက် ခြေတုလက်တုနှင့် အားပြုကိရိယာနည်းပညာကျွမ်းကျင်ပညာရှင်များ မွေးထုတ်ပေးရန်လိုအပ်ပါကြောင်း၊ အဆိုပါ လိုအပ်ချက်အား ယနေ့ဖွင့်လှစ်လိုက်သည့် နည်းပညာဌာနအသစ်မှ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်တော့မည်ဖြစ်ပါကြောင်း၊ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်(ရန်ကုန်) အနေဖြင့်လည်း ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်နည်းပညာရှင်များဖြစ်သည့် အကြောအဆစ်ကျွမ်းကျင်ပညာရှင်များ၊ ဆေးဘက်ဆိုင်ရာ ဓာတ်ခွဲနည်းပညာရှင်များ၊ ဆေးဘက်ဆိုင်ရာ ဓာတ်မှန်နှင့် ပုံရိပ်ဖော်နည်းပညာရှင်များ မွေးထုတ်ပေးလျက်ရှိပါကြောင်း၊ ဆေးဘက်ဆိုင်ရာ နည်းပညာ မဟာသိပ္ပံဘွဲ့သင်တန်းများလည်း ဖွင့်လှစ်ပေးလျက်ရှိပါကြောင်း၊ ဤတက္ကသိုလ်၏ ဌာနအသစ်မှ မွေးထုတ်ပေးမည့် ခြေတုလက်တုနှင့် အားပြုကိရိယာနည်းပညာကျွမ်းကျင်ပညာရှင်များအနေဖြင့် နိုင်ငံတော်အစိုးရ၏ မသန်စွမ်းသူများအတွက် ပြန်လည်သန်စွမ်းရေးလုပ်ငန်းစဉ်များတွင် အရေးပါသူများအဖြစ် မသန်စွမ်းသူများနှင့် မိသားစုဝင်များအားကူညီပြီး ပြည်သူလူထုအကျိုးအတွက် ဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ထို့နောက် ဆေးသိပ္ပံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်တင်လေး၊ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာနိုင်ဝင်းတို့က နည်းပညာဌာနအသစ်ဖွင့်လှစ်ခြင်းလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး The Nippon Foundation မှ Executive Director Mr. Ohno Shuichi နှင့် Exceed မှ Chairman Mr. John Fisk တို့က မြန်မာနိုင်ငံနှင့် အရှေ့တောင်အာရှဒေသအတွင်း မသန်စွမ်းသူများအတွက် ပြန်လည်သန်စွမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားကြသည်။

ခြေတုလက်တုနှင့် အားပြုကိရိယာနည်းပညာဌာနသစ်အနေဖြင့် ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်(ရန်ကုန်နှင့်မန္တလေး)တို့မှ ပထမနှစ် အောင်မြင်ပြီးသူများအနက် စိတ်ပါဝင်စားသူ ၁၅ ဦးကို လူတွေ့နှုတ်ဖြေစစ်ဆေးရွေးချယ်ပြီး ဒုတိယနှစ်သင်တန်းသားများအဖြစ် စတင်သင်ကြားပေးမည်ဖြစ်ပြီး The Nippon Foundation နှင့် Exceed တို့မှလည်း လိုအပ်သည်များကို ကူညီပံ့ပိုးပေးလျက်ရှိကြောင်း သိရသည်။

(ကြေးမုံ)

ကယားပြည်နယ်နေ့အထိမ်းအမှတ် ကာယဗလမောင်နှင့် ကန္ဒရဝတီအလှမယ်ပြိုင်

လွိုင်ကော် ဇန်နဝါရီ ၁၇

၂၀၁၅ ခုနှစ် (၆၃)နှစ်မြောက် ကယားပြည်နယ်နေ့အထိမ်းအမှတ် ကာယဗလမောင်နှင့် ကန္ဒရဝတီအလှမယ်ပြိုင်ပွဲကို ဇန်နဝါရီ ၁၆ ရက် မွန်းတည့် ၁၂ နာရီက လွိုင်ကော်မြို့ မြို့တော်ခန်းမ၌ပြုလုပ်ရာ ကာယဗလမောင် ၁၅ ဦးနှင့် ကန္ဒရဝတီအလှမယ် ၁၆ ဦးတို့ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ ထိုမှ ကာယဗလမောင် ၁၀ ဦးနှင့် ကန္ဒရဝတီအလှမယ် ၁၀ ဦးတို့ကို ပဏာမရွေးချယ်ပြီး ဇန်နဝါရီ ၁၇ ရက်တွင် ဆက်လက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

ယနေ့ မွန်းတည့် ၁၂ နာရီတွင် ပဏာမရွေးချယ်ခဲ့သော ကာယဗလမောင်နှင့် ကန္ဒရဝတီအလှမယ်များကို သတ်မှတ်ထားသော ပြကွက်၊ စိတ်ကြိုက်ကိုယ်ဟန်ပြကွက်များဖြင့် ဆက်လက်ယှဉ်ပြိုင်ကြသည်။ ထို့နောက် ကာယဗလမောင်ပြိုင်ပွဲတွင် ဆုရရှိသူများအား ပြည်နယ်ဥပဒေချုပ် ဦးဌေးအောင်နှင့် ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဌေးတို့ကလည်းကောင်း၊ ကန္ဒရဝတီအလှမယ်ပြိုင်ပွဲတွင် ဆုရရှိသူများအား ပြည်နယ်စာရင်းစစ်ချုပ် ဒေါ်ကြည်ကြည်၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မြင့်ရွှေနှင့် တာဝန်ရှိသူများက ဆုများ အသီးသီးပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

ကယားပြည်နယ်(ပြန်/ဆက်)

(၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် လူရွေးပြိုင်ပွဲများကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၇

အားကစားဝန်ကြီးဌာနအနေဖြင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် မြန်မာ့အားကစားအဆင့်အတန်းတိုးတက်မြင့်မားရေးကို ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ၂၀၁၅ ခုနှစ် စင်ကာပူနိုင်ငံ၌ ကျင်းပမည့် (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာအားကစားအောင်မြင်မှုရရှိစေရေးအတွက် လူရွေးပြိုင်ပွဲများကို ယနေ့ နံနက် ၆ နာရီခွဲ၌ ဝဏ္ဏသိဒ္ဓိအားကစားကွင်းတွင် ပြုလုပ်ရာ အားကစားနှင့်ကာယပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်၊ ပြည်ထောင်စုဝန်ကြီးရုံး ရုံးအဖွဲ့မှူး ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသက်လွင်နှင့် တာဝန်ရှိသူများ သွားရောက်ကြည့်ရှုအားပေးကြသည်။

ရှေးဦးစွာ ဝဏ္ဏသိဒ္ဓိဘောလုံးကွင်းအတွင်း ပြုလုပ်လျက်ရှိသော မီတာ ၂၀၀၊ မီတာ ၄၀၀၊ မီတာ ၄၀၀ တန်းကျော်ပြေး၊ မီတာ ၈၀၀၊ သုံးဆင့်ခုန်၊ သံပြား၊ မီတာ ၃၀၀၀ တားဆီးကျော်၊ ကြိုးတပ်သံလုံးပစ်၊ တန်းမြင့်ခုန်ပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးခဲ့ပြီး အားကစားသမားများ၊ နည်းပြများ၊ တာဝန်ခံ အုပ်ချုပ်သူများအား ဆီးဂိမ်းစံချိန်များကို ရရှိစေရန်အတွက် အလေးထားကြိုးစားလေ့ကျင့်ဆောင်ရွက်သွားကြရန် မှာကြားခဲ့သည်။

ထိုမှတစ်ဆင့် ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများသည် ဝဏ္ဏသိဒ္ဓိရေကူးကန်သို့ သွားရောက်၍ အမျိုးသား၊ အမျိုးသမီး လူရွေးချယ်ပြိုင်ပွဲများ ယှဉ်ပြိုင်နေကြပုံများကို ကြည့်ရှုအားပေးခဲ့ကြသည်။

လူရွေးပွဲများအပြီးတွင် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ အမျိုးသား မီတာ ၂၀၀ အလွတ်ကူးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား ပြည်ထောင်စုဝန်ကြီးရုံးရုံးအဖွဲ့မှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးကလည်းကောင်း၊ အမျိုးသားမီတာ ၅၀ လိပ်ပြာကူးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသက်လွင်က လည်းကောင်း အသီးသီးဆုများချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

K Future Co., Ltd

ဖုန်း - ၀၁-၅၅၃၇၃၇/ ၀၉-၇၃၀၉၆၆၆၆/ ၀၉-၇၃၀၆၄၄၄

- **Medicine Representative** — ကျား/မ ၂ ဦး
  MB.,BS/ BDS/ B.Pham ဘွဲ့ရလုပ်ငန်းအတွေ့အကြုံ ၃နှစ် ရှိသူ
- **Marketing Supervisor** — ကျား/မ ၂ ဦး
  ဘွဲ့ရ၊ Marketing Certificate/ Diploma ရရှိထားသူ ဦးစားပေးမည်။ မီးပြိမ်းသတ်ရေးပစ္စည်းကိရိယာများ နှားလည် တတ်ကျွမ်းပြီး လုပ်ငန်းအတွေ့ အကြုံ ၃နှစ်ရှိသူ၊ ရုံးလုပ်ငန်း ဆိုင်ရာများနှားလည် တတ်ကျွမ်းပြီး ခရီးသွားနိုင်ရမည်။ Internet/ E-mail/ Power point အသင့်အတင့် တတ်ကျွမ်းရမည်။ အသက် ၃၀-၄၀နှစ်ကြား
- **ဆေးဝါးကျွမ်းကျင်** — ကျား/မ ၁ ဦး
  B.Pharm/ B.Med ဘွဲ့ရ၊ အသက် ၂၅-၃၅ နှစ်ကြား
- **Marketing Staff** — ကျား/မ ၂ ဦး
  ဘွဲ့ရ၊ အသက် ၂၀-၃၅နှစ်ကြား။ ခရီးသွားနိုင်ရမည်။
- **Driver** — ကျား ၁ ဦး
  အသက် ၃၅-၄၅နှစ်ကြား။ အိမ်စီးကားမျိုးစုံ မောင်းနိုင်သူ၊ Manual နှင့် Auto မောင်းနိုင်သူ၊ ခရီးသွားလာနိုင်သူ၊ အချိန်ပိုနှင့် ရုံးပိတ်ရက်များတွင်လည်း မောင်းနှင်နိုင်ရမည်။

တနင်္သာရီတိုင်းဒေသကြီး၊ စုံစင်ရာဘာခြံတွင် တာဝန်ထမ်းဆောင်ရန်-

- **မြိမန်နေကျာ** — ကျား ၁ ဦး
  စိုက်ပျိုးရေးဘွဲ့ရ၊ ရာဘာခြံလုပ်ငန်းအတွေ့အကြုံရှိသူ၊ မြိတွင် နေထိုင်နိုင်သူ၊ အနည်းဆုံးလုပ်သက် ၅ နှစ်ရှိရမည်။ အသက် ၃၅- ၄၅ နှစ်ကြား

လျှောက်ထားလိုသူများသည် လိုအပ်သောစာရွက်စာတမ်း အထောက်အထား မိတ္တူများ နှင့်အတူ ကြော်ငြာပါသည့်နေ့မှစ၍ နစ်ပတ်အတွင်း လာရောက် လျှောက်ထား နိုင်ပါသည်။

Certificate in

TEYLT

STI MYANMAR UNIVERSITY

"အင်္ဂလိပ်ဘာသာဆရာဖြစ် သင်တန်း"

www.stiedu.net

- အင်္ဂလိပ်ဘာသာဆရာဖြစ် သင်တန်းဖြစ်ပါသည်။ သင်တန်းပြီးဆုံးပါက ကမ္ဘာတဝှမ်းလုံးတွင် အင်္ဂလိပ်ဆရာအဖြစ် အသက်မွေးနိုင်ပါသည်။
- ကလေးသူငယ်နှင့် ဆယ်ကျော်သက်အရွယ်အင်္ဂလိပ်ဘာသာသင်ကြားပို့ချသူများအတွက် ဆရာဖြစ်သင်တန်းဖြစ်ပါသည်။
- ဝါရင့်နည်းပြများနှင့် Professional Trainer များမှ သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းကာလ (၃)လ ကြာမြင့်ပါမည်။
- သင်တန်းပြီးဆုံးပါက LTTC-UK မှ အောင်လက်မှတ် ရရှိပါမည်။

ENROLL NOW!

No.377, အထက်ရွှေတုံသာလမ်း, ပန်းဘဲတန်းမြို့နယ်, ရန်ကုန်
Block-10, MICT Park, လှိုင်တက္ကသိုလ်, လှိုင်မြို့နယ်, ရန်ကုန်

Tel: 377988, 507151/52
09 420254872, 09250064451

ပြည်တွင်းရေးရာ

✱ ကျောဖုံးမှ

ဘဝအာမခံချက်မရှိဘဲ နစ်နာမှုများသာ ကြုံရသည်ဟု သိရသည်။ မြန်မာနိုင်ငံ အစိုးရ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံရုံးတို့က ကြိုးစားဆောင်ရွက်မှုတွင် မြန်မာနိုင်ငံသားမှန်ကန်ကြောင်း စိစစ်ဆောင်ရွက်ပြီးနောက် မြန်မာနိုင်ငံသို့ အမြန်ဆုံးပြန်လည်ခေါ်ယူနိုင်ရေးကို ဆောင်ရွက်ခဲ့ကြသည်။ ယင်းအပြင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာနတို့က ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံ ကမ္ဘောဇအုပ်စုနှင့် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းလိုင်း (MAI)တို့ကလည်း မြန်မာရေလုပ်သားဒုက္ခသည်များ ပြန်လည်ခေါ်ယူရာတွင် အခမဲ့လေယာဉ်စီစဉ်လျှာဒါန်းပေးခြင်းပင်ဖြစ်သည်။

"ပင်လယ်ထဲမှာ မုန်တိုင်းကြောင့် မျောပါသွားတာဆိုပြီး အကြောင်းအမျိုးမျိုးကြောင့် အိန္ဒိယရေပိုင်နက်ထဲရောက်ရှိထိန်းသိမ်းခံရတဲ့ ရေလုပ်သားတွေကို ပြန်လည်ခေါ်ယူတဲ့အခါမှာ စုစုပေါင်း ၃၉၇ ဦးမှာ ဇန်နဝါရီ ၁၇ ရက်မှာ ၁၅၀ လိုက်ပါလာမှာ ဖြစ်ပါတယ်။ ဒီနေ့ခေါ်ယူမှုအတွက် MAI နဲ့ KBZ Group က အခမဲ့လျှာဒါန်းဆောင်ရွက်ပေးတာဖြစ်ပြီး ဇန်နဝါရီ ၁၈ ရက်နဲ့ ၁၉ ရက်မှာ ရောက်ရှိလာမယ့်သူတွေကိုတော့ နိုင်ငံတော်အစိုးရ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘတ်ဂျက်နဲ့ ပြန်လည်ခေါ်ယူခဲ့တာပဲဖြစ်ပါတယ်။ အရင်က ဒီလိုပြန်လည်ခေါ်ယူရေးတွေကို ဆောင်ရွက်ခဲ့ပါတယ်။ သင်္ဘောနဲ့ခေါ်ယူခဲ့ရာမှာ

ဦးချွမ်ဟရဲ (ညွှန်ကြားရေးမှူး) ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန

ကြာမြင့်မှုရှိပေမယ့် လေယာဉ်နဲ့ ခေါ်ယူနိုင်တာကတော့ မိသားစုတွေနဲ့ မြန်မြန်ဆန်ဆန်တွေ့ဆုံနိုင်မှာပါ"ဟု ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူး (နေပြည်တော်) ဦးချွမ်ဟရဲက ပြောသည်။

အိန္ဒိယရေပိုင်နက်ရောက် မြန်မာရေလုပ်သားဒုက္ခသည်များကို အခမဲ့ခေါ်ယူပေးခဲ့သည့် KBZ Group နှင့် MAI တို့ကလည်း ၂၀၁၃ ခုနှစ် ဇူလိုင် ၁၀ ရက်က ၁၂၃ ဦးကို အိန္ဒိယနိုင်ငံ ပို့ဘလဲမြို့မှ အခမဲ့ခေါ်ယူ ဆောင်ရွက်ပေးခဲ့ပြီး ယခုတစ်ကြိမ်တွင် ၁၅၀ ခေါ်ဆောင်ပေးခဲ့ခြင်း ဖြစ်သည်။ အဆိုပါရေလုပ်သားများ အပြင် မလေးရှားရောက် မြန်မာလုပ်သားများ အတွက်ကိုလည်း ၂၀၁၃ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်တွင် ၁၀ ကြိမ်တိတိ အခမဲ့လေယာဉ်ခရီးစဉ် လျှာဒါန်းဆောင်ရွက်ပေးခဲ့သည်ဟု သိရသည်။

"KBZ group ရဲ့ လျှာဒါန်းမှုအစီအစဉ်ပေါ့။ KBZ group နဲ့ MAI က ပူးပေါင်းလျှာဒါန်းတာပါ။ KBZ အနေနဲ့ လျှာဒါန်းမှုမှာ ကိုယ့်နိုင်ငံအတွက်ဆိုရင် ရက်ရက်ရောရော ရှိခဲ့ပြီး တစ်ထောင့်တစ်နေရာမှ ပါဝင်ခွင့်ရတဲ့အတွက် အရမ်းလည်းဝမ်းသာပါတယ်။ ဂုဏ်ယူပါတယ်။ လေကြောင်းလိုင်းရှိတဲ့အတွက်ကြောင့် ပြည်ပမှာ ဒုက္ခရောက်နေတဲ့ကိုယ့်နိုင်ငံသားတွေကို ရှေ့ဆက်ပြီးလည်း တစ်တပ်တစ်အားပါဝင်ကူညီ ဆောင်ရွက်မှုတွေ လုပ်သွားမယ်လို့ ပြောချင်ပါတယ်" ဟု

မြန်မာရေလုပ်သား ဦးဆန်းညွှန့်နှင့် မိသားစုဝင်များ

အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းလိုင်း (MAI) မှ လက်ထောက်အထွေထွေမန်နေဂျာ ဒေါ်အေးမရသာ (Marketing & Public Relations) က ပြောသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပရောက် မြန်မာနိုင်ငံသားများ၏ အရေးကိစ္စများကို စိတ်ပါဝင်စားစွာ ဆောင်ရွက်လျက်ရှိပြီး ပြည်ပရောက် မြန်မာလုပ်သားဒုက္ခသည်များ အရေးကိစ္စကို ဆောင်ရွက်ပေးသည့်အတွက် ပြည်တော်ပြန်မြန်မာလုပ်သား ဒုက္ခသည်များက ကျေးဇူးတင်ဝမ်းသာလျက်ရှိသည်။

ပြည်တော်ပြန် ရေလုပ်သားများကို အစိုးရအစီအစဉ်ဖြင့် သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးတို့သို့ ပို့ဆောင်ပေးရန် ကြိုဆိုရေးအစီအစဉ်များအပြင် ရန်ကုန်ရောက် မိသားစုဝင်အချို့ကလည်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် လာရောက်ကြိုဆိုနေကြသည်။ မိသားစုဝင်များ စောင့်မျှော်နေကြသော အသက် ၅၀ ကျော်အရွယ် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းဇာတိ ဦးဆန်းညွှန့်၏ အိမ်အပြန် ခံစားချက်မှာလည်း "မိသားစုတွေက သေလားရှင်လား

ဒေါ်အေးမရသာ (MAI)

မသိဖြစ်နေရာကနေ အခုလို ပြန်ရောက်လာတာ ပြန်တွေ့ရတော့ အတိုင်းမသိဝမ်းသာရတာပေါ့ဗျာ။ လေး၊ ငါးနှစ်လောက်ရှိပြီလေ။ ပင်လယ်ထဲမှာ မျောပါသွားတာ၊ ရေပိုင်နက်ကျော်ပြီး အဖမ်းခံရတာ။ ဟိုမှာ နေရတာကတော့ ဒီလိုပါပဲ။ အိမ်ပြန်ရတာကတော့ အတိုင်းမသိပါပဲ" ဟု ဆိုသည်။

ပြန်လည်ရောက်ရှိလာသော ရေလုပ်သားများတွင် ဧရာဝတီတိုင်းဒေသကြီးမှ အများဆုံးပါဝင်ကြောင်း သိရသည်။ ဇန်နဝါရီ ၁၇ ရက်တွင် ရောက်ရှိလာသော ရေလုပ်သား ၁၅၀ တွင် ဧရာဝတီတိုင်းဒေသကြီးမှ ၁၂၈ ဦး၊ ရခိုင်ပြည်နယ်မှ ၁၉ ဦးနှင့် တနင်္သာရီတိုင်းဒေသကြီးမှ သုံးဦးတို့ ဖြစ်သည်။ ဆက်လက်၍ ဇန်နဝါရီ ၁၈ ရက်တွင် ရေ လုပ်သား ၁၅၀၊ ၁၉ ရက်တွင် ၉၆ ဦးတို့ကို အိန္ဒိယနိုင်ငံ ပို့ဘလဲမြို့မှ ရန်ကုန်မြို့သို့ ပြန်လည်ခေါ်ယူသွားမည် ဖြစ်သည်။

အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ၏ လမ်းညွှန်မှုဖြင့် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ခိုင်ဦးစီးသော မြန်မာကိုယ်စားလှယ်အဖွဲ့က အိန္ဒိယနိုင်ငံသို့ သွားရောက်ခေါ်ယူခဲ့ခြင်းဖြစ်ပြီး ရန်ကုန်လေဆိပ်တွင် ဌာနမှ တီရှပ်တစ်ထည်စီ၊ ကျားလုံချည်တစ်ထည်နှင့် မျက်နှာသုတ်ပုဝါတစ်ထည်၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ငွေကျပ် ၁၀၀၀၀ စီ၊ မြန်မာနိုင်ငံ ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်းမှ ငွေကျပ် ၁၀၀၀၀ စီ၊ MAI မှ အခမဲ့ လေယာဉ်အစီအစဉ်နှင့် တီရှပ်တစ်ထည်စီ ထောက်ပံ့ခဲ့ခြင်းအပြင် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများက ရန်ကုန်မြို့မှ နေရပ်အသီးသီးသို့ ပြန်လည်ပို့ဆောင်ရန် ကိုယ်စားလှယ်များ စေလွှတ်၍ ခရီးစရိတ်၊ စားစရိတ်များ ထောက်ပံ့စီစဉ်ပေးခဲ့ကြောင်း သိရသည်။

သတင်း - အိရ္ဓေစင်ဝင်း
ဓာတ်ပုံ - ခင်မောင်ဝင်း

ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ခွင့်ရ မြန်မာအသင်း ပြင်ဆင်မှုများစွာပြုလုပ်မည်

သတင်းနှင့်ဓာတ်ပုံ - ချစ်ကိုကို

ရန်ကုန် ဇန်နဝါရီ ၁၇

နယူးဇီလန်နိုင်ငံတွင် ကျင်းပမည့် ၂၀၁၅ ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာယူ-၂၀ အသင်းနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲ၊ စပွန်ဆာစာချုပ်ချုပ်ဆိုပွဲကို ယမန်နေ့ညပိုင်းက ပြည်လမ်းရှိ Novotel ဟိုတယ်တွင် ကျင်းပရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်နှင့် အမှုဆောင်များ၊ မြန်မာ ယူ-၂၀ အသင်းမှ အုပ်ချုပ်/နည်းပြများနှင့် ကစားသမားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ မြန်မာယူ-၂၀ အသင်း၏ ပြင်ဆင်မှုများအား ရှင်းလင်းပြောကြားပြီး စပွန်ဆာစာချုပ်များ ချုပ်ဆိုကြသည်။ ယင်းနောက် မီဒီယာများက သိလိုသည်များကို မေးမြန်းရာ အသင်းနည်းပြချုပ် ဂတ်ဖရိုင်းဒရစ်နှင့် ကစားသမားများက ဖြေကြားကြသည်။

မြန်မာယူ-၂၀ အသင်းသည် ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲမတိုင်မီ ပြင်ဆင်မှုများစွာပြုလုပ်မည်ဖြစ်ပြီး ပထမဆုံးခရီးစဉ်အဖြစ် တူရကီနိုင်ငံတွင် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားရန် ထွက်ခွာသွားပြီဖြစ်သည်။ မြန်မာယူ-၂၀ အသင်းသည် ယင်းခရီးစဉ်အတွင်း ခြေစမ်းပွဲ ၎င်းပွဲကစားမည် ဖြစ်ပြီး ဇန်နဝါရီ၁၉ ရက်တာဂျစ်ကစ္စတန် ကလပ် Taraz အသင်း၊ ဇန်နဝါရီ ၂၁ ရက်တွင် အဇာဘိုင်ဂျန် ယူ-၂၁ အသင်း၊ ဇန်နဝါရီ ၂၄ ရက်တွင် အီရန် ယူ-၂၂ လက်ရွေးစင်အသင်းတို့နှင့် ကစားမည်ဖြစ်ကာ ဇန်နဝါရီ ၂၇၊ ၂၉ ရက်များတွင် ကစားမည့် ခြေစမ်းပွဲများ အတွက် ဂျာမနီ၊ ရိုမေးနီးယားတို့မှ ကလပ်အသင်းများနှင့် ညှိနှိုင်းလျက်ရှိသည်။ ထို့ပြင် ဖေဖော်ဝါရီလအတွင်း၌ မန္တလေးမြို့တွင် ဖိတ်ခေါ်ပြိုင်ပွဲ တစ်ခုကျင်းပရန် စီစဉ်လျက်ရှိသည်။ ယင်းပြိုင်ပွဲကို ဖိဂျီယူ-၂၀ အသင်း၊ ဥဇဘက်ကစ္စတန် ယူ-၂၀ အသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်ပြီး ဥရောပထိပ်သီးအသင်းများဖြစ်သည့် ဆားဘီးယား၊ ပေါ်တူဂီ၊ ယူကရိန်း၊ ဟန်ဂေရီတို့အပြင် ဩစတြေးလျ ယူ-၂၀ အသင်းတို့ကို ဖိတ်ကြားထားသည်။ ဩစတြေးလျ အသင်းမှလွဲ၍ ကျန်အသင်းများမှာ ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲ ယှဉ်ပြိုင်ခွင့်ရရှိသည့် အသင်းများဖြစ်ပြီး အသင်းလေးသင်းမှ ခြောက်သင်းအထိ ကျင်းပရန် စီစဉ်ထားသည်။

ယင်းပြိုင်ပွဲအပြီးတွင် လေ့ကျင့်မှုများ ဆက်လက်ပြုလုပ်မည်ဖြစ်ပြီး ဧပြီလ တစ်လလုံး အင်္ဂလန်နှင့်ဂျာမနီနိုင်ငံများသို့ တစ်လကြာသွားရောက်ကာ ထိပ်သီးအသင်းများနှင့်ခြေစမ်းမည်ဖြစ်သည်။ မေ ၄ ရက်မှ ၁၁ ရက်အထိ ရန်ကုန်မြို့တွင် ဖိတ်ခေါ်ပြိုင်ပွဲ တစ်ခု ထပ်မံကျင်းပရန် စီစဉ်ထားပြီး ဩစတြေးလျနိုင်ငံတွင်မေ ၁၄ ရက်မှ ၂၄ ရက်အထိ သွားရောက်လေ့ကျင့်မည်ဖြစ်သည်။ ထို့ပြင် ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲ အိမ်ရှင်နိုင်ငံဖြစ်သည့် နယူးဇီလန်နိုင်ငံတွင် တစ်ပတ်ကြိုတင်လေ့ကျင့်ရန် စီစဉ်ထားကြောင်း သိရသည်။

၂၀၀၀ ပြည့်နှစ်မှ ၂၀၁၄ ခုနှစ်အတွင်း အိန္ဒိယနိုင်ငံရောက် မြန်မာရေလုပ်သားဒုက္ခသည် ၅၃၁၂ ဦး မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ယူနိုင်ခဲ့

မြန်မာ့ပင်လယ်ပြင်မှ အကြောင်းအမျိုးမျိုးကြောင့် အိန္ဒိယနိုင်ငံ ရေပိုင်နက်အတွင်းသို့ ရောက်ရှိထိန်းသိမ်းခံထားရသော မြန်မာရေလုပ်သား ရေမျောဒုက္ခသည်များအား မြန်မာနိုင်ငံသို့ပြန်လည်ခေါ်ယူနိုင်ခဲ့မှုမှာ ၂၀၀၀ ပြည့်နှစ်မှ ၂၀၁၄ ခုနှစ်အထိ စုစုပေါင်း ၅၃၁၂ ဦးကို ပြန်လည်ခေါ်ယူနိုင်ခဲ့ကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ သိရသည်။

မြန်မာ့ပင်လယ်ပြင်တွင် ငါးဖမ်းလုပ်ငန်းဆောင်ရွက်နေကြသည့် မြန်မာရေလုပ်သားများမှာ မုန်တိုင်းကဲ့သို့သော သဘာဝဘေးအန္တရာယ်အမျိုးမျိုးနှင့် အခြားသော အကြောင်းအရာတို့ကြောင့် အိန္ဒိယနိုင်ငံ ရေပိုင်နက်အတွင်းသို့ ရောက်ရှိထိန်းသိမ်းခံရမှုများကို မြန်မာနိုင်ငံသို့ပြန်လည်ခေါ်ယူခဲ့ရာတွင် ၂၀၀၀ ပြည့်နှစ်မှ ၂၀၁၄ ခုနှစ်အထိ ၅၃၁၂ ဦးရှိခဲ့ပြီး ယခု ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁၇၊ ၁၈၊ ၁၉ ရက်တို့တွင် အိန္ဒိယနိုင်ငံ ပို့ဘလဲမြို့မှ ပြန်လည်ခေါ်ယူနိုင်ခဲ့သည့် ဒုက္ခသည် မြန်မာရေလုပ်သား ၃၉၇ ဦးအပါအဝင် စုစုပေါင်း ၅၇၀၈ ဦးကို ခေါ်ယူကယ်တင်နိုင်ခဲ့ကြောင်း ကယ်ဆယ် ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူး (နေပြည်တော်) ဦးချွမ်ဟရဲ၏ ပြောကြားချက်အရ သိရသည်။

ယင်းသို့ ပြန်လည်ခေါ်ယူခဲ့ရာတွင် ယခင်က သင်္ဘောခရီးစဉ်ခေါ်ယူခဲ့ပြီး အစိုးရသစ်လက်ထက်တွင် လေယာဉ် ခရီးစဉ်ဖြင့် ခေါ်ယူပေးနိုင်ခဲ့သည်ဟု သိရသည်။ မြန်မာရေလုပ်သားများ၏ ပြည်တော်ပြန်ခရီးစဉ်ကို ကမ်းခြေစောင့်သင်္ဘောဖြင့်ခေါ်ယူခဲ့မှုမှာ ၁,၆၃ ဦး၊ လေယာဉ်ဖြင့်ခေါ်ယူနိုင်ခဲ့မှုမှာ ၄၄၄၆ ဦးဖြစ်ကြောင်း စုစုပေါင်းလက်ရှိအချိန်အထိ အိန္ဒိယနိုင်ငံရောက် မြန်မာရေလုပ်သား ၅၃၀၈ ဦးကို ပြန်လည်ခေါ်ယူနိုင်ခဲ့ကြောင်း သတင်းရရှိသည်။ **(၀၀၁)**

○ဒုတိယဝိုင်းမှ

အဖွင့်ပွဲတွင် ဇေယျာရွှေမြေကိုသရေကစားထားသည့် ဇွဲကပင်အသင်းမှာ ယခုပွဲတွင် ဦးဆောင်ဝိုး စတင်သွင်းယူနိုင်ခဲ့သော်လည်း အရှုံးနှင့်ရင်ဆိုင်ခဲ့ရသည်။ ဧရာဝတီအသင်းမှာမူ နှစ်ပွဲဆက် အနိုင်ရလဒ်နှင့် ယခု ဒုတိယနေရာတွင် ဆက်လက်ရပ်တည်နိုင်ခဲ့သည်။

ပွဲအစ ၎င်းမိနစ်မှာပင် ထောင့်ကန်ဘောမှ တစ်ဆင့် ချာဂန်က ခေါင်းတိုက်သွင်းယူခဲ့သောကြောင့် ဇွဲကပင်ဦးဆောင်ဝိုးစရခဲ့သည်။ ဧရာဝတီအသင်းမှာ ခြေပဝိုးရရှိရန် ကြိုးပမ်းခဲ့သော်လည်း ဇွဲကပင်နောက်တန်းကို မကျော်နိုင်၍ ပထမပိုင်းတွင် တစ်ဝိုးဖြင့် ရှုံးနိမ့်နေခဲ့သည်။ ဒုတိယပိုင်းအစတွင် ပြည်ဖြိုးဦးနှင့်အောင်ကျော်နိုင်တို့ဝင်လာ၍ ဧရာဝတီတိုက်စစ် ပိုကောင်းလာပြီး ၅၉ မိနစ်တွင်အသင်းခေါင်းဆောင် မင်းမင်းသူက ခြေပဝိုးပြန်သွင်းခဲ့သည်။ အသစ်ခေါ်ထားသည့် ရတနာပုံတိုက်စစ်မှူးဟောင်းဖွန်ဆီကာ ဝင်လာသည့်နောက်ပိုင်းတွင် ဧရာဝတီအသင်း၏ ပွဲဖြစ်သွားပြီး ၇၉ မိနစ်တွင် မိုးဝင်းနှင့် ၈၆ မိနစ်တွင် ဖွန်ဆီကာတို့က သွင်းယူပေးခဲ့သည်။

(သုဝဏ္ဏကွင်း)
ဧရာဝတီ -သုံးဝိုး
(မင်းမင်းသူ၊ မိုးဝင်းနှင့်ဖွန်ဆီကာ)
ဇွဲကပင် - တစ်ဝိုး (ချာဂန်)
(မုံရွာကွင်း)
ကမ္ဘောဇ -နှစ်ဝိုး (ဖိုလန်)

ဇေယျာရွှေမြေ-ဝိုးမရှိ
(YUSC ကွင်း)
ရန်ကုန် - တစ်ဝိုး(ဆီဇာ)
ဟံသာဝတီ - ဝိုးမရှိ
ယနေ့ပွဲ
(သုဝဏ္ဏကွင်း) - ရခိုင်-မကွေး
(အောင်ဆန်းကွင်း) ချင်း - မနောမြေ
(ပေါင်းလောင်းကွင်း) နေပြည်တော် - ရတနာပုံ

မြန်မာနိုင်ငံ၏ (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ကမ္ဘာနိုင်ငံများမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများပေးပို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ကမ္ဘာနိုင်ငံများမှ နိုင်ငံ့အကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများပေးပို့လျက်ရှိကြသည်။

မော်ရီတေးနီးယား အစ္စလာမ်မစ်သမ္မတနိုင်ငံ

သမ္မတ ဦးသိန်းစိန်ထံသို့ မော်ရီတေးနီးယား အစ္စလာမ်မစ်နိုင်ငံသမ္မတ မစ္စတာ မိုဟာမက်အူးလ် အဗ္ဒဒဲလ် အဇစ်ထံမှ ပေးပို့သော သဝဏ်လွှာတွင် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်ထံသို့ မိမိအနေဖြင့် လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ အဆွေတော်ကျန်းမာပျော်ရွှင်ပါစေကြောင်းနှင့် ခင်မင်ရင်းနှီးဖွယ်မြန်မာပြည်သူပြည်သားများ ပိုမိုကြွယ်ဝတိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မိမိတို့နှစ်နိုင်ငံ ပြည်သူပြည်သားများ၏အကျိုးစီးပွားအတွက် နှစ်နိုင်ငံအကြား တည်ရှိပြီးဖြစ်သော ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုခိုင်မာတိုးတက်အောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည့် ကတိကဝတ်ကို အခွင့်ကြုံခိုက်ထပ်လောင်းဖော်ပြအပ်ပါသည်။

ကူဝိတ်နိုင်ငံ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ကူဝိတ်နိုင်ငံဘုရင် ရှိတ်ဆာဘားအယ်လ်အာမက်အယ်လ်ဂျာဘားအယ်လ် ဆာဘားထံမှ ပေးပို့သောသဝဏ်လွှာတွင် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယတွင်မိမိအနေဖြင့် လှိုက်လှဲစွာ ဝမ်းမြောက် ဂုဏ်ယူပါကြောင်းနှင့် မိမိတို့နှစ်နိုင်ငံ ပြည်သူပြည်သားများအကြား ခင်မင်ရင်းနှီးသော ဆက်ဆံရေးသည် တိုးတက်ကောင်းမွန် အောင်မြင်နိုင်ပါစေကြောင်း အခွင့်အခါကြုံခိုက် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အဆွေတော် ဆက်လက်ကျန်းမာချမ်းသာပါစေကြောင်းနှင့် ခင်မင်ရင်းနှီးဖွယ် မြန်မာပြည်သူပြည်သားများ ဆတက်ထမ်းပိုး ကြွယ်ဝတိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အလားတူ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ကူဝိတ်နိုင်ငံ အိမ်ရှေ့မင်းသား ရှိတ်နာဝက်(ဖ) အယ်လ် အာမက် အယ်လ် ဂျာဘားအယ်လ်ဆာဘားထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

မော်လ်ဒိုက်သမ္မတနိုင်ငံ

မော်လ်ဒိုက်နိုင်ငံသမ္မတ မစ္စတာ အဗ္ဒဒှုလာယာမင် အဗ္ဒဒှုလ် ဂေယွန်းထံမှ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ပေးပို့သော သဝဏ်လွှာတွင် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယတွင် မိမိနှင့်အတူ မော်လ်ဒိုက်အစိုးရနှင့် ပြည်သူများက အဆွေတော်၊ မြန်မာနိုင်ငံတော်အစိုးရနှင့် မြန်မာပြည်သူပြည်သားများထံသို့ နွေးထွေးသော နှုတ်ခွန်းဆက်စကားများနှင့် ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

အဆွေတော် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်းနှင့် မြန်မာပြည်သူများလည်း တိုးတက်ကာ သာယာဝပြောပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ကမ္ဘောဒီးယားနိုင်ငံ

ကမ္ဘောဒီးယားနိုင်ငံဘုရင် နိုရိုဒွန် သီဟာမိုနီထံမှ သမ္မတ ဦးသိန်းစိန်ထံသို့ ပေးပို့သော လွတ်လပ်ရေးနေ့သဝဏ်လွှာတွင် ကမ္ဘောဒီးယားနိုင်ငံအစိုးရနှင့် ပြည်သူများကိုယ်စား မိမိအနေဖြင့် အဆွေတော်ထံသို့လည်းကောင်း၊ မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူများထံသို့လည်းကောင်း ဂုဏ်ယူကြောင်းသဝဏ်လွှာ ပေးပို့အပ်ပါသည်။ အဆွေတော် ကျန်းမာပျော်ရွှင်စေကြောင်းနှင့် မြန်မာပြည်သူများ ဆက်လက် ငြိမ်းချမ်းသာယာဝပြော တိုးတက်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ကမ္ဘောဒီးယားနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် နီးကပ်သော ဆက်ဆံရေးရှိသည့် နိုင်ငံများဖြစ်ကြပါသည်။ နှစ်နိုင်ငံအကြားရှိ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများသည် ဆက်လက်ရှင်သန်ကြီးထွားနေမည်ဟု မိမိအနေဖြင့် ခိုင်မာစွာ ယုံကြည်ပါသည်။

မက္ကဆီကိုပြည်ထောင်စုနိုင်ငံ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ မက္ကဆီကိုပြည်ထောင်စုနိုင်ငံသမ္မတ မစ္စတာ အန်ရစ်ခ် ပီညာ နီတိုထံမှပေးပို့သော သဝဏ်လွှာတွင် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယတွင် မက္ကဆီကိုအစိုးရနှင့် ပြည်သူပြည်သားများကိုယ်စား မိမိမှ အဆွေတော်ထံသို့ ဂုဏ်ယူဝမ်းမြောက်ကြောင်း ဆုမွန်ကောင်းပို့သလိုက်ပါသည်။

မိမိတို့နှစ်နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုများ ပိုမိုရရှိစေရန်အတွက် နှစ်နိုင်ငံအကြား တည်ရှိသည့် ချစ်ကြည်ရင်းနှီးမှုကို ခိုင်မာလာစေရန် မက္ကဆီကိုနိုင်ငံအနေဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အခွင့်အခါကြုံခိုက် ထပ်လောင်းအတည်ပြုအပ်ပါသည်။

ကာတာနိုင်ငံ

ကာတာနိုင်ငံဘုရင် ရှိတ်ခ်တာမင် ဘင်ဟာမက် အယ်လ် သာနီထံမှ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ပေးပို့သော သဝဏ်လွှာတွင် မြန်မာနိုင်ငံ၏လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်နှင့် မြန်မာပြည်သူများထံသို့ ကာတာနိုင်ငံ ပြည်သူများကိုယ်စား မိမိအနေဖြင့် လှိုက်လှဲစွာဝမ်းမြောက်ကြောင်းနှင့် အဆွေတော် ကျန်းမာပျော်ရွှင်ပါစေကြောင်း ဆုမွန်ကောင်းများပို့သအပ်ပါသည်။

မြန်မာပြည်သူများ ဆက်လက်ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုတောင်းအပ်ပါသည်။ အလားတူ ကာတာနိုင်ငံ ဒုတိယဘုရင် ရှိတ်ခ် အဗ္ဒဒှုလာ ဘင်ဟာမက် အယ်လ် သာနီထံမှ သမ္မတ ဦးသိန်းစိန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့ ရန်ကုန်မြို့သို့ ချစ်ကြည်ရေးခရီးရောက်ရှိ

ရန်ကုန် ဇန်နဝါရီ ၁၇

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၏ ဖိတ်ကြားချက်အရ ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဒေါက်တာချန်ယွီဟွာခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ယနေ့ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိကြသည်။

ဧည့်သည်တော် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များအား တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

ရုပ်သံလိုင်းသစ် ရှစ်လိုင်းစမ်းသပ်ထုတ်လွှင့်နိုင်ပြီ

လင်းခေး ဇန်နဝါရီ ၁၇

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် လင်းခေးမြို့ရှိ မြန်မာ့ရုပ်မြင်သံကြားနှင့် ထပ်ဆင့်လွှင့်စက်ရုံတွင် ထုတ်လွှင့်အား(100W)ရှိ ရုပ်သံလိုင်း(Channel) ရှစ်ခု ပါဝင်သော ROHDE AND SWARCH (DVB-T2) GERMANY စက်အမျိုးအစားအား ဇန်နဝါရီ ၁၃ ရက်က အဆိုပါ ထပ်ဆင့်လွှင့်စက်ရုံရှိ စက်ခန်း၌ တာဝန်ရှိသူများက လာရောက်တပ်ဆင်ပေးပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါ စက်ပစ္စည်းသစ်များကို ရှမ်းပြည်နယ် တောင်ကြီးမြို့မှ အင်ဂျင်နီယာ ဦးဝင်းထွန်း ဦးဆောင်သော စစ်ကိုင်း(တာဝါဇုန်)အဖွဲ့က တာဝန်ယူကာ လာရောက်တပ်ဆင်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ စက်ပစ္စည်းသစ်များအား ဇန်နဝါရီ ၁၀ ရက်မှစတင်တပ်ဆင်ခဲ့ပြီး ၁၃ ရက်တွင် ပြီးစီးခဲ့သည်။ ယင်းနေ့မွန်းတည့် ၁၂ နာရီမှ အသစ်ထပ်မံတပ်ဆင်လိုက်သည့်စက်ဖြင့် Channel လိုင်းသစ်များကို စတင်စမ်းသပ်ထုတ်လွှင့်ပေးနေပြီဖြစ်ပါကြောင်း လင်းခေးရုပ်သံထပ်ဆင့်လွှင့်စက်ရုံတာဝန်ခံ ဦးကျော်အောင်မိုးက ပြောကြားခဲ့သည်။

စမ်းသပ်ထုတ်လွှင့်ပေးလျက်ရှိသော စက်မှ ရုပ်သံလိုင်း ရှစ်လိုင်းအား ဖမ်းယူကြည့်ရှုနိုင်မည်ဖြစ်ပြီး ၎င်း ရုပ်သံလိုင်းများမှာ NRC Channel၊ Hluttaw Channel၊ Farmer Readers၊ MRTV၊ MITV၊ MRTV Sport-Channel နှင့် MRTV Entertainment Channel လိုင်းများ ဖြစ်ကြောင်း ၎င်းက ဆက်လက် ပြောကြားခဲ့သည်။

အလားတူ လင်းခေးခရိုင်အတွင်းရှိ ကျန်ရှိနေသေးသော မြို့နယ်များတွင်လည်း အဆိုပါစက်ပစ္စည်းများအား တာဝန်ရှိသူများက ဆက်လက်ကွင်းဆင်း၍ တပ်ဆင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ဆောင်းနှင်းလတ်(မြန်/ဆက်)

တပ်မတော်စခန်းများအား ကေအိုင်အေ(ကချင်)အဖွဲ့ လာရောက်နှောင့်ယှက်ပစ်ခတ်

နေပြည်တော် ဇန်နဝါရီ ၁၇

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် ဝါရှောင်၊ မံဝိန်း၊ မံတောင်၊ လောခွန်ယန်၊ ဆဲဒုံး၊ ဆီနင်ကူးဒေသအတွင်း နိုင်ငံတော်သယံဇာတများဖြစ်သည့် အဖိုးတန်သစ်များအား တရားမဝင်ခုတ်ယူရောင်းချရန် သစ်တင်ယာဉ်များ စုစည်းပြင်ဆင်ထားရှိမှုများကို လေကြောင်းကင်းထောက်မှုအရ သိရှိရသဖြင့် တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းဆောင်ရွက်ခြင်းကြောင့် သစ်တင်ယာဉ်ယန္တရားများ ဖမ်းဆီးရမိခဲ့သည်။

ထို့အပြင် မေခြမ်စ်ကမ်းတစ်လျှောက် နယ်မြေရှင်းလင်းခြင်းများ ဆက်လက်ဆောင်ရွက်ခဲ့ရာ မေခြမ်စ်အတွင်းဒေသအခေါ် ဂလုံကျွန်းတွင် တမံမြေဖို့၍ မြစ်ကြောင်းပြင်တစ်လျှောက် ဘက်ဟိုး၊ လုတ်ဒါနှင့် မြေသယ်ယာဉ်များဖြင့် တရားမဝင်ရွှေတူးဖော်ခြင်းလုပ်ငန်းများအား ကေအိုင်အေ(ကချင်)အဖွဲ့နှင့် တစ်ဖက်နိုင်ငံသားများ ပူးပေါင်းဆောင်ရွက်ရန် ပြင်ဆင်နေမှုများကို ဖမ်းဆီးရမိခဲ့သည်။

ယင်းသို့ ဖမ်းဆီးရမိခဲ့သည့် နေရာများတွင် တပ်မတော်စစ်ကြောင်းများက ယာယီစခန်းချ ခေတ္တအခြေပြုစဉ် ဇန်နဝါရီ ၁၄ ရက်၊ ၁၆ ရက်နှင့် ယနေ့တို့တွင် ကေအိုင်အေ(ကချင်)အဖွဲ့က လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လာရောက်နှောင့်ယှက်ပစ်ခတ်ခဲ့သည်။

ထိုသို့ လာရောက်ပစ်ခတ်ခြင်းများ ထပ်မံမဖြစ်ပွားစေရေးအတွက် တပ်မတော်စစ်ကြောင်းများက ခုခံကာကွယ်ပစ်ခတ်မှုများ ပြန်လည်ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

(မြဝတီ)

အရှိန်မထိန်းနိုင်သောဆိုင်ကယ် လမ်းဘေးရှိ သစ်ပင်အား ဝင်တိုက်မိ၍ လူတစ်ဦး သေဆုံး

နေပြည်တော် ဇန်နဝါရီ ၁၇

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ဟဲလုပ်ရွာနှင့် အောင်ချမ်းသာရွာအကြား ကလေး-ဂန့်ဂေါကားလမ်း၌ ဇန်နဝါရီ ၁၅ ရက် ညနေ ၃ နာရီ ၄၅ မိနစ်က ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ကလေးမြို့နယ် မြောက်စည်းနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့သည်။ စစ်ဆေးချက်အရ ကလေးမြို့မှ ကျော်ကျေးရွာဘက်သို့ မောင်းနှင်လာသော ကျော်ကျေးရွာနေ အောင်ကျော်ဖြိုး(၂၀)နှစ်မောင်းနှင်ပြီး ညီဖြစ်သူ ရန်ကျော်ဖြိုး(၁၈)နှစ် လိုက်ပါလာသည့် ကန်ဘို ၁၂၅ စိမ်းပြာရောင်ဆိုင်ကယ်သည် အရှိန်မထိန်းနိုင်ဘဲ ကားလမ်းဘေးရှိ ဆိပ်ဖြူပင်အား ဝင်ရောက်တိုက်မိခဲ့ကြောင်း သိရသည်။

ထိုသို့တိုက်မိမှုကြောင့် အောင်ကျော်ဖြိုးတွင် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့ပြီး ရန်ကျော်ဖြိုးတွင် ဒဏ်ရာများရရှိသွားခဲ့ကြောင်း သိရသည်။ **(ရဲပြန်ကြား)**

ဥတုရာသီ တောကိုမှီ၏

နည်းပညာ

HTC One M9 ပေါ်ထွက်မည့်ရက် ကြေညာ

ယခုနှစ် ဇန်နဝါရီ ၁၆ ရက်က ဘာစီလိုနာမြို့တွင် ကျင်းပသော Mobile World Congress ၂၀၁၅ တွင် HTC မှ ၎င်း၏ မိုဘိုင်းဖုန်းသစ် HTC One M9 ပေါ်ထွက်မည့်ရက်အား ကြေညာသွားကြောင်းအွန်လိုင်းသတင်းစာမျက်နှာများတွင် တွေ့ရသည်။ အဆိုပါဖုန်းကို ယခုနှစ် မတ်လ ၁ ရက်တွင် စတင်မိတ်ဆက်ပေးသွားရန် ရည်ရွယ်ထားသည်ဟု သိရသည်။ ယင်းဖုန်းကို အလူမိနီယံကိုယ်ထည်ဖြင့် တည်ဆောက်ထားပြီး အသံထွက်ပိုင်းဆိုင်ရာ အရည်အသွေးအထူးကောင်းမွန်သည့် နည်းပညာအသုံးပြုထားသည်ဟုဆိုသည်။ မျက်နှာပြင်အကျယ် ၅ ဒသမ ၂ လက်မရှိပြီးရုပ်ထွက်ကောင်းမွန်အောင် နည်းပညာအရည်အသွေးမြှင့်ထားသည်ဟု သိရသည်။ ကင်မရာအရည်အသွေးမှာ အဓိက ကင်မရာတွင် ၂၀ ဒသမ ၇ MP ရှိပြီးဒုတိယကင်မရာမှ ၁၃ MP အထိပါဝင်သည်ဟု သိရသည်။ ရေစိုဒဏ်ခံနိုင်ပြီး ဘက်ထရီစနစ်ပိုမိုကြာရှည်ခံစေရန် ပြုလုပ်ထားသည်ဟု အွန်လိုင်းသတင်းစာမျက်နှာများတွင် တွေ့ရသည်။ Android ၅ ဒသမ သုည Lollipop စနစ်ပါဝင်ပြီး ထူးခြားသည့် အာရုံခံစနစ်များအဆင့်မြင့်နည်းပညာ အသုံးပြုထားသည်ဟု သိရသည်။ ဓျေးနှုန်းသတ်မှတ်ချက် အတိအကျထုတ်ပြန်ထားခြင်းမရှိသေးဘဲဖုန်း၏စွမ်းဆောင်ရည်ပိုင်းအချို့ကိုသာ အွန်လိုင်းစာမျက်နှာများတွင် ဖော်ပြထားသည်။

နိုင်ငံသားလုပ်ငန်းပုံစံ ပြည်သွင်းကုညီဆောင်ရွက်မည့်သူများအား သင်တန်းဖွင့်လှစ်

လားရှိုး ဇန်နဝါရီ ၁၇

ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ဒေသခံတိုင်းရင်းသား ပြည်သူများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားလွယ်ကူချောမွေ့စွာရရှိရေး လားရှိုးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။ အဆိုပါပုံစံများဖြည့်သွင်းခြင်းလုပ်ငန်းအတွက် ဌာနဆိုင်ရာဝန်ထမ်းများဖြင့်သာမက ပြင်ပမှပါဌားရမ်းတာဝန်ပေးအပ်သွားမည်ဖြစ်ရာ နိုင်ငံသားလုပ်ငန်းပုံစံများ ဖြည့်သွင်းခြင်းသင်တန်းအား ဇန်နဝါရီ ၁၆ ရက်နံနက် ၉ နာရီတွင် တွဲဖက်ပြည်နယ် သင်တန်းခန်းမ၌ ပြုလုပ်သည်။

သင်တန်းဖွင့်ပွဲတွင် တွဲဖက်ပြည်နယ်မှူး ဒုတိယညွှန်ကြားရေးမှူး ဦးစောနိုင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး လားရှိုးဒုခရိုင်မှူးဦးဆောင်သည့် ဌာနဆိုင်ရာဝန်ထမ်းနည်းပြများက နိုင်ငံသားလုပ်ငန်းပုံစံများ ဖြည့်သွင်းခြင်းဆိုင်ရာများ ဆက်လက်ပို့ချပေးခဲ့သည်။ သင်တန်းသို့ လားရှိုး၊ သိန်းနီ၊ နမ္မတူ၊ သီပေါမြို့နယ်များမှ ပုံစံ ကုညီဖြည့်သွင်းခြင်းလုပ်ငန်းဆောင်ရွက်မည့် သင်တန်းသား သင်တန်းသူ ၅၁ ဦးတက်ရောက်ခဲ့ကြောင်း သိရသည်။

ဇော်လွင်(လားရှိုး)

မိုးရေချိန်စံချိန်သစ်

နေပြည်တော် ဇန်နဝါရီ ၁၇

ဇန်နဝါရီ ၁၇ ရက် နံနက် ၉ နာရီခွဲအချိန် တိုင်းထွာချက်အရ အောက်ဖော်ပြပါ စခန်း၌ ဇန်နဝါရီလ၏ ၂၄ နာရီအတွင်း ရွာသွန်းခဲ့သော မိုးရေချိန်စံချိန်သစ်ကို တိုင်းထွာရရှိခဲ့သည်။

မိုးရေချိန်စံချိန်သစ်

စဉ်	စခန်းအမည်	မိုးရေချိန်စံချိန်သစ်		မိုးရေချိန် စံချိန်ဟောင်း		ယခင် စံချိန်ကျိုးခဲ့သည့်နှစ်	စခန်းဖွင့်သည့် နှစ်မှစ၍ လွန်ခဲ့သောနှစ်ပေါင်း
		မီလီမီတာ	လက်မ	မီလီမီတာ	လက်မ		
၁။	ဟဲဟိုးမြို့	၂၄	၀. ၉၅	၁၃	၀. ၅၁	၂၈. ၁. ၂၀၀၈	၃၆

အရှေ့ပိုင်းဒေသများတွင် မိုးဆက်လက်ရွာမည်

နေပြည်တော် ဇန်နဝါရီ ၁၇

ယနေ့နံနက်၉နာရီခွဲအချိန်အထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ် လွန်ခဲ့သော ၂၄ နာရီအတွင်းက မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာအနှံ့ အပြား၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ ညအပူချိန်များမှာ တနင်္သာရီတိုင်းဒေသကြီးတွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၃ ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့ပြီး ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၇ ဒီဂရီစင်တီဂရိတ်မှ ၈ ဒီဂရီစင်တီဂရိတ်ထိ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်ထိ၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ထူးခြားသည့်ညအပူချိန်များမှာ ဟားခါးမြို့တွင် ၇ ဒီဂရီစင်တီဂရိတ်နှင့် မချမ်းဘောမြို့တွင် ၈ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် မိုးဆက်လက်ရွာမည်။

တူမီးသေနတ်ကိုင်ဆောင်သူအား အရေးယူထား

နေပြည်တော် ဇန်နဝါရီ ၁၇

စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ် ဘုက္ကန်ရဲကင်းရဲစခန်းမှတပ်ဖွဲ့ဝင်များနှင့် နယ်မြေခံတပ်မှ တပ်မတော်သားများပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁၅ ရက် ည ၈ နာရီခွဲက သက်သေများနှင့်အတူ လှည့်ကင်းဆောင်ရွက်နေစဉ် တမူးမြို့နယ် စွန်လည်ရွာသစ်ကျေးရွာလမ်းပေါ်တွင် အဆိုပါ ကျေးရွာနေ အောင်ဝင်းလှိုင်(ခ)ဝင်းလှိုင်(၄၈)နှစ်အား တူမီးသေနတ်တစ်လက်ကိုင်ဆောင်သွားလာနေသည်ကို တွေ့ရှိရသောကြောင့် ခမ်းပတ်နယ်မြေရဲစခန်းက (ပ) ၃/ ၂၀၁၅၊ လက်နက်ဥပဒေပုဒ်မ ၁၉(စ)ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

(ရဲပြန်ကြား)

ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ဒိုင်းမွန်းကွန်ဒို (ဘီ)၊ အခန်း (၁၂၀၅)တွင် တည်ရှိသော **VALENTIS RESOURCES COMPANY LIMITED** သည် အောက်ဖော်ပြပါကုန်အမှတ်တံဆိပ်ကို ရန်ကုန်မြို့၊ စာချုပ်စာတမ်းများ မှတ်ပုံတင်နံ့၌ တစ်ဦးတည်းမူပိုင်ကုန်အမှတ်တံဆိပ်အဖြစ် မှတ်ပုံတင်သွင်းပြီး ဖြစ်ပါသည်။

VALENTIS RESOURCES

(၄/၁၃၆၉၁/ ၂၀၁၄)

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်ကို အရောင်အသွေးအမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုးဖြင့်ပြုလုပ်ပြီး အောက်ဖော်ပြပါဝန်ဆောင်မှုလုပ်ငန်းများတွင် အသုံးပြုလျက်ရှိပါသည်။

"Scientific and technological services and research and design relating thereto; industrial analysis and research services; design and development of computer hardware and software and all services included in class 42"

မည်သူမဆို အဆိုပါကုန်အမှတ်တံဆိပ်ကို **VALENTIS RESOURCES COMPANY LIMITED**၏ တရားဝင်ခွင့်ပြုချက် တစ်စုံတစ်ရာမရရှိဘဲ အတုပြုလုပ်ခြင်း၊ ထင်ယောင်ထင်မှားပြုလုပ်ခြင်း၊ ဆင်တူယိုးမှားပြုလုပ်ခြင်း၊ တစ်နည်းနည်းဖြင့် တုပပြုလုပ်သုံးစွဲပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးသန်းဝင်း *B.A. (Law), LL.B., LL.M*
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၆၈)
MYANMAR TRADEMARK AND PATENT LAW FIRM
အမှတ်(၅၆၇)၊ အခန်း(၃၀၄)၊ တတိယထပ်၊ ကုန်သည်လမ်း
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၃၇၆၃၁၈ E-mail: mtpip@mptmail.net.mm

JUNE PHARMACEUTICAL LTD.
ငွေဆောင်နှင်း စပါးရလိုင်းနှား ရေညှိဆေးသနပ်ခါး
အသားအရေထိန်းသိမ်းပေးနိုင်သော သဘာဝ စပါးရလိုင်းနှား စိမ်းပြာ ရေညှိ နှင့် သနပ်ခါး ပါဝင်ခြင်းကြောင့် နေ့စဉ်မှန်မှန် သုံးပေးခြင်းဖြင့် တက်မြဲ တင်းတိပ်၊ မဲ့ခြောက် နှင့် နေလောင်ကွက်များကို ပျောက်ကင်းစေပြီး ခရမ်းလွန်ရောင်ခြည် နှင့် ဓါတုအလှကုန်ပစ္စည်းများကြောင့် ယျက်စီးသော အသားအရေကို ဆဲလ်အသစ်ဖြစ်ပေါ်စေခြင်းဖြင့် နမ့ျိ ကောင်းမွန်စေပါသည်။
ငွေဆောင်နှင်း
www.junepharmaceuticals.com
▸ Ygn: + 95 9 730 12000, 730 13000, 730 14000 ▸ Mdy: + 95 2 24490, 39985, 39725, 36122

မီးလောင်လျှင်

(က) ထွက်မပြေးပါနှင့်၊ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပါ။
(ခ) ကျိတ်မငြိမ်းသတ်ပါနှင့်၊ ပတ်ဝန်းကျင်သို့ အကူအညီတောင်းပါ။
(ဂ) ဝိုင်းဝန်းကြိုးစားငြိမ်းသတ်ပါ။
(ဃ) မီးသတ်တပ်ဖွဲ့နှင့် လုပ်သားပြည်သူများ အချိန်မီပူးပေါင်း ငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီး မဖြစ်နိုင်ပါ။

မီးသတ်ဦးစီးဌာန

စားသုံးရန်မသင့်သောအစားအသောက်များနှင့်ပတ်သက်၍ အများပြည်သူသိရှိရန် အသိပေးကြေညာချက်

ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များကို အများပြည်သူတို့စားသုံးနိုင်ရန် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသည်။

ဈေးကွက်များတွင် ရောင်းချလျက်ရှိသော အစားအသောက်များကို ဈေးများ၊ ကျောင်းမုန့်ဈေးတန်းများမှ ဝယ်ယူစစ်ဆေးရာ အောက်ဖော်ပြပါ အမှတ်တံဆိပ်များဖြင့်ထုတ်လုပ်သော အစားအသောက်များသည် စားသုံးရန်မသင့်သော အစားအသောက်များဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အစားအသောက်ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချသူများသည် အစားအသောက်တွင် သုံးစွဲရန်ခွင့်မပြုသော ဓာတုဆိုးဆေးများကို လုံးဝအသုံးမပြုရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက အမျိုးသားအစားအသောက် ဥပဒေပုဒ်မ ၂၈(က)အရ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း သတိပေးအပ်ပါသည်။

အမှတ်တံဆိပ်နှင့် အစားအသောက်အမျိုးအစားများ

စဉ်	အစားအသောက်အမည်	အမှတ်တံဆိပ်	စားသုံးရန်မသင့်သည့်အကြောင်း
၁။	တရုတ်ဆီးသီး	Miki-ko	Rhodamine B (ခွင့်မပြုဆိုးဆေး)
၂။	သစ်သီးယိုစုံ	တွင်ကျယ်	Sudan III (ခွင့်မပြုဆိုးဆေး)
၃။	အာဖျန်းအချိုရည် (Sour Spray Candy)	Sikoz	အမှတ်တံဆိပ်ဖော်ပြချက် မပြည့်စုံ
၄။	အာဖျန်းအချိုရည် (Spray Liquid Candy)	တရုတ်စာသားများဖြင့် ဖော်ပြထားသည်။	အမှတ်တံဆိပ်ဖော်ပြချက် မပြည့်စုံ

ကျန်းမာရေးဝန်ကြီးဌာန

Miki-ko အမှတ်တံဆိပ် တရုတ်ဆီးသီး

တွင်ကျယ် အမှတ်တံဆိပ် သစ်သီးယိုစုံ

Sikoz အမှတ်တံဆိပ်
အာဖျန်းအချိုရည် (Sour Spray Candy)

အာဖျန်းအချိုရည်
(Spray Liquid Candy)

(၁၈) ကြိမ်မြောက်အာဆီယံခရီးသွားလုပ်ငန်းဝန်ကြီးများအစည်းအဝေးနှင့်ဆက်စပ်အစည်းအဝေးများ
The 18th Meeting of ASEAN Tourism Ministers & Related Meetings
အာဆီယံခရီးသွားလုပ်ငန်းဖိုရမ် ၂၀၁၅
ASEAN Tourism Forum 2015
အာဆီယံ - ငြိမ်းချမ်းဝေစည်၊ တွဲလက်ညီ၊ ခရီးသွားလုပ်ငန်းဖြင့် အရောက်လှမ်းချီ
ASEAN: Tourism Towards Peace, Prosperity and Partnership
၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ (၂၂)ရက်နေ့မှ(၂၉)ရက်နေ့အထိ
22-29 January 2015
မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (၁) နှင့် (၂) နေပြည်တော်၊ မြန်မာ
Myanmar International Convention Centre I & II
Nay Pyi Taw, Myanmar

လယ်ယာသုံးစက်ကိရိယာများ စစ်ကိုင်း၊ မန္တလေး၊ မကွေးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့သို့ ပို့ဆောင်ဖြန့်ဖြူး

ရန်ကုန် ဇန်နဝါရီ ၁၇

သမဝါယမဝန်ကြီးဌာနမှ အရစ်ကျ ငွေချေစနစ်ဖြင့် ရောင်းချပေးမည့် Daedong လယ်ယာသုံးစက်ကိရိယာများတင်ဆောင်လာသော (First Shipment) ပထမအကြိမ် သဘော်လေးစင်းသည် လယ်ယာသုံးစက်ကိရိယာ ၁၆၀၀ ပါရှိလာပြီး ၂၀၁၄ ခုနှစ် ဒီဇင်ဘာလအတွင်း ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိခဲ့ပြီး ဖြစ်ကြောင်း၊ အဆိုပါစက်ကိရိယာများကို မန္တလေးတိုင်းဒေသကြီးသို့ ၂၂၅ စီး၊ စစ်ကိုင်းတိုင်းဒေသကြီးသို့ ၅၁၀ စီး၊ မကွေးတိုင်းဒေသကြီးသို့ ၄၀၆ စီးနှင့် ဧရာဝတီတိုင်းဒေသကြီးသို့ ၆၆ စီးပေးပို့ဖြန့်ဝေထားကြောင်း၊ အရစ်ကျစနစ်ဖြင့်ဝယ်ယူမည့် တောင်သူများအား စက်မောင်းနှင်သုံးစွဲနည်းနှင့် ယာဉ်ကြံ့ခိုင်ရေးထိန်းသိမ်းနည်းကို တစ်ဦးချင်း လက်တွေ့သင်ကြားပေးလျက်ရှိကြောင်းနှင့် မကြာမီ အသင်းသားပြည်သူများလက်ဝယ်သို့ စနစ်တကျ ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

Daedong လယ်ယာသုံးစက်ကိရိယာများကို အရစ်ကျစနစ်ဖြင့် ဝယ်ယူရန်စိတ်ပါဝင်စားသည့် သမဝါယမအသင်းသား လယ်သမားများသည် မိမိတို့သက်ဆိုင်ရာမြို့နယ် သမဝါယမဦးစီးဌာန၊ မြို့နယ်သမဝါယမအသင်းစု၊ တိုင်းဒေသကြီး/ပြည်နယ်သမဝါယမဦးစီးဌာနနှင့် သမဝါယမအသင်းစုချုပ်များသို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သမဝါယမကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနမှ သိရသည်။ **(ကြေးမုံ)**

ဩဇာဝတီတိုင်းဒေသကြီးတို့သို့ ပို့ဆောင်ဖြန့်ဖြူး

အကြမ်းဖက်မှုတိုက်ဖျက်ရေး ကင်မရွန်းနှင့် အိုဘားမား ဆွေးနွေး

ဝါရှင်တန် ဇန်နဝါရီ ၁၇

ဗြိတိန်နိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့သည် ပြည်တွင်းအကြမ်းဖက် အစွန်းရောက်ဝါဒတိုက်ဖျက်ရေးနှင့် လူမျိုးရေးခွဲခြားသောဝါဒ ကာကွယ်ရေးတို့အပေါ် သုံးသပ်ချက်များအား နှစ်နိုင်ငံအကြား မျှဝေကြမည်ဖြစ်ကြောင်း ယနေ့ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အမေရိကန်သမ္မတ ဘာရက်အိုဘားမားနှင့် အိမ်ဖြူတော်၌ တွေ့ဆုံဆွေးနွေးအပြီး ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းက ယင်းကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။ ၎င်းတို့နှစ်ဦးလုံးသည် ဖောက်ပြန်သော၊ တစ်ယူသန်သော အယူအဆများနှင့် ရင်ဆိုင်နေရကြောင်းလည်း သတိပေးခဲ့သည်။

အထူးတာဝန်ယူရသော အဖွဲ့များသည်ခြောက်လအတွင်း ခေါင်းဆောင်နှစ်ဦးထံသို့ ပြန်လည်အစီရင်ခံရမည်ဖြစ်သည်။

အိုင်အက်စ်စစ်သွေးကြွများအားတိုက်ခိုက်နေသည့် မြေပြင်တပ်ဖွဲ့များကို ကူညီရန် ဗြိတိန်နိုင်ငံက မောင်းသူမဲ့လေယာဉ်များ ပိုမိုဖြန့်ကြက်ပေးမည်ဟု ကင်မရွန်းကပြောသည်။

ဗြိတိန်ဝန်ကြီးချုပ်သည် သမ္မတအိုဘားမားနှင့်တွေ့ဆုံရန် ဝါရှင်တန်သို့ နှစ်ရက်ကြာ ရောက်ရှိနေသည်။ ဗြိတိန်တွင် မေလ၌ အထွေထွေရွေးကောက်ပွဲမကျင်းပမီ ဝါရှင်တန်သို့ သွားရောက်သည့် ယခုခရီးစဉ်သည် ၎င်း၏နောက်ဆုံးခရီးစဉ်ဖြစ်ဖွယ်ရာရှိသည်။

ဘာရက်အိုဘားမားက အိုင်အက်စ်နှင့် ပတ်သက်၍ပြောကြားရာတွင် ၎င်းတို့သည် အစ္စလာမ္မစ် တိုက်ခိုက်ရေးသမားများကို စနစ်တကျ ဖြိုခွင်းလျက်ရှိသည်ဟု ဆိုသည်။

အိမ်ဖြူတော်၌ ကျင်းပသော သတင်းစာရှင်းလင်းပွဲတွင် အိုဘားမားက ကင်မရွန်းကို မဟာမိတ်ဆွေကြီးတစ်ဦးဟု ခေါ်ဆိုခဲ့ ပြီး ကင်မရွန်းကလည်း အမေရိကန်ပြည်ထောင်စုသည် မိသားစုစိတ်ဓာတ်ရှိသည်ဟု ပြန်လည်ပြောဆိုခဲ့သည်။

၎င်းတို့နှစ်ဦး၏ ဆွေးနွေးပွဲသည် ပြင်သစ်နိုင်ငံ ပါရီမြို့၌ အကြမ်းဖက်တိုက်ခိုက်ခြင်းအပြီး ရက်သတ္တတစ်ပတ်အကြာတွင် ကျင်းပခဲ့ခြင်းဖြစ်သည်။ **ဘီဘီစီ။**

အရှေ့အလယ်ပိုင်းဒေသနိုင်ငံများအား စစ်ရေးနှင့်မသက်ဆိုင်သည့် ထောက်ပံ့ငွေ ဒေါ်လာ ၂ ဒသမ ၅ ဘီလီယံ ဂျပန်ပေးအပ်မည်

တိုကျို ဇန်နဝါရီ ၁၇

ဂျပန်နိုင်ငံသည် အရှေ့အလယ်ပိုင်းဒေသ နိုင်ငံများအား စစ်ရေးနှင့်မသက်ဆိုင်သည့် အကူအညီအဖြစ် အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ ဘီလီယံ ထောက်ပံ့ပေးမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်ရှင်ဇိုအာဘေးက ဇန်နဝါရီ ၁၇ ရက်တွင်ပြောကြားသည်။

အရှေ့အလယ်ပိုင်း ဒေသသို့ ခြောက်ရက်ကြာခရီးစဉ်အဖြစ်ရောက်ရှိနေစဉ် အီဂျစ်နိုင်ငံ၌ ဂျပန်ဝန်ကြီးချုပ်က အထက်ပါ အတိုင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ဝန်ကြီးချုပ်အာဘေးသည် အရှေ့အလယ်ပိုင်းခရီးစဉ်အတွင်း အီဂျစ်၊ ဂျော်ဒန်၊ လက်ဘနွန်၊ အစ္စရေးနှင့် ပါလက်စတိုင်း ကိုယ်ပိုင် အုပ်ချုပ်ရေးဒေသတို့သို့ သွားရောက်မည်ဖြစ်သည်။

ဂျပန်နိုင်ငံသည် အမေရိကန်ဒေါ်လာ သန်း ၂၀၀ ခန့်ကို အစ္စလာမ္မစ်နိုင်ငံထူထောင်ရေးအဖွဲ့(အိုင်အက်စ်)အား ဆန့်ကျင်သည့် နိုင်ငံများသို့ စစ်ရေးမဟုတ်သည့် အကူအညီအဖြစ် ထောက်ပံ့ပေးမည်ဖြစ်ကြောင်း၊ အကြမ်းဖက်ဝါဒပျံ့နှံ့လာခဲ့လျှင် တစ်ကမ္ဘာလုံး ခံစားကြရမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

ဂျပန်နိုင်ငံသည် ၎င်း၏စွမ်းအင်လိုအပ်ချက်အတွက် အရှေ့အလယ်ပိုင်းဒေသနိုင်ငံများမှ တင်သွင်းသော စက်သုံးဆီများအပေါ် မျှားစွာမှီခိုနေရသည်။

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် ဂျော်ဒန်နိုင်ငံသို့ခရီးစဉ်မစတင်မီ အီဂျစ်သမ္မတ အဗ္ဒဒ္ဒဖာတာ အယ်လ်စီစီနှင့် တွေ့ဆုံမည်ဖြစ်သည်။**ဘီဘီစီ။**

အကြမ်းဖက်မှုများတွင် သံသယရှိသူ အမျိုးသမီးတစ်ဦးအား ရဲတပ်ဖွဲ့မှဖမ်းဆီး

လန်ဒန် ဇန်နဝါရီ ၁၇

အကြမ်းဖက်မှုများဆောင်ရွက်ရန် ကြိုတင်ပြင်ဆင်ခြင်းနှင့် တားမြစ်ထားသောအဖွဲ့အစည်းတစ်ခု၏ အဖွဲ့ဝင်ဖြစ်နေခြင်းကြောင့် အသက်(၁၈)နှစ်အရွယ်ရှိ အမျိုးသမီးတစ်ဦးကို လန်ဒန်လေဆိပ်တွင် ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့ကြောင်း ရဲတပ်ဖွဲ့၏ထုတ်ပြန်ချက်အရသိရသည်။

၎င်းသည် လေယာဉ်ခရီးစဉ်ဖြင့် စတန်းစတက်လေဆိပ်သို့ ရောက်ရှိခဲ့ပြီး ယမန်နှစ်အောက်တိုဘာလက(၂၁)နှစ်အရွယ် အမျိုးသားတစ်ဦးထိန်းသိမ်းခံထားရခြင်းနှင့်ပတ်သက်နေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ဇန်နဝါရီ ၁၅ ရက်က ဖမ်းဆီးခံခဲ့ရခြင်းဖြစ်သည်။ ၎င်းအား လန်ဒန်ရဲတပ်ဖွဲ့သို့ခေါ်ဆောင်သွားပြီး ဖမ်းဆီးထားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အစ္စလာမ္မစ်နိုင်ငံတော်တိုက်ခိုက်ရေးသမားများ အီရတ်နှင့်ဆီးရီးယားမှ ပြန်လည်ဝင်ရောက်လာခြင်းကြောင့် နိုင်ငံတော်ကို ခြိမ်းခြောက်မှုနှင့်ပတ်သက်၍ ဒုတိယအမြင့်ဆုံးအဆင့်သို့ သတ်မှတ်ထားခဲ့ရာ ဗြိတိသျှ တန်ပြန်အကြမ်းဖက်မှုကာကွယ်ရေးအရာရှိများ၏လုပ်ငန်းဆောင်ရွက်မှုနောက်ဆုံးအခြေအနေဖြစ်သည်။

လွန်ခဲ့သော ရက်သတ္တပတ်က ပါရီတွင် ပစ်ခတ်သတ်ဖြတ်မှုနှင့် ဘယ်လ်ဂျီယံတွင် ဝင်ရောက်စီးနင်းမှုများပြုခဲ့သဖြင့် ဥရောပရှိ နိုင်ငံအများအပြားတွင် လုံခြုံရေးကို အမြင့်ဆုံးတပ်လှန့်ထားခဲ့သည်။

ဘာရက်အိုဘားမားနှင့် နှစ်ရက်ကြာဆွေးနွေးရန် အမေရိကန်ပြည်ထောင်စုသို့ရောက်ရှိနေသော ဗြိတိန်ဝန်ကြီးချုပ်ဒေးဗစ်ကင်မရွန်းက အကြမ်းဖက်ဝါဒီများ၏ ခြိမ်းခြောက်မှုကို ကိုင်တွယ်ဖြေရှင်းနိုင်ကြောင်း ပြောကြားသည်။ **ရိုက်တာ။**

အိန္ဒိယက အမေရိကန်မှ ဒရုန်းဝယ်မရလျှင် အခြားနိုင်ငံမှ ဝယ်မည်ဟုဆို

ဝါရှင်တန် ဇန်နဝါရီ ၁၇

အမေရိကန်ပြည်ထောင်စုသည် အိန္ဒိယနိုင်ငံ၏ မောင်းသူမဲ့လေယာဉ်များ ရောင်းချပေးရန် မေတ္တာရပ်ခံချက်ကို တုံ့ပြန်မှုမပြုခဲ့သော် ၎င်းနိုင်ငံသည် အခြားသောနိုင်ငံများထံသို့ ဦးလှည့်သွားမည်ဖြစ်ကြောင်း ဩဇာတိတ္တမကြီးမားသော အထက်လွှတ်တော်အမတ်တစ်ဦးက အိုဘားမားအစိုးရအဖွဲ့ကို သတိပေးလိုက်သည်ဟု ပီတီအိုင်သတင်းဌာနက ယနေ့ဖော်ပြသည်။

အိန္ဒိယဆိုင်ရာ အထက်လွှတ်တော်ကော်မတီ၏ ပူးတွဲဥက္ကဋ္ဌ အထက်လွှတ်တော်အမတ် မတ်ဝါနာက အမေရိကန် တတ်သိပညာရှင်များအဖွဲ့ဖြစ်သော အတ္တလန္တိတ်ကောင်စီတွင် မိန့်ခွန်းပြောကြားရာ၌ ယင်းသို့ပြောဆိုခဲ့ခြင်းဖြစ်သည်။

ဇန်နဝါရီ ၂၆ ရက်တွင် အိန္ဒိယနိုင်ငံ၏ သမ္မတနိုင်ငံထူထောင်မှု စစ်ရေးပြအခမ်းအနားသို့ တက်ရောက်မည့် သမ္မတ ဘာရက်အိုဘားမား၏ ခရီးစဉ်တွင် ၎င်းလည်းလိုက်ပါမည်ဖြစ်သည်။

ပီတီအိုင်။

မိုဇမ်ဘစ်နိုင်ငံတွင် ရေကြီးမှုကြောင့် ပြည်သူ ၂၀၀၀၀ ကျော် နေရပ်စွန့်ခွာရ

မာပူတို ဇန်နဝါရီ ၁၇

မိုဇမ်ဘစ် အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးအဖွဲ့အစည်းသည် နိုင်ငံအလယ်ပိုင်း ဇမ်ဘီဇီယာပြည်နယ်မှ ရေဘေးကြောင့်ရွှေ့ပြောင်းခဲ့ရသည့်ပြည်သူ ၂၂၀၀၀ ခိုလှုံလျက်ရှိသော ယာယီနေရာချထားရေးဌာနများ ဖွင့်လှစ်ထားကြောင်း သိရသည်။

အာဏာပိုင်များက သီးခြားနယ်မြေများတွင် အစားအသောက်များ ဝေဒေပြီး မိုးကြီးမှုကြောင့် ကျန်းမာရေးအဖွဲ့အစည်းများအား အခမ္ဘပိတ်ခိုင်းကာ ရေကြောင့်ကူးစက်သော ရောဂါများ ဖြစ်ပွားနေမှုကိုလည်း ဖြေရှင်းဆောင်ရွက်လျက်ရှိသည်။ နေရပ်စွန့်ခွာခဲ့ရသည့် ပြည်သူများသည် အသက်ဆက်လက်ရှင်သန်ရန် အခြေခံကျသည်ဟူသော အရေးပါသော အချက်ကို အာမခံရန် ရောဂါဖြစ်ပွားမည့် သွင်ပြင်လက္ခဏာတိုင်းအား ရှောင်ရှားရန် သန့်ရှင်းသော သောက်သုံးရေ ကျန်းမာရေးနှင့်ညီညွတ်သော နည်းစနစ်များ ထောက်ပံ့ပေးလျက်ရှိကြောင်း အဆိုပါအဖွဲ့အစည်းက ပြောကြားသည်။ရေဘေးသင့် ပြည်သူများမှာ တောင်အာဖရိကနိုင်ငံမှလာသည့် အထောက်အပံ့များကိုလည်း ရရှိခံစားနေပြီဖြစ်သည်။

တောင်အာဖရိကနိုင်ငံမှ တပ်ဖွဲ့များသည် ရွက်ဖျင်တဲများနှင့်တာပေါ်လင်စများအား ရဟတ်ယာဉ်များဖြင့် ရေဘေးသင့်ပြည်သူများအား ဝေဒေလျက်ရှိသည့်အပြင် ရေဘေးသင့်ပြည်သူများ၏ လိုအပ်ချက်များနှင့် ပတ်သက်၍ ပိုမိုကောင်းမွန်စွာ သတင်းထုတ်ပြန်နိုင်ရန် ကြေးနေသည့်နယ်မြေများအား စောင့်ကြည့်လျက်ရှိသည်။

ဆင်ဟွာ။

အဲလက်စ်ဆောင်းအား အမြဲတမ်းစာချုပ်ချုပ်ဆိုရန် ဝက်စ်ဟမ်းနည်းပြမျှော်လင့်

ဝက်စ်ဟမ်းအသင်း နည်းပြဆမ်အယ်လ်လာဒီစီသည် ဘာစီလိုနာအသင်းမှ အင့်ဘားစာချုပ်ဖြင့် လာရောက်ကစားလျက်ရှိသည့် ကွင်းလယ်ကစားသမား အဲလက်စ်ဆောင်းအား အမြဲတမ်းစာချုပ်ချုပ်ဆိုခေါ်ယူရန် မျှော်လင့်ထားကြောင်း သိရသည်။

ကွင်းလယ်ကစားသမား အဲလက်စ်ဆောင်းသည် ယခုနှစ်ဘောလုံးရာသီကုန်တွင် ဝက်စ်ဟမ်းအသင်းနှင့် အင့်ဘားစာချုပ်သည်ကုန်ဆုံးတော့မည်ဖြစ်သည်။ ထို့ကြောင့် ပရီမီယာလီဂ်ကလပ်အသင်းများဖြစ်ကြသည့် လီဗာပူးအသင်းနှင့် မန်ယူအသင်းတို့ကလည်း အဲလက်စ်ဆောင်းအား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိနေကြသော်လည်း ဝက်စ်ဟမ်းအသင်းနည်းပြ အယ်လ်လာဒီစီကမူ ကွင်းလယ်ကစားသမား အဲလက်စ်ဆောင်းအား အမြဲတမ်းစာချုပ်ချုပ်ဆိုခေါ်ယူမည်ဖြစ်ကြောင်း အခိုင်အမာပြောကြားခဲ့သည်။

❒❒

ချာလီအောက်စတင်နှင့် ပယ်လီဂရိန် ဒီဇင်ဘာတစ်လတာ အကောင်းဆုံးဆုဆွတ်ခူး

ကျူပီအာတိုက်စစ်မျူး ချာလီအောက်စတင်သည် ကျူပီအာအသင်းအတွက် သွင်းဂိုး ငါးဂိုးသွင်းယူပေးခဲ့ပြီးနောက် ဒီဇင်ဘာတစ်လတာ ပရီမီယာလီဂ်အကောင်းဆုံး ကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့သည်။

အသက်(၂၅)နှစ်အရွယ်ရှိ တိုက်စစ်မျူး ချာလီအောက်စတင်သည် ဒီဇင်ဘာလအတွင်းက သွင်းယူခဲ့သည့် သွင်းဂိုး ငါးဂိုး အပါအဝင် ကျူပီအာအသင်းအတွက် ပြိုင်ပွဲအရပ်ရပ်တွင် သွင်းဂိုး ၁၃ ဂိုး အထိ သွင်းယူပေးနိုင်ခဲ့သည်။

အဆိုပါ သွင်းဂိုးများသည် ဘန်လေ၊ အာဆင်နယ်စသည့်အသင်းများနှင့် ယှဉ်ပြိုင်ကစားခဲ့ရ သည့်ပွဲစဉ်များတွင် သွင်းယူခဲ့သည့် သွင်းဂိုး များပါဝင်ပြီး ဝက်စ်ဘရွန်းအသင်းနှင့်ပွဲစဉ်တွင် ဟက်ထရစ်ဂိုး သွင်းယူနိုင်ခဲ့သူဖြစ်သည်။ ထို့အပြင် (၇၁) ကြိမ်ဖြတ်တင်ပေးနိုင်ခဲ့ပြီး သွင်းဂိုးတစ်ဂိုးဖန်တီးပေးနိုင်ခဲ့သည်။ ထို့ကြောင့် တိုက်စစ်မျူး ချာလီအောက်စတင်သည် ဒီဇင်ဘာတစ်လတာပရီမီယာလီဂ် အကောင်းဆုံးကစားသမား ဆုကိုဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မျူး ချာလီအောက်စတင်

မန်စီးတီးနည်းပြ ပယ်လီဂရိန်

ယခင်တစ်လတာ အကောင်းဆုံးဆုဆွတ်ခူးနိုင်ခဲ့သည့် ကစားသမားများမှာ ဩဂုတ်လအတွက် ချယ်လ်ဆီးတိုက်စစ်မျူး ဒီယေဂိုကော်စတာ၊ စက်တင်ဘာလအတွက် ဆောက်သမ်တန်ကစားသမား ပယ်လီ၊ အောက်တိုဘာလအတွက်မူ ဝက်စ်ဟမ်းတိုက်စစ်မျူး ဆာခိုနှင့် နိုဝင်ဘာလအတွင်း မန်စီးတီးတိုက်စစ်မျူး အဂူရိုစသည်ဖြင့် အသီးသီးရရှိခဲ့ကြသည်။

ဒီဇင်ဘာတစ်လတာ ပရီမီယာလီဂ် အကောင်းဆုံးနည်းပြဆုကိုမူ မန်စီးတီးအသင်းနည်းပြ ပယ်လီဂရိန်ကိုက ဆွတ်ခူးရရှိခဲ့သည်။

မန်စီးတီးအသင်းနည်းပြ ပယ်လီဂရိန်သည် ပြီးခဲ့သည့်ဒီဇင်ဘာလအတွင်းက မန်စီးတီးအသင်းအား ငါးပွဲအထိ နိုင်ပွဲရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့ခြင်းကြောင့် ဒီဇင်ဘာတစ်လတာ ပရီမီယာလီဂ်အကောင်းဆုံးနည်းပြဆုကို ဆွတ်ခူး နိုင်ခဲ့ခြင်းဖြစ်သည်။

နည်းပြပယ်လီဂရိန်သည် ဒီဇင်ဘာလအတွင်း ခြောက်ပွဲတွင် ငါးပွဲနိုင်ပွဲရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီး ၂၀၁၄ အကုန်တွင် ပရီမီယာလီဂ် အမှတ်ပေးဇယားထိပ်က ချယ်လ်ဆီးကို ကျော်ဖြတ်နိုင်ခဲ့သည်။ သို့သော် လက်ရှိတွင်မူ အမှတ်ပေးဇယားထိပ်က ချယ်လ်ဆီးအား မီရန် နှစ်မှတ်လိုအပ်နေသေးသည်။

မန်စီးတီးအသင်းသည် ဒီဇင်ဘာလအတွင်းက ဆန်းဒါးလန်းအသင်းကို လေးဂိုး - တစ်ဂိုး၊ အဲဗာတန်အသင်းကို တစ်ဂိုး - ဂိုးမရှိ၊ လက်စတာအသင်းကို တစ်ဂိုး - ဂိုးမရှိ၊ ခရစ္စတယ်ပဲလေ့အသင်းကို သုံးဂိုး - ဂိုးမရှိ၊ ဝက်စ်ဘရွန်းအသင်းကို သုံးဂိုး - တစ်ဂိုး စသည်ဖြင့် နိုင်ပွဲများရရှိခဲ့ပြီး ဘန်လေအသင်းနှင့် ပွဲစဉ်တွင်မူ တစ်ဖက်နှစ်ဂိုးစီသရေပွဲဖြစ်ခဲ့သည်။

ထိုသို့ နိုင်ပွဲများရရှိခဲ့ခြင်းကြောင့် နည်းပြ ပယ်လီဂရိန်သည် တစ်လတာ အကောင်းဆုံးနည်းပြဆုကို ဆွတ်ခူးနိုင်ခဲ့ပြီး ပရီမီယာလီဂ်တွင် သုံးကြိမ်မြောက်ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလနှင့် ၂၀၁၄ ဇန်နဝါရီလတို့တွင်လည်း အကောင်းဆုံးဆုများဆွတ်ခူးနိုင်ခဲ့သည်။ **(ဇွေကြယ်)**

သြစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ ဇန်နဝါရီ ၁၉ ရက်တွင် စတင်ကျင်းပမည်

ကမ္ဘာ့တင်းနစ်လောက၏ အထင်ကရ ပြိုင်ပွဲလေးပွဲတွင် တစ်ပွဲအပါအဝင်ဖြစ်သော သြစတြေးလျအိုးပင်းကို ဇန်နဝါရီ ၁၉ ရက်တွင် စတင်ကျင်းပမည်ဖြစ်ရာ ကစားသမားများ၏ ဦးစားပေးအဆင့် သတ်မှတ်ချက်များလည်း ထွက်ပေါ်လာခဲ့သည်။ အမျိုးသားတစ်ဦးချင်း ပွဲစဉ်များအတွင်းတွင် လက်ရှိချန်ပီယံ ဝေါရင်ကာမှာ ဦးစားပေးအဆင့် (၄)သာ သတ်မှတ်ခံခဲ့ရပြီး ဆားဘီးယားတင်းနစ်အကျော်အမော် နိုဗက်ဂျိုကိုဗစ်ချ်က ဦးစားပေးအဆင့်(၁)၊ ဖက်ဒရာ(ဆွစ်ဇာလန်)က အဆင့်(၂)၊ နာဒယ်လ်(စပိန်)က အဆင့်(၃) အသီးသီးသတ်မှတ်ခံခဲ့ရသည်။ သို့သော် သြစတြေးလျအိုးပင်းဗိုလ်လုပွဲကို သုံးကြိမ်တိုင်တိုင် တက်ရောက်နိုင်ခဲ့သော အန်ဒီမာရေ(ဗြိတိန်)ကမူ ဦးစားပေးအဆင့် (၆)သာ ရရှိခဲ့သည်။

အမျိုးသမီးပွဲစဉ်များအတွက်မူ သြစတြေးလျအိုးပင်း ငါးကြိမ်ချန်ပီယံ ဆီရီနာဝီလျံ(အမေရိကန်)က ဦးစားပေးအဆင့် (၁)၊ မာရီယာရှာရာပိုဗာ (ရုရှား)က အဆင့်(၂)၊ ဆီမိုနာဟဲလပ် (ရိုမေးနီးယား)က အဆင့်(၃) သတ်မှတ်ခံခဲ့ရသည်။ သို့သော် ချန်ပီယံဟောင်း အဇာရန်ကာမှာမူ ၂၀၁၄ ခုနှစ်အတွင်း ဒဏ်ရာပြဿနာများကြောင့် ကမ္ဘာ့အဆင့် (၄၁)အထိ ကျဆင်းခဲ့ရာ ဦးစားပေးအဆင့် သတ်မှတ်ခြင်း မခံခဲ့ရပေ။ သြစတြေးလျအိုးပင်းသည် ဇန်နဝါရီ ၁၉ ရက်တွင် စတင်မည်ဖြစ်ပြီး ဖေဖော်ဝါရီ ၁ ရက်တွင် ပြီးဆုံးမည်ဖြစ်သည်။



မန်ယူကွင်းလယ်လူ ဂျာနူဇက် ပေါ်တိုသို့ ပြောင်းရွှေ့ရန် နီးစပ်နေ

မန်ယူအသင်း၏ ဘယ်လ်ဂျီယံလူငယ် ကွင်းလယ်ကစားသမား အဒမ်ဂျာနူဇက်သည် လာမည့်ဆောင်းရာသီ အပြောင်းအရွှေ့ကာလအတွင်း ပေါ်တူဂီထိပ်သီးကလပ် ပေါ်တိုအသင်းသို့ပြောင်းရွှေ့ရန် နီးစပ်နေကြောင်းသိရသည်။

ဂျာနူဇက်မှာ မန်ယူနည်းပြ လူးဝစ်ဗန်ဟားလ်လက်ထက်တွင် ခြေစွမ်းပြသနိုင်ခြင်းမရှိသလို ပုံမှန်နေရာရရှိရန် ရုန်းကန်နေရခြင်းကြောင့် အသင်းပြောင်းရွှေ့ရန် စီစဉ်နေကြောင်းသတင်းများ ထွက်ပေါ်နေခြင်းဖြစ်သည်။ ထို့ပြင် မန်ယူနည်းပြဟောင်းဖြစ်သူ ဒေးဗစ်မိုယက်စ်မှာလည်း ဂျာနူဇက်အား ၎င်းကိုင်တွယ်လျက်ရှိနေသည့် ဆိုစီဒက်အသင်းသို့ အရောက်ခေါ်ယူသွားရန် ပြင်ဆင်နေပြီး မန်ယူအသင်းထံတရားဝင်တမ်းလှမ်းသွားရန် စီစဉ်လျက်ရှိကြောင်း ဗြိတိန်သတင်းစာ Daily Mail က ဖော်ပြခဲ့သည်။ သို့သော် မန်ယူအသင်းအနေဖြင့် ၎င်းအား အပြီးတိုင်လက်လွှတ်သွားရန် ဆန္ဒမရှိဘဲ တစ်ရာသီအင့်ဘားစာချုပ်ဖြင့်သာ ပြောင်းရွှေ့ခွင့်ပြုဖွယ်ရှိနေပြီး ပေါ်တိုအသင်းသို့သာ အင့်ဘားချသွားရန် ပိုမိုလိုလားလျက်ရှိကြောင်း goal.com က ဖော်ပြခဲ့သည်။

မန်ယူအသင်းအနေဖြင့် လာမည့်ဆောင်းရာသီ အပြောင်းအရွှေ့ကာလမှစတင်ကာ အသင်းအား အပြောင်းအလဲများစွာပြုလုပ်ရန် စီစဉ်နေပြီး ဂျာနူဇက်အပါအဝင် ဖယ်လ်ကာအို၊ ဗန်ပါစီ၊ ဖီးလ်ဂျုံစ်၊ ရာဖေးလ် စသည့်ကစားသမားများမှာ အသင်းနှင့် အနာဂတ်သေချာဖွယ်မရှိတော့ကြောင်း ဗြိတိန်မီဒီယာများကဖော်ပြခဲ့ကြသည်။

(ကိုရဲ)

အားကစားသတင်းတိုများ

- တိုရွန်တိုအက်ဖ်စီနှင့် အင်္ဂလန်တိုက်စစ်မျူး ဂျာမိန်းဒီဖိုးသည် ဆန်းဒါးလန်းအသင်းသို့ သုံးနှစ်ခွဲသက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုကာ ပြောင်းရွှေ့ခဲ့ကြောင်း သိရသည်။
- အင်္ဂလန်ကွင်းလယ်ကစားသမားဟောင်း စတီဗင်ဂျာရတ်သည် ယခုနှစ်ဘောလုံးရာသီကုန်တွင် မေဂျာလီဂ်ကလပ် အယ်လ်အေဂလက်ဆီအသင်းသို့ ပြောင်းရွှေ့ကစားမည်ဖြစ်သော်လည်း အင်္ဂလန်ကစားဖော်ဟောင်း ကလီဗာလေကမူ ဂျာရတ်မှာ လီဗာပူးအသင်း၌ ဆက်ကစားလိမ့်မည်ဟု အခိုင်အမာပြောကြားခဲ့သည်။
- ပရီမီယာလီဂ်ကလပ် အက်စ်တွန်ဗီလာအသင်းသည် လာဇီယိုနောက်တန်းကစားသမား စီယာနီအား ခေါ်ယူ ရန်စီစဉ်လျက်ရှိကြောင်း သိရသည်။

ဇန်နဝါရီ ၁၉/၂၀ ရက် ကစားမည့် ပွဲစဉ်များ

ပရီမီယာလီဂ်

အဲဗာတန်	- ဝက်စ်ဘရွန်း	နံနက် - ၂း၃၀

စီးရီးအေ

ဂျူဗင်တပ်	- ဗီရိုနာ	နံနက် - ၂း၁၅

လာလီဂါ

ဒီပို့ဒီပို	- ဘာစီလိုနာ	နံနက် - ၀၀း၃၀
အယ်လ်ချီ	- လီဗန်တေး	နံနက် - ၂း၃၀
ဆီဗီလာ	- မာလာကာ	နံနက် - ၂း၃၀

မန်စီးတီးအား အနိုင်ကစားမည်ဟု နည်းပြအာစင်ဝင်းဂါးဆို

အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးက မန်စီးတီးနှင့် ဇန်နဝါရီ ၁၈ ရက်(တနင်္ဂနေ့)တွင်ယှဉ်ပြိုင်မည့် ပွဲစဉ်တွင် အီးတီဟဒ်ကွင်းသို့ သွားရောက်ခြင်းမှာ အနိုင်ရလဒ်အတွက်သာ သွားရောက်ခြင်းဖြစ်သည်ဟု ပြောကြားခဲ့သည်။

မန်စီးတီးအနေဖြင့် အကောင်းဆုံးလူစာရင်းကစားကွက်များဖြင့် ပွဲထွက်လာမည်ဖြစ်သော်လည်း အာဆင်နယ်အနေဖြင့်လည်း ပွဲအစအဆုံး ကစားအားမချဘဲ အကောင်းဆုံးယှဉ်ပြိုင်ကစားကာ အနိုင်ရလဒ်ကို ရယူနိုင်မည်ဟု ဝင်းဂါးက ယုံကြည်ထားပါသည်။

သို့သော် မန်စီးတီးသည် ယခုနှစ် ဘောလုံးရာသီတွင် အိမ်ကွင်း၌ စတုတ်စီးတီးတစ်သင်းတည်းကိုသာ ရှုံးနိမ့်ထားပြီး ပြီးခဲ့သည့်ဘောလုံးရာသီကလည်း ချယ်လ်ဆီးတစ်သင်းတည်းကိုသာ ရှုံးနိမ့်ခဲ့သည်။ ထို့ကြောင့် အာဆင်နယ်အနေဖြင့် မန်စီးတီး၏ အိမ်ကွင်းတွင် မန်စီးတီးကို အနိုင်ယူမည်ဆိုသည်မှာ ဖြစ်နိုင်ခြေ နည်းပါးသည်ဟု ဘောလုံးကျွမ်းကျင်သူများက မှတ်ချက်ပေးထားသည်။

သို့သော်လည်း ပြီးခဲ့သည့် တနင်္ဂနေ့က အာဆင်နယ်သည် ယခုနှစ် ဘောလုံးရာသီတွင် အကောင်းဆုံး အခင်းအကျင်းအဖြစ် ကွင်းလယ်တွင် ကိုကွာလင်၊ ရိုဆက်စကီးနှင့် ကာဇိုလာ အတွဲအဖက်နှင့်ပွဲထွက်လာခဲ့ရာ ဘောလုံးပေးပို့မှု ရွှေ့လျားမှုအားလုံးကောင်းမွန်ခဲ့ပြီး စတုတ်စီးတီးကို သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ယူနိုင်ခဲ့သည်။

အာဆင်နယ်၏ အဓိကအားနည်းချက်တစ်ရပ်မှာ ကွင်းလယ်ကစားသမားများအနေဖြင့် ခံစစ်ကို ကူညီနိုင်မှုနည်းပါးသည့်အတွက် ဝင်းဂါးအနေဖြင့် ကွင်းလယ်အဖျက်သမားအဖြစ် ဖလာမီနီကို သုံးစွဲလေ့ရှိရာ တိုက်စစ်အားမှာ လျော့နည်းသွားတတ်သည်။ သို့သော် ဝင်းဂါးအနေဖြင့် ရမ်ဆေး၊ ဝဲလ်ကော့နှင့်အိုဇေတို့လည်းရှိနေရာ တိုက်စစ်အတွက် စိုးရိမ်ဖွယ်မရှိချေ။ ထို့ကြောင့် ဝင်းဂါးအနေဖြင့် မန်စီးတီးကို အမှန်တကယ်အနိုင်ယူနိုင်မည့် ဗျူဟာတစ်ရပ်ရှိနေပြီလားဆိုသည်ကို တနင်္ဂနေ့ညတွင် စောင့်ကြည့်ရမည် ဖြစ်သည်။

အော်စကာဆုနှင့် လွဲချော်ခဲ့ရသည့် အကောင်းဆုံး ဇာတ်ကား (၁၀) ကား

ယခုနှစ်တွင် ဟောလီဝုဒ်မှာ အော်စကာဆုအတွက် ဆန်ခါတင်စာရင်းထုတ်ပြန်ခဲ့ရာ Selma ဇာတ်ကားတွင် မာတင်လူသာကင်း ဂျူနီယာအဖြစ် သရုပ်ဆောင်ခဲ့သူ ဒေးဗစ်အော်ရီယိုဝါက အကောင်းဆုံး အမျိုးသား ဇာတ်ဆောင်ဆုစာရင်းတွင် မပါဝင်ခဲ့သလို ယင်းဇာတ်ကား၏ ဒါရိုက်တာ အေဗ်ဒူးဗာနေကလည်း အကောင်းဆုံး ဆုစာရင်းတွင် ပါဝင်လာခြင်းမရှိပေ။

ထို့အပြင် ဝေဖန်ရေးဆရာများ၏ ခီးကျူးမှုကို ရရှိထားသော The Lego ကာတွန်းဇာတ်ကားမှာလည်း ပါဝင်လာခြင်းမရှိရာ အော်စကာဆုရွေးချယ်မှုအပေါ် ဝေဖန်သံများ ကျယ်ကျယ်လောင်လောင် ထွက်ပေါ်လာခဲ့သည်။ သို့သော် ယခုနှစ်ကဲ့သို့ပင် အကောင်းတိုင်းလည်းမရခဲ့သည့် ဇာတ်ကား၊ ဒါရိုက်တာများ၊ တေးဂီတဆုနှင့် သရုပ်ဆောင်များစွာသည် အော်စကာသမိုင်းတွင် အများအပြားရှိခဲ့ပြီး ဖြစ်သည်။

ချာလီချက်ပလင်၏ ရုပ်ရှင်ကားများဖြစ်သော City Lights နှင့် Modern Times ဇာတ်ကားနှစ်ကားလုံးသည် ၁၉၃၁ နှစ်နှင့် ၁၉၃၆ ခုနှစ်များတွင် အော်စကာဆုစာရင်း၏ လျစ်လျူရှုခြင်းခံခဲ့ရသော ဂန္ဓဝင်မြောက် ဇာတ်ကားများပင်ဖြစ်သည်။ ယင်းကားနှစ်ကားကဲ့သို့ အော်စကာဆုစာရင်းတွင် ပါဝင်ခွင့်မရခဲ့သော ဇာတ်ကားများမှာ The Front Page၊ East Lynne၊ Skippy၊ Trader Horn၊ The Great Ziegfeld၊ San Francisco နှင့် The Story of Louis Pasteur များပင်ဖြစ်သည်။



ဗြိတိန်မှုခင်းစာရေးဆရာမ ရုရန်ဒယ်လ် ကျန်းမာရေး ပြန်လည်ကောင်းမွန်လာ

အသက်(၈၄)နှစ်အရွယ်ရှိ ဗြိတိန်နာမည်ကျော် မှုခင်းစာရေးဆရာမ ရုရန်ဒယ်လ်သည် လွန်ခဲ့သည့် တစ်ပတ်က လေဖြတ်ဝေဒနာကြောင့် ဆေးရုံတင်ထားခဲ့ရာ ယခုအခါ ကျန်းမာရေးပြန်လည်ကောင်းမွန်လာပြီဖြစ်သည်။ ဝက်ဖို့ဒ်ဇာတ်ကောင်ကို အသက်သွင်းကာ ဝတ္ထုဇာတ်ကားများကို အတွဲလိုက်ရေးသား၍ နာမည်ကျော်ကြားလာခဲ့သည့် စာရေးဆရာမကြီးမှာ ဆုတံဆိပ်ကောင်း ၆၀ ကျော် ရရှိထားခဲ့သူလည်း ဖြစ်သည်။ ၎င်း၏ နောက်ဆုံးထွက်ရှိခဲ့သော ဝတ္ထုမှာ "The Girl Next Door" ဖြစ်ပြီး ပွဲဦးထွက် ထွက်ရှိခဲ့သော ဝတ္ထုမှာ Doon With Death ဝတ္ထုဖြစ်သည် ဝက်ဖို့ဒ်ဇာတ်ကောင် ပါဝင်သော ဝတ္ထုပေါင်း ၂၀ ကျော် ရေးသားခဲ့သည်။ နောက်ပိုင်းဝတ္ထုများတွင် ဂျော့ချ်ဘေကာကို ဇာတ်ကောင်တည်ရေးသားလာခဲ့သည်။

ယခုနွေဦးတွင် ထုတ်ဝေမည့် ဝတ္ထုသစ်ကိုလည်း မကြာသေးမီ အဆုံးသတ်နိုင်ခဲ့ကာ ဘာဘာရာဗိုင်း ကလောင်အမည်ဖြင့် စိတ်ပညာဆိုင်ရာ မှုခင်းဝတ္ထုများကိုလည်း ရေးသားခဲ့သည်။ ၁၉၉၆ ခုနှစ်တွင် CBE ဘွဲ့တံဆိပ် အပ်နှင်းခံရပြီး ၁၉၉၇ ခုနှစ်တွင် ဗြိတိသျှဘုရင်မကြီး၏ သူကောင်းပြုခံခဲ့ရသည်။

တက်ရောက်နိုင်ရန် ခုနစ်နှစ်ကြာပြင်ဆင်ခဲ့ရသောတောင်ကြီး ဖဝါးအောက်ရောက်သွားပြီ

အမေရိကန်နိုင်ငံ ကယ်လိုဖိုးနီးယားပြည်နယ်ရှိ ကမ္ဘာကျော် ယိုဆမ်မိတီ အမျိုးသားဥယျဉ်ကြီးထဲတွင်ရှိသော ကျောက်ဆောင်ကြီးထိပ်သို့ရောက်ရှိရန် လူနှစ်ဦး ကြိုးစားခဲ့ရာ ဇန်နဝါရီ ၁၅ရက်တွင် တောင်ထိပ်ကိုရောက်သွားပြီဖြစ်ကြောင်း ဘီဘီစီ သတင်းဌာနက ဖော်ပြထားသည်။

အဆိုပါတောင်သည် မီတာ၉၀၀ သို့မဟုတ် မိုင်၀က်ကျော် အမြင့်ရှိပြီး တော်မီကက်ဝဲလ်နဲ့ ကဲဗင်ရိုဟမ်ဆင် တို့နှစ်ဦးသည် မတ်စောက်သော အယ်လ်ကက်ပီတန် (El Capitan) ကျောက်တောင်နံရံကို တွယ်ကပ်ပြီး လက်ချောင်းထိပ်ဖျားနှင့်ကုပ်ကာ တရွေ့ရွေ့နှင့်တက်နိုင်ဖို့ ခုနစ်နှစ်ပြင်ဆင်ခဲ့ရကြောင်း သိရသည်။

တော်မီတို့နှစ်ဦးသည် ပွန်းပဲ့နေသော လက်ထိပ်များကို ပလာစတာကပ်ကာ တစ်ရက်နှစ်ရက်သာအနားယေးပြီး တက်ခဲ့ကြရသည်။ မတ်စောက်သော ကျောက်တောင်နံရံများကိုဖြတ်ကာ တောင်ထိပ်ကိုရောက်အောင်တက်နိုင်ခဲ့ကြသောသူတို့နှစ်ဦး၏ ဇွဲသတ္တိကို လူအများက ချီးကျူးခဲ့ကြသည်။

သူတို့သည် နေပူဒဏ် သက်သာစေရန် ညအချိန်တွင်လည်း တောင်တက်ကြသည်။ အိပ်စက်သည့် အခါတွင်လည်း ကျောက်ဆောင်နံရံတွင် ရွက်ဖျဉ်တဲချိတ်ကာ လေတဟူးဟူးတိုက်နေသည့်ကြားမှာပင် အိပ်စက်ခဲ့ကြသည်။

ခရစ္စတီရာနိုရော်နယ်ဒို့နှင့် အီရီနာရှာ့ပ်တို့ လမ်းခွဲလိုက်ပြီ

ခရစ္စတီရာနိုရော်နယ်ဒိုသည် သူ့မိခင်မွေးနေ့ပါတီကိုတက်ရောက်ရန် ငြင်းဆိုခဲ့သော သူ့ချစ်သူ ရုရှအလှပဂေးအီရီနာနှင့်လမ်းခွဲရန် ဆုံးဖြတ်ခဲ့ကြောင်း ဇန်နဝါရီ ၁၆ရက်က Daily Express သတင်းစာတွင်ဖော်ပြခဲ့သည်။ ရော်နယ်ဒိုသည် သူစီစဉ်ထားသော မိခင်၏မွေးနေ့ပွဲကို အီရီနာက မတက်ရောက်နိုင်ကြောင်း ငြင်းဆိုခဲ့သည်။

ယခုမွေးနေ့ပွဲသည် ရော်နယ်ဒို့မိခင်၏ အသက် ၆၀ပြည့်မွေးနေ့ပါတီဖြစ်ပြီး သူ၏ဇာတိမက်ဒရစ်တွင် ကျင်းပခြင်းဖြစ်သည်။ ထိုမွေးနေ့ပွဲကို ရော်နယ်ဒိုက မိခင်အှံ့အားသင့်စေရန် ကြိုတင်အသိမပေးဘဲ တိတ်တဆိတ် စီစဉ်ခဲ့ခြင်းဖြစ်သည်။

ဒုဘိုင်းတွင် ရော်နယ်ဒိုသည် ချစ်သူနှင့်အတူ ခရစ္စမတ်ညများကို ဖြတ်သန်းခဲ့ပြီးနောက် သူ့မိခင်မွေးနေ့တွင် မိခင်နှင့်သာ အတူရှိလိုကြောင်းနှင့် အီရီနာသည်အခြားချိန်းဆိုထားမှုများ ရှိနေသည့်အတွက် မွေးနေ့ပွဲသို့ မတက်ရောက်လိုခြင်းဖြစ်သည်။ ၎င်းတို့နှစ်ဦးစလုံးနှင့် ရင်းနှီးသူတစ်ဦး၏ ပြောကြားချက်အရ ယင်းတို့နှစ်ဦးမှာ လွန်ခဲ့သောလအနည်းငယ်ကတည်းက အဆင်မပြေခဲ့ကြခြင်း ဖြစ်ကြောင်းသိရသည်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၁၈-၁-၂၀၁၅ (တနင်္ဂနွေနေ့)

- ၅း၀၀ ပဌာန်းပါဠိတော်+ အာဌာနာဋိယသုတ်
- ၇း၅၀ ရန်ကုန်မြင်ကွင်းကျယ်
- ၈း၂၀ ကလေးတို့ကမ္ဘာ
- ၈း၄၀ Cartoon Series (Curious Kemi)
- ၉း၀၀ MRTV-4ရုပ်သံဇာတ်လမ်းတွဲ "ကျွန်တော့်ရဲ့နှလုံးသား" (အပိုင်း-၈၃)
- ၁၀း၀၀ ခေတ်သစ်ယျမေ
- ၁၁း၀၅ Starတို့ရဲ့လက်ရာ
- ၁၁း၂၅ Forever Music Bossa (အပိုင်း-၃)(ပထမပိုင်း)
- ၁၁း၄၅ Weekly Sports Diary
- ၁း၀၀ "သစ္စာဥာဏ်ဖြင့် နိဗ္ဗာန်ဝင်" တရားတော်(အရှင်ဇဋ္ဌိလ (ကျောက်အိုင်ဆရာတော်))
- ၃း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းနှစ်ပွင့်ရဲ့ ဒဏ္ဍာရီ" (အပိုင်း-၁၁၅)
- ၄း၀၀ အောင်သိမ်ဝေဖြာ အောင်စေတီသာသနာ
- ၅း၀၅ MRTV-4ရုပ်သံဇာတ်လမ်းတွဲ "ကြယ်ကလေးရဲ့ကောင်းကင်" (အပိုင်း-၃)
- ၆း၁၀ Health Fix
- ၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းနှစ်ပွင့်ရဲ့ဒဏ္ဍာရီ" (အပိုင်း-၁၁၆)
- ၇း၁၅ Fashion Week (ဒီဇိုင်နာပြည်ဦးအောင်)
- ၇း၄၀ MRTV-4ရုပ်သံဇာတ်လမ်းတွဲ "ကံကံ၏အကျိုး" [(မြင့်မိုရ်ထက်မက)(အပိုင်း-၂)]
- ၈း၄၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ကျွန်တော့်ရဲ့နှလုံးသား" (အပိုင်း-၈၄)
- ၁၀း၂၀ MRTV-4 Stage
- ၁၁း၃၀ အများထဲကတစ်ယောက်
- ၁၁း၅၀ ဓနုဖြူမြို့ရဲ့ အထင်ကရနေရာများ ဆီသို့အလည်တစ်ခေါက်
- ၁၂း၃၀ Spain Laliga Deportivo vs Barcelona(Live)
- ၄း၃၅ တန်ခိုးထွတ်ခေါင်ရွှေနတ်တောင်

မြဝတီရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၁၈-၁-၂၀၁၅ (တနင်္ဂနွေနေ့)

- ၆း၀၃ တရားတော်
- ၆း၂၅ ကိုယ်လက်လှုပ်ရှား အားကစား
- ၇း၂၀ သင့်အတွက်တစ်နေ့တာ
- ၈း၀၅ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ စိုက်ပျိုးရေးသုတ
- ၈း၃၅ အင်္ဂလိပ်စားသုတ
- ၈း၅၅ မြန်မာပြည်တွင်ထုတ်လုပ်သည်
- ၁၁း၄၀ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် -ဘဲရုပ်ဆိုးလေး
- ၁း၁၉ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အမာယာ (အပိုင်း-၆၅)
- ၄း၅၅ မြန်မာသံစဉ်ချိန်းဝင်
- ၄း၂၅ လျှပ်တစ်ပြက်
- ၄း၃၅ သီဆိုဖြေဖျော်တစ်ကိုယ်တော်
- ၅း၅၀ သာယာသီကြွေးခေတ်ဆန်းတေး
- ၅း၂၀ ဒီဇိုင်နာတို့ရဲ့ဒီဇိုင်း
- ၆း၁၀ ဘဝကြေးမုံ
- ၆း၃၅ လူစွန့်စားခရီးသွားနေသည်
- ၇း၀၀ ရသစုံလင်ရုပ်မြင်ဇာကလမ်း -ဂန္ဓဝင်အချစ်နဲ့ တော်ဝင်စည်တော် အပိုင်း(၄၇)
- ၈း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မေတ္တာဖွဲ့ကြိုး အပိုင်း(၂၁)

မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

၁၈-၁-၂၀၁၅ (တနင်္ဂနွေနေ့)

- ၆း၀၀ အဖွင့် -လွင်မိုးခရီးသွားနေသည် (မြိတ်ကျွန်းစုများဆီသို့) (အပိုင်း-၇)
- ၆း၂၅ အလက်ဘဝတ်ရည် မြန်မာမှုတေးဂီတ အဖွဲ့ဖျော်ဖြေမှုအစီအစဉ် (အပိုင်း-၂)
- ၆း၄၅ ချစ်စရာအရွယ်ကစားကြမယ် (မြင့်မြတ်၊ ထွန်းအိန္ဒြာဗို) (ဒါရိုက်တာ-ကုသိုလ်)
- ၈း၄၅ ဆိုကြမယ်၊ ပျော်ကြမယ် (ဆေးရောင်စုံ) "အချစ်လားလာထား" (မင်းမော်ကွန်း၊ ခန့်စည်သူ၊ မိုးအောင်ရင်၊ ကျော်ကျော်ဗို၊ အိန္ဒြာကျော်ဇင်၊ မယ်လိုဒီ၊ ခိုင်သင်းကြည်၊ စိုးပြည့်သဇင်) (ဒါရိုက်တာ-ညီညီထွန်းလွင်)
- ၇း၁၀ တေးဂီတအစီအစဉ်
- ၇း၂၀ မြန်မာဗီဒီယိုဇာတ်လမ်း "ကျွန်တော်ကျွန်မတို့၏သား" တိစ်နေ့ ၆ နာရီစာ လေးကြိမ် ပြသပါမည်။

mitv

MYANMAR INTERNATIONAL
Brief of Programme
(18-1-2015) (Sunday)

- Today Myanmar "Myanma Quality Gold"
- Art Students;Their Dream
- A stir about of Rainbows
- Cosplayer
- Aesthetic Chinlone
- The Ten Traditional Arts & Crafts
- TECH School
- ID Show "Gas and Oil"
- Myanmar Movie Review
- Myanmar Entrepreneur:Soe Nyi Nyi
- In the Studio: Ki Ma

ရှုခင်း

တမူးမြို့၌ သတင်းအရဆုဒိုအက်ဖီဒရင်း အာနိသင်ပါဆေးပြားများ ဖမ်းဆီးရမိ

နေပြည်တော်၊ ဇန်နဝါရီ ၁၇

မူးယစ်တပ်ဖွဲ့စု (၇) တမူးမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁၃ ရက်က တမူးမြို့၊ ဈေးတန်း (၈)ရပ်ကွက် ကုံကော်လမ်းနေ ထွန်းအောင်ကျော်ပိုင်ဆိုင်သည့် နေအိမ် ခြံဝင်းသို့ သတင်းအရ ဝင်ရောက်ရှာဖွေရာ ခွန်ထွန်းလေးအား အသင့်တွေ့ရှိပြီး ထွန်းအောင်ကျော်မှ မော်တော်ဆိုင်ကယ်ဖြင့် ရောက်ရှိလာသဖြင့် ဆက်လက်ရှာဖွေရာ နေအိမ်အနောက်ဘက်ရှိ အိမ်သာရေကန်ဘေး လျှို့ဝှက်အခန်းအတွင်းမှ တစ်အိတ်လျှင် ဆုဒိုအက်ဖီဒရင်းအာနိသင်ပါ ဆေးပြားအိတ် ခြောက်အိတ် စုစုပေါင်းဆုဒိုအက်ဖီဒရင်း အာနိသင်ပါဆေးပြား ၁၅ သိန်း (အလေးချိန် ၁၅၀ ကီလို) သိမ်းဆည်းရမိခဲ့သည်။

ဆက်လက်၍ ပူးပေါင်းအဖွဲ့သည် ထွန်းအောင်ကျော်နေထိုင်သည့် တမူးမြို့ မြို့မ(၆)ရပ်ကွက်၊ ဇေယျာလမ်းကြားရှိ နေအိမ်သို့ ဆက်လက်ရှာဖွေရာ မူးယစ်ဆေးဝါးမတွေ့ရှိသော်လည်း အိပ်ခန်းရှိ သံသေတ္တာအတွင်းမှ မြန်မာငွေကျပ် သိန်း ၂၀၊ လက်ကိုင်ဖုန်း လေးလုံး၊ YGN 2E/5930 တိုယိုတာ ပါရာဒိ တစ်စီးနှင့် မော်တော်ဆိုင်ကယ် တစ်စီးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ထွန်းအောင်ကျော် (၅၃)နှစ်နှင့် ခွန်ထွန်းလေး (၂၄)နှစ်တို့ နှစ်ဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

(မူးယစ်ဗဟို)

ရောင်လေ ဝေးဝေး မူးယစ်ဆေး

ရာဇာမင်းခရီးသည်တင်ယာဉ် ဓားပြတိုက်သူခြောက်ဦးအား သေဒဏ်ချမှတ်

မော်လမြိုင် ဇန်နဝါရီ ၁၇

မော်လမြိုင်-ရန်ကုန်သွား ကားလမ်းပေါ်တွင် ခရီးသည် ရာဇာမင်း (အဆင့်မြင့်ခရီးသည်တင်မော်တော်ယာဉ်) ကို ခရီးသည်ဟန်ဆောင်လိုက်ပါကာ လူခြောက်ဦးတို့က ကားကို သေနတ်ဖြင့် ချိန်ရွယ်ပြီး ခရီးသည်ပိုင်ပစ္စည်းများ လုယူကာ ယာဉ် မောင်းနှင့် ယာဉ်နောက်လိုက်တို့ကို သေနတ်ဖြင့် ပစ်သတ်မှုဖြင့် ဖမ်းဆီးအရေးယူ တရားစွဲတင်ခံရသူများအား ဇန်နဝါရီ ၁၆ ရက်က မွန်ပြည်နယ် သထုံခရိုင် ခရိုင်တရားရုံး ခရိုင်တရားသူကြီးက သေဒဏ်ငါးဦးနှင့် တစ်သက်တစ်ကျွန်းဒဏ်တစ်ဦးတို့ကို အပြစ်ဒဏ် အသီးသီးချမှတ်လိုက်သည်။

ပြစ်ဒဏ်ချခံရသူတို့မှာ အောင်ထူး(၃၆)နှစ်၊ ဇော်ဝိတ(၃၈)နှစ်၊ မောင်ငယ်(ခ) ကျော်လင်း (၃၃)နှစ်၊ ဝင်းဗိုလ် (၃၅)နှစ်နှင့် စောအေး(ခ) စောမောင်ကလေး (၃၅)နှစ်တို့အား သေဒဏ်ကျခံစေရန်လည်းကောင်း၊ လေးအောင်(ခ) ဖားကော့လလ(၄၃)နှစ်အား တစ်သက်တစ်ကျွန်း ပြစ်ဒဏ်ကို လည်းကောင်း အသီးသီးအမိန့်ချမှတ်လိုက်သည်။

ဖြစ်စဉ်မှာ မော်လမြိုင်မြို့ မြေနီကုန်းကားဝင်းမှ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်တို့မှ ခရီးသည်များ တင်ဆောင်၍ မော်လမြိုင်မှ ရန်ကုန်သို့ ထွက်ခွာသွားစဉ် ၂၀၁၃ ခုနှစ် ဒွန် ၈ ရက် ည ၉ နာရီက ခရီးသည်ဟန်ဆောင်လိုက်ပါသွားသည့် ခြောက်ဦးက အသင့်ကိုင်ထားသည့် လက်နက်ဖြင့် မွန်ပြည်နယ် သထုံခရိုင် သထုံမြို့နယ် မိုင်တိုင် အမှတ် (၁၅၄/၄)နှင့် (၁၅၄/၅) ကြား ဘုရားကုန်းကွေ့သို့ အရောက်တွင် သေနတ်ဖြင့် ခြိမ်းခြောက်ပြီး မြေလမ်းအတွင်းသို့ ကားကို မောင်းသွင်းစေကာ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့ကို ပစ်ခတ်သတ်ဖြတ်၍ ခရီးသည်များထံမှ လက်ကိုင်ဖုန်းများ၊ လက်ဆွဲအိတ်များ၊ ငွေသားများနှင့် ရွှေငွေလက်ဝတ်ရတနာများကို လုယူတိမ်းရှောင်သွားခဲ့ခြင်းဖြစ်သည်။

လုယူတိမ်းရှောင်သွားသူများအား အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် မွန်ပြည်နယ် ရဲတပ်ဖွဲ့မျူး ရဲမျူးကြီး မျိုးဆွေဝင်းကြီးကြပ်ဦးဆောင်သော တပ်ဖွဲ့ဝင်များ၊ သထုံခရိုင် ခရိုင်ရဲတပ်ဖွဲ့မျူးနှင့် တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၊ သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများ ပူးပေါင်းပါဝင်သောအဖွဲ့မှ အမှုကျူးလွန်တိမ်းရှောင်သွားသူများအား သက်သေခံလက်နက်နှင့် လုယူသွားခဲ့သော ပစ္စည်းတန်ဖိုး ၄၈ သိန်းတို့ကို ပြန်လည်သိမ်းဆည်းရမိခဲ့သည်။

အဆိုပါ အမှုကို သထုံမြို့နယ် ရဲတပ်ဖွဲ့၊ ရဲအုပ်ညွှန့်ဝင်းနှင့်အဖွဲ့က စစ်ဆေးမှုများ ပြုလုပ်ပြီး တရားလိုအဖြစ် ရဲအုပ်ညွှန့်ဝင်းက သထုံမြို့မရဲတပ်ဖွဲ့စခန်းတွင် (၀)၉၀/၂၀၁၃၊ ပြစ်မှုဆိုင်ရာ ပုဒ်မ ၃၉၆ အရ အမှုဖွင့်အရေးယူတရားစွဲဆိုခဲ့ခြင်းဖြစ်သည်။

ပစ္စည်းများလု၊လူသတ်သည့် ပြစ်ဒဏ်ကျခံရသော ခြောက်ဦးအား သထုံခရိုင်ရဲတပ်ဖွဲ့၊ ခေတ္တခရိုင် ရဲတပ်ဖွဲ့မှူး ရဲမှူး ကျော်စိုးလင်း၊ သထုံမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်မင်း ဦးဆောင်သော တပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၁၆ ရက်က သထုံအကျဉ်းထောင်မှ မော်လမြိုင် အကျဉ်ထောင်သို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ကျော်သန်း(မော်လမြိုင်)

ဘားအံမြို့နယ်၌ မူးယစ်ဆေးဝါး စိတ်ကြွဆေး သုံးစွဲရောင်းဝယ်သူအား ဖမ်းဆီးရမိ

ဘားအံ ဇန်နဝါရီ ၁၇

ကရင်ပြည်နယ် ဘားအံမြို့နယ် မုဏ္ဍဒီကျေးရွာအုပ်စု၊ မုဏ္ဍဒီကျေးရွာ၊ ရွာအလယ်ပိုင်းရှိနေအိမ်တစ်လုံးသို့ စိတ်ကြွဆေးပြားရောင်းဝယ်မှုသတင်းအရ မူးယစ်တားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု(၃၁)ဘားအံနှင့် မြိုင်ကလေးရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့က ဇန်နဝါရီ ၁၄ ရက် နံနက် ၁၀နာရီက ဖမ်းဆီးဖော်ထုတ်နိုင်ခဲ့ကြောင်း သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု(၃၁)ဘားအံမှဒုရဲအုပ် စိုးနိုင်၊ ရဲတပ်ကြပ်ကြီး တင်လင်းထွန်း၊ ရဲတပ်ကြပ်ကျော်မင်းအောင်၊ နယ်မြေခံရဲကင်းစခန်းမှ နယ်ထိန်းတပ်ကြပ် မျိုးဇော်မြင့်တို့ ပူးပေါင်းအဖွဲ့တို့သည် မူးယစ်ဆေးဝါး သတင်းအရ သက်သေများနှင့်အတူ ဘားအံမြို့နယ် မုဏ္ဍဒီကျေးရွာ ရွာလယ်ပိုင်းရှိ စောအာကာဖြိုးကိုကို(ခ)အဲကျော်ကျော် ၏နေအိမ်အား မူးယစ်ဆေးဝါးရှာဖွေဖမ်းဆီးခွင့်ဝရမ်းအမှတ် (၂/၂၀၁၅)ဖြင့် ဝင်ရောက်ရှာဖွေခဲ့သည်။

ထိုသို့ရှာဖွေရာ စောအာကာဖြိုးကိုကို(ခ)အဲကျော်ကျော်ကို နေအိမ်ဘေးရှိထင်းရုံတဲအတွင်းအသင့်တွေ့ရှိရပြီး ၎င်းထိုင်နေသည့်အရှေ့စာပွဲပေါ်မှ အအေးစုပ်ပိုက်ဖြင့် ထည့်လျက် ပိုက်တိုတစ်ချောင်းလျှင် WY စာတန်းပါပန်းရောင်စိတ်ကြွဆေးပြား ၁၀ ပြားပါ ၁၉ ချောင်း စုစုပေါင်း ဆေးပြား ၁၉၀ အလေးချိန် ၁၉ ဂရမ်၊ ကရင်လွယ်အိတ်အသေးတစ်လုံးနှင့် ၎င်းအိတ်အတွင်းမှ ပလတ်စတစ်အကြည်အိတ် အသေးတစ်လုံး၊ စောအာကာဖြိုးကိုကို အမည်ပါကျောင်းသားကတ်တစ်ခုတို့ကို တွေ့ရှိ၍ သက်သေများရှေ့တွင် ဒုရဲအုပ်စိုးနိုင်က ရှာဖွေပုံစံဖြင့်သိမ်းဆည်းခဲ့သည်။

ဖမ်းဆီးရမိသောစိတ်ကြွဆေးပြားများနှင့်ပတ်သက်၍ စောအာကာဖြိုးကိုကို အားစစ်မေးရာ အဆိုပါ ဆေးပြားများကို ဘားအံမြို့နယ် ခဲတောက်ကျေးရွာအုပ်စု ကျုံပိုက်ကျေးရွာ(လိပ်စာအတိ အကျမသိ) နေထိုင်သူ အသန်းဆိုသူက ဇန်နဝါရီ ၁၁ ရက် ညနေ၅ နာရီခန့်က ၎င်းနေအိမ်ရှေ့တိုက် လမ်းကြားသို့ ရောက်ရှိလာပြီး ဆေးပြားတစ်ပြားလျှင်ကျပ် ၂၅၀၀ နှုန်းဖြင့် စိတ်ကြွဆေးပြား ၂၀၀ အား လာရောက်ပို့ဆောင်သဖြင့် အကြွေးဝယ်ယူခဲ့ပြီးသုံးစွဲ၊ ရောင်းချရာမှကျန်ရှိသော ဆေးပြားများဖြစ်ကြောင်းစစ်ဆေးပေါ်ပေါက်ခဲ့သည်။

စိတ်ကြွဆေးပြားလက်ဝယ်တွေ့ရှိသူ စောအာကာဖြိုးကိုကို(ခ)အဲကျော်ကျော် (၂၃)နှစ် မုဏ္ဍဒီကျေးရွာ (ရွာအလယ်ပိုင်း) နှင့် စိတ်ကြွဆေးရောင်းချပေးသူ အသန်း၊ ခဲတောက်ကျေးရွာအုပ်စု ကျုံပိုက်ရွာနေသူ တို့အား ဒုရဲအုပ်စိုးနိုင်မှတရားလိုပြုလုပ်၍ ဘားအံမြို့မရဲစခန်းတွင်အမှုဖွင့်လှန်စံထားပြီး ကွင်းဆက်တရားခံဖမ်းဆီးရမိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထွန်းထွန်းထွေး(ဘားအံ)

ရှမ်းပြည်နယ်
ဥပဒေနှင့်ညီထုတေတဲ့ဆောဝေ

၂၀၁၄ ခုနှစ်တွင်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ
ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းခဲ့သော ဥပဒေများ နှစ်ခုပေါ်
ဥပဒေစာရွက်စာတမ်းများ ဖြန့်ဝေနိုင်ပါသည်။

၂၀၁၅ ခုနှစ် ဇန်နဝါရီလ ရုပ်သေးပေါ်
ထွက်ပြီ

ဆောက်မြန်မာပြည်ပြန့်ကျဲရေး – ရှမ်းပြည်နယ်ဥပဒေဝေ
– ဈေးတန်(၁၀၀) စေပြည်(ဝဲ)ဒုဝှ(ဆောက်)ကျောက်ထံတားမြို့နယ်၊ရန်ကုန်မြို့၊
ဖုန်း – ၀၁–၂၅၄၀၀၃၊ ၃၀၄၆၃၁၊ ၀၉–၄၂၅၃၀၄၆၅၅၊
အထက်မြန်မာပြည်ပြန့်ကျဲရေး – နေဝါးစာဝေ (ဖုန်း)– ၀၂–၃၉၀၆၉

ရေလုပ်ငန်းနှင့်ပတ်သက်သော စီးပွားရေးလုပ်ငန်းများအတွက် ကိုယ်ပိုင်ဆိပ်ကမ်း အခွင့်အရေးရှိသော မြေကေကျယ်ဝှားမည်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ ပဲခူးမြစ်ကမ်း နဖူးပေါ်ရှိ ကိုယ်ပိုင်ဆိပ်ကမ်းအဖြစ် အသုံးပြုနိုင်သော (၁.၇၅ ဧက)ရှိခြံခတ်ပြီး၊ ဂရန်မြေနှစ်ချုပ်ဖြင့် အမြန်ငှားမည်။

ဆက်သွယ်ရန်ဦးကျော်မင်းလှိုင်

၀၉-၇၉၃၇၀၇၀၆၉

ဇရတနာထွန်း
ဒုံအမှတ်-၄၅၅၊အဟတ်အမှတ်စဉ်-၇၆
မြန်မာတစ်နိုင်ငံလုံး
ပထမ

ရိက္ခာသာမက သိက္ခာပါရှိသော
ညည်လမ်းညွှန်
ဝင်ငွေ

Aptis သမ္မတပညာသင်ဆု ပုံမှန်(၂၄)ဖတ်သင်တန်း ဖွင့်ပြီ။

လွှဲချန်တို့၏
ကျက်မရှိ
အင်္ဂလိပ်စာဌာန ဆရာဟောင်း

စာအုပ်ထွက်တော့မည်။ KBZ ကျောက်တံတားဘဏ်ခွဲမှ ငွေလွှဲ၍ မှာယူနိုင်ပါသည်။
Account No. 173-301-17300050001
Price: K - 5000

ဘဘရ၊ ဥ၉–လမ်း(လယ်)၊ မဟာဗန္ဓုလမ်းထောင့်၊ ကျောက်တံတားမြို့နယ်။ / ၂၁၂၊ ပ–ထပ်(ဃ)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်။
09731293 58,0931693030,0931860260, Res: 0930010056

ဆရာဦးမြင့်ဦး(အောင်ပွဲဝင် ရူပဗေဒ)ဦးစီးတည်ထောင်၍ ဆရာမဒေါ်မြတ်သီတာဦး နှင့် ဆရာဇြိမ်းချမ်း စီစဉ်သည်။

ဒေါ်ရေ

ကိုယ်ပိုင်အထက်တန်းကျောင်း
(၅တန်း မှ ၁၀တန်းအထိ)
အဆင့်မြင့်ဘော်ဒါ၊ နေ့တက်ဘော်ဒါ
ထူးချွန်ရေးစာသင်ဝိုင်းများ နှင့်

- ကျူရှင်လခ နှင့် ညီမျှသော ကျောင်းလခဖြင့် ကိုယ်ပိုင်ကျောင်းတက်ရောက်ခွင့်ရှိမည်။
- ကျောင်းသား/သူများ စိတ်ချမ်းမြေ့စွာပညာသင်ယူနိုင်ရန်အတွက် ကျယ်ဝန်းသောခြံဝင်းအတွင်း အဆင့်မြင့်လုံးချင်းတိုက်တွင် (အလင်းရောင်နှင့်လေဝင်လေထွက်ကောင်းမွန်၍) သပ်ရပ်သန့်ရှင်းသော စာသင်ခန်းမများစီစဉ်ပေးထားသည်။
- ကျောင်းသား/သူများ ကျန်းမာရေးအတွက် ကျယ်ဝန်းသော ကျောင်းဧရိယာအတွင်း အားလပ်ချိန်တွင် ပျော်ရွှင်စွာ ကစားနိုင်သည်။
- ဘော်ဒါဆောင်နေမည့် ကျောင်းသား/ကျောင်းသူများအတွက် Condo အဆင့်မီ ပြင်ဆင်ထားသည့် တိုက်သစ်များတွင် လေအေးပေးစက်တပ်ဆင်ထားသော အိပ်ခန်းများစီစဉ်ထားသည်။
- မိဘနှင့် ခွဲမအိပ်နိုင်သော ကျောင်းသား/ကျောင်းသူများအတွက် နေ့တက်ဘော်ဒါစီစဉ်ထားသည်။
- ဘော်ဒါဆောင်နှင့်ကိုယ်ပိုင်ကျောင်းသို့ မိဘ/အုပ်ထိန်းသူနှင့် ကျောင်းသား/သူကိုယ်တိုင် လာရောက်စုံစမ်းပြီး ယုံကြည်စိတ်ချ စိတ်တိုင်းကျမှကျောင်းအပ်နှံပါ။
- ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် ကြိုတင်လက်ခံပြီ။ လျှပ်ဦးရေ ကန့်သတ်ထားပါသဖြင့် ကြိုတင်အပ်နှံမှသာ နေရာအတွက်စိတ်ချရပါမည်။ (ကျောင်းကြို/ပို့ကားရှိသည်။)
- **ကျောင်းတည်နေရာ**- အမှတ်(၄၇၆-A) ဒဂုံလွင်လမ်းနှင့်မြလေးရုံလမ်းထောင့်၊ မေတ္တာညွှန်ကြားရေးမှူး၊ တာမွေမြို့နယ်။ **စုံစမ်းအပ်နှံရန်**-အမှတ်(၃၇)၊ ပထမထပ်၊ (၁၆၆)လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။

ကိုယ်ပိုင်ကျောင်းတက်ရောက်မည့် ကျောင်းသား/သူများ အမိုးရှိအားထားကျောင်းတက်ရောက်မယ်ပါ။
အမိုးရှိ အားထားကျောင်းတက်ရောက်မည့်ကျောင်းသား/သူများ အထူးစာသင်ဝိုင်းများတွင်တက်ရောက်နိုင်သည်။

Ph: 09-252229991, 09-252229992
09-252229993, 09-730332012

မြဝတီခရိုင် ရွှေတိဂုံပုံတူစွယ်တော်ပွားစေတီ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

မြဝတီ၊ ဇန်နဝါရီ ၁၇

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့သီဟာသနကုန်းတော်ပေါ်တွင် တည်ဆောက်လျက်ရှိသည့် ရွှေတိဂုံပုံတူစွယ်တော်ပွားစေတီ(မြဝတီ) စေတီတော်ပရိဝုဏ်၌ ဇန်နဝါရီ ၁၇ရက်၊နံနက်၇နာရီက စုပေါင်းသန့်ရှင်းရေးကို ပြုလုပ်ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

အဆိုပါ ရွှေတိဂုံပုံတူစွယ်တော်ပွားစေတီ၌ခရိုင် အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦး၊ ဦးဆောင်၍ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာအကြီးအကဲများနှင့် ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်း အဖွဲ့များ၊မြို့မိမြို့ဖများနှင့် ပြည်သူများစုပါင်းပြီး သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းသာယာလှပရေးအတွက် စုပေါင်းသန့်ရှင်းရေးကို ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

ထိန်လင်းအောင်(ပြန်/ဆက်)

စိုက်ပျိုးစရိတ်ချေးငွေပေးအပ်ပွဲကျင်းပ

ဆိပ်ဖြူ၊ ဇန်နဝါရီ ၁၇

ဆိပ်ဖြူမြို့နယ်သမဝါယမအသင်းစု၏စိုက်ပျိုးစရိတ်ချေးငွေပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၄ ရက် နံနက် ၁၀နာရီ၌ မြို့နယ်သမဝါယမအသင်းရုံးတွင်ကျင်းပခဲ့သည်။

ချေးငွေပေးအပ်ပွဲတွင်ချေးငွေပေးအပ်ရခြင်းအကြောင်းနှင့် ငွေစုငွေချေးလုပ်ငန်းများဆောင်ရွက်ရာတွင် လိုက်နာရမည့် စည်းကမ်းများနှင့် ချေးငွေအား အမှန်တကယ်အသုံးပြုဆောင်ရွက်ကြရန်တို့ကို မြို့နယ်သမဝါယမဦးစီးဌာန အသင်းစုကပြောကြားခဲ့သည်။ ဆိပ်ဖြူမြို့နယ်ရှိ စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းစု ၂၅ ခုရှိအသင်း၀င်ပေါင်း ၁၄၈၀ အတွက် ကျပ်သိန်းပေါင်း ၁၄၀၆ ကိုထုတ်ချေးပေးခဲ့ကြောင်းသိရသည်။

အောင်(မန်းတက္ကသိုလ်)

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ အမှတ်(၂၅) သိမ်ကျောင်းလမ်း မြတ်မိုးဟိန်းပိုက်ဆိုင်ပိုင်ရှင် ဦးစန်းဒရာမိသားစုမှ သန်လျင်အထွေထွေရောဂါကုဆေးရုံကြီးတွင် အသုံးပြုရန်အတွက် ငွေကျပ် လေးသိန်းတန်ဖိုးရှိ ရေစက်(Compressor) တစ်လုံးကို သန်လျင်နာရေးကူညီမှု အသင်းအမှုဆောင်များနှင့်အတူ ဇန်နဝါရီ ၁၁ ရက်က သွားရောက် လှူဒါန်းရာ သန်လျင်ဆေးရုံအုပ်ကြီး ဒေါက်တာ ချိုချိုလွင်နှင့် အထူးကုဆရာဝန်ကြီးများမှ လက်ခံစဉ်။

တင်မောင်ငွေ(သန်လျင်)

ရွှေကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးဆွေးနွေး

သဲကုန်း၊ ဇန်နဝါရီ ၁၆

၂၀၁၅ ခုနှစ်တွင်ကျင်းပပြုလုပ်မည့် အထွေထွေရွှေကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးနှင့် မဲစာရင်းများတိကျမှန်ကန်စွာ ဆောင်ရွက်နိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီး ရွှေကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များနှင့် သဲကုန်းမြို့နယ် ရွှေကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ၊ ရပ်ကွက်၊ ကျေးရွာရွှေး ကောက်ပွဲကော်မရှင် အဖွဲ့ခွဲ အဖွဲ့ဝင်များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၉ ရက်က သဲကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင်ပဲခူးတိုင်းဒေသကြီး ရွှေကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဝင်းမောင်ကအဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ရွှေကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် တိုင်းဒေသကြီးဥပဒေအရာရှိ ဦးဇော်လင်းမောင်က ရွှေကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေများကိုလည်းကောင်း၊ အဖွဲ့ခွဲအတွင်းရေးမှူး ဦးကျော်စိုးက ရွှေကောက်ပွဲဆိုင်ရာကိစရပ်များ ကိုလည်းကောင်းရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာကြသူများကသိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

မြင့်နိုင်(ပြည်)

မြစ်ကြီးနားမြို့နယ်ရှိစာကြည့်တိုက်များအား စာအုပ်များလှူဒါန်း

မြစ်ကြီးနား၊ ဇန်နဝါရီ ၁၇

မြစ်ကြီးနားမြို့နယ်အတွင်းရှိ ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်များလှူဒါန်းပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၇ရက် နံနက်ပိုင်းက မြစ်ကြီးနားမြို့အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲတင့်က ကျေးရွာစာကြည့်တိုက်များ ဖွင့်လှစ်ဆောင်ရွက်ပေးနေမှု၊ စာကြည့်တိုက်များရှင်သန်ခိုင်မာရေးနှင့် စာတတ်သူတိုင်း စာဖတ်နိုင်ရေး ကြိုးစားဆောင်ရွက်ပေးရန်တို့ကို တိုက်တွန်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းက လှူဒါန်းသော သုတ/ရသစာအုပ် ၂၀၀၀ ကျော်ကို မြစ်ကြီးနားမြို့နယ်အတွင်းရှိ ကျေးရွာစာကြည့်တိုက်များအတွက် ပေးအပ်လှူဒါန်းခဲ့ကြောင်းသိရသည်။

ပြည်နယ်ပြန်/ဆက်

သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့ လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရှေ့တိုက်ကိုစိုး

အမည်ပြောင်း

အမက(၃)မူလွန် ဗဟန်း၊ ဒုတိယတန်းကုံကော်ခန်းတွင် တက်ရောက်နေသော အိမ့်မိုမို့ကျော်(၁)အိမ့်ချစ်အားယနေ့မစ္စ၍ အိမ့်သက်မျိုးခင်(၁)အိမ့်ချစ်ဟု ပြောင်းလဲခေါ်ဆိုပေးပါရန်။

EMPEROR Travels
ရွှေဂက်တော်မွှင့်ပွဲ(သီးသန့်) Jan22,23
ပုဂံ၊ ပုဗွါး၊ ရွှေယိတော်လေးဆူ၊ ပခုက္ကူ
ကျိုက်ထီးရိုး(ရေ၀ဲ)/ရောင်းသာ(ရေ၀ဲ)
ကားပျံုးရုံစီးလုံးငှား ဝန်ဆောင်မှု
09-254881345,09-254125488

အမှတ်တရ
ဘုရားဖူးနှင့်အပန်းဖြေလေ့လာရေးအသင်းမြင့်ခရီးသွားဝန်ဆောင်မှု
ဒေသခံများစီစဉ်သောမွန်၊ကရင်နှင့်တနင်္သာရီအဆင့်မြင့်ခရီးစဉ်များ
ကရင်ပြည်နယ်ဂူဘုရားများနှင့်ကျိုက်ထီးရိုး- Jan 23,Feb 6
မော်လမြိုင်၊စက်စဲ၊ကျိုက္ကမီ - Feb 20
အမှတ်တရ ခရီးခရီးတိုင်းမှာ သင်ဟာ VIP ပါ။
ကုမ္ပဏီများ၊အသင်းအဖွဲ့များ၊သင်တန်းကျောင်းများ၊အတွက်အထူးခရီးစဉ်များ၊ကိုစီစဉ်ဆောင်ရွက်ပေးပါသည်။
ဖုန်း - ၀၉-၂၅၂၂၀၀၁၅၅ ၀၉-၂၅၁၂၂၂၉၂၂ ၀၉-၃၂၂၂၂၉၉၄ ၀၉-၄၉၇၇၂၂၁၁

ဘင်းလေးချစ်သူ (Travels & Tours)
အဆင့်မြင့်ဘုရားဖူးခရီးသွားလုပ်ငန်း
☆ ဘင်းလေးချစ်သူ၏ ရာသီသစ် ခရီးစဉ်များ
- တောင်ကြီး၊ အင်းလေး၊ ကလော၊ ပင်းတယ၊ လယ်မုန်း၊ ကညွှန့်(Hotel-2N) (Feb-13/27) 119,000/-
- မုဗွါ၊ ပုဂံ၊ ရွယ်တော်လေးဆူ၊ မြည့်ခွန်မြည်း၊ ပခုက္ကူ(Hotel-2N) (Feb-13) 109,000/-
- မကွေး၊ ပင်းဘူး၊ မတ္တမ်း ကျောင်းတော်ရား ရွှေဂက်တော်း ထုံးတို့ မြည်(Tent-1N) (Feb-6/20) 75,000/-
- ပန်းလေး၊ စမ်ကိုင်း၊ အင်းဝ၊ အလောင်းတော်ကယား (Hotel-2N) (Feb-27) 119,000/-
- ပန်းလေး၊ စမ်ကိုင်း၊ အင်းဝ၊ ပြင်ဦးလွင်၊ အလောင်းတော်ကယား(Hotel-3N) (Jan-31) 149,000/-
- တောင်ကြီး၊ အင်းလေး၊ လွိုင်ကော်၊ ပင်းတယ၊ ကုံလုံ၊ လယ်မုန်း(Hotel-3N) (Jan-23) 149,000/-
Ph : 09421030814, 09400441819, 09250092602, 095010851

ဦးကျော်မြင့်[၁၂/မဂဒ(နိုင်)၀၄၉၂၄၂] **Chairman,**
Great Father Land Construction & Decoration Co.,Ltd
အမှတ်-၂၃/၂၂၊ ပိုလ်မြတ်ထွန်းလမ်း၊ ပိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ သိစေရန်။

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွှန့်အိမ်ရာ၊ ဒဲဂုံလွင်လမ်း၊ တိုက်-၂ အခန်း-၂၀၃နေ ဒေါ်မြင့်မြင့်မာ[၁၂/ရကန(နိုင်)၀၁၃၅၁] ၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းသိစေအပ်ပါ သည်။

လူကြီးမင်း၏ ကုမ္ပဏီမှ ဆောက်လုပ်လျက်ရှိသော ရန်ကုန်မြို့၊ သန်လျင်မြို့နယ်၊ ပိုလ်ချုပ်ကျေးရွာ၊ မြို့ပတ်လမ်း၊ အမှတ်(၆၉၆) (၂၇)ခန်းတွဲ(၄)ထပ်တိုက်၏ ဒုတိယထပ်၊ အခန်းအမှတ် (SB-၁၄၊၁၅၊၁၆)ဟုခေါ်တွင်သော တိုက်ခန်း(၃)ခန်းအား ၁၅-၅-၂၀၁၄ရက်စွဲပါ "တိုက်ခန်း အရောင်းအဝယ်နှစ်ဖက်သဘောတူကတိစာချုပ်"ဖြင့် တိုက်ခန်းတန်ဖိုးငွေများအားလုံးဖြစ်သော ငွေကျပ် ၂၅၅၀၀ ဝဝပိ/- (ကျပ်နှစ်ရာငါးဆယ့်ငါးသိန်းတိတိ)အား အပြေအကျေပေးချေဝယ်ယူခဲ့ရာ လူကြီးမင်းကုမ္ပဏီမှလက်ခံရယူခဲ့ပါသည်။

လူကြီးမင်းကုမ္ပဏီအနေဖြင့် အဆိုပါတိုက်ခန်းများအား (၆-လ)အတွင်း အပြီးတည်ဆောက်ပေးအပ်မည်ဖြစ်ကြောင်း ဝန်ခံကတိ ပြုခဲ့သော်လည်း အဆိုပါတိုက်ခန်းဆောက်လုပ်မည့် မြေနေရာတွင် ယနေ့တိုင် အဆောက်အအုံအား ပြီးစီးအောင် ဆောက်လုပ်ခြင်း မရှိသေးကြောင်းနှင့် လူကြီးမင်းတို့ ကုမ္ပဏီရုံးခန်းမှာလည်း ပိတ်သိမ်းထားကြောင်း တွေ့မြင်ရပါသည်။ထို့ကြောင့် လူကြီးမင်းတို့ ကုမ္ပဏီမှစာချုပ်စာတမ်းဖြင့် လက်ခံရယူထားသော တိုက်ခန်း(၃)ခန်း၏ တန်ဖိုးငွေများနှင့် နစ်နာကြေးငွေများကို ယနေ့မှ(၇)ရက်အတွင်း ပြန်လည်ပေးအပ်စေလိုပါသည်။ အကယ်၍ လူကြီးမင်းတို့ ကုမ္ပဏီအနေဖြင့် သတ်မှတ်ကာလအတွင်း ပြန်လည်ပေးအပ်ခြင်းမပြုပါက လူကြီးမင်းနှင့်တကွ လူကြီးမင်းတို့ကုမ္ပဏီအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာတရားစွဲဆိုဆောင်ရွက် ရလိမ့်မည်ဖြစ်ပါကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးတင်ထွန်း H.G.P;LL.B(Advocate) ဦးရွှေသိန်းမြင့်
တရားလွှတ်တော်ရှေ့နေ(၅၇၆၀/၉၁) အထက်တန်းရှေ့နေ(၁စဂ၉၆)
ဖုန်း ၀၉-၃၃၁၁၉၂၅ ဖုန်း ၀၉-၅၁စ၅၀၃
အမှတ်(၁၃၂)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

- သူငယ်ချင်းကို ပေးဖို့ အနုအလှ ကဗျာ
- ချစ်သူကို ပေးဖို့ သမုဒယစာ . . .
မောင်စိန်ဝင်း (ပုတီးကုန်း)
အချစ်ကဗျာစုစည်းမှု
ဦးအေးသိန်း(၁၂/အစန(နိုင်)၁၀ပပမ၇)မြင့် ရွှေဘုံသာ ကမ္ဘောဘေဏ်ခွဲသို့ ငွေလွှဲမြို့ (၁၀)အုပ်နှင့်အထက် မှာယူသူများအတွက်(ကားဂိတ်ရှိသောမြို့များသို့) အရောက်ပို့ပေးပါမည်။ စာအုပ်တန်ဖိုးမှာ သုံးထောင်ကျပ်မြစ်ပြီး တိုက်သို့ လာရောက်ဝယ်ယူသူများနှင့် နယ်မှ ငွေပို့ရှိမှာသူများအတွက် **နှစ်ထောင့်ငါးရာကျပ်** ဖြင့် ရောင်းချပေးပါမည်။
Union Publishing House 09-5158462
အမှတ်(၁၇၉)၊ ဒုတိယထပ်(ဝ)၊ ဝှာလမ်း(အထက်)၊

ခွေးရောင်းမည်
Golden Retriever
Shitzu+Terrier
ခွေးမျိုးစုံမှာယူနိုင်ပါသည်။
HP:09-73115356

ဒဂုံမြို့သစ်
(ထောင်ပိုင်း)၊(ဆိပ်ကမ်း)
မြေကွက်များ၁ယ်လိုသည်
ဖုန်း -0943075129

ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ကျေးရွာ ချောင်းကူးတံတားတည်ဆောက်

တံတားအဟောင်းကို တွေ့ရစဉ်။

သထုံ၊ ဧနှစ်၊ ဧနှစ်၀ါရီ ၁၇

သထုံမြို့နယ် ဓနုကျေးရွာအဝင် ချောင်းကူးတံတားကို မွန်ပြည်နယ်အစိုးရမှ ချထားပေးသည့် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ သိန်း ၁၄၀ ဖြင့် ဇန်နဝါရီ ၁၅ ရက်က စတင်တည်ဆောက်လျက်ရှိကြောင်း သိရသည်။

"ဒီတံတားက ရွာအတွက် မရှိမဖြစ်တံတားပါ။ ရွာသားအားလုံးက နေ့စဉ်အသုံးပြုနေရတဲ့ တစ်ခုတည်းသော ရွာအဝင်တံတားဖြစ်ပါတယ်။ တံတားအဟောင်းက သစ်နဲ့လုပ်ထားတာ နှစ်လည်းအတော်ကြာပြီဆိုတော့ ယိုင်နဲ့နေပြီ၊ အတော်လည်းကျဉ်းပါတယ်၊ လူနဲ့စက်ဘီးလောက်ပဲ သွားလာလို့ရတယ်။ ကျွန်တော်တို့ရွာရဲ့ အင်အားနဲ့ ခုလုပ်မယ့် တံတားမျိုး ဘယ်လိုမှ မဆောက်နိုင်ဘူး၊ ခုလိုချထားပေးတဲ့အတွက် ရွာရဲ့ကိုယ်စား အရမ်းကျေးဇူးတင်ပါတယ်"ဟု ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသန်းလွင်က ပြောသည်။

အဆိုပါ ချောင်းကူးတံတားတည်ဆောက်ရာသို့ သထုံမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်နှင့် တာဝန်ရှိသူများသွားရောက်ကြည့်ရှုအားပေးခဲ့ကြပြီး တံတားရေရှည်တည်တံ့ရေးအတွက် စေတနာအပြည့်ဖြင့် ပူးပေါင်းဆောင်ရွက်ကြရေးတို့ကို ဆွေးနွေးပြောကြားခဲ့သည်။

ယခုတည်ဆောက်မည့်တံတားမှာ အလျား ၄၀ ပေ၊ အနံ ၁၂ ပေ နှင့် အမြင့် ၁၂ ပေရှိ သံကူကွန်ကရစ် တံတားအမျိုးအစားဖြစ်သည်။ **သက်ဦး(သထုံ)**

စံပြကျေးရွာ လူနေအိမ်များ မဲစနစ်ဖြင့် ခွဲဝေချထား

ဂန့်ဂေါ၊ ဧနှစ်၀ါရီ ၁၇

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်အတွင်း တည်ဆောက်လျက်ရှိသည့် မြစ်သာရေလှောင်တမံ ဘက်စုံစီမံကိန်း၏ ရေဝပ်ဧရိယာအတွင်းကျ ရောက်မည့် ပနန်း၊ ယင်းမာ၊ စင်ပုံနှင့် စပယ်ကျေးရွာများမှ ပြည်သူများအတွက် စံပြကျေးရွာကွက်သစ်ကို စီမံကိန်း၏ လုပ်ငန်းစဉ်တစ်ခုအဖြစ် ထည့်သွင်းဖော်ထုတ် တည်ဆောက်ခဲ့ရာ အဆိုပါလူနေအိမ်များကို မဲဖောက်စနစ်ဖြင့် ခွဲဝေချထားပေးခဲ့ကြောင်း သိရသည်။

ထိုသို့ဆောက်လုပ်ရာတွင် ပနန်းကျေးရွာအတွက် ၁၃၅ လုံး၊ ယင်းမာကျေးရွာအတွက် ၆၇ လုံး၊ စင်ပုံကျေးရွာအတွက် ၉၆ လုံး၊ စပယ်ကျေးရွာအတွက် ၇၇ လုံးတို့ကို ဆောက်လုပ်ထားရာ အဆိုပါ စံပြကျေးရွာကွက်သစ်ရှိ နေအိမ်များအား ဇန်နဝါရီ ၁၅ ရက်က သက်ဆိုင်ရာ ကျေးရွာနေပြည်သူများအတွက် အိမ်ထောင်စုများအလိုက် မဲဖောက်စနစ်ဖြင့် ခွဲဝေချထားပေးခဲ့သည်။

အဆိုပါ မဲဖောက်စနစ်ဖြင့် ခွဲဝေချထားရာသို့ ဂန့်ဂေါခရိုင်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်ဇင်နှင့် ခရိုင်အဆင့်ကြီးကြပ်မှု ကော်မတီဝင်များနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှဝင်းအောင်နှင့် မြို့နယ်အဆင့် ကြီးကြပ်မှု ကော်မတီဝင်များက ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြသည်။ **(၄၆၅)**

လယ်တဲနှင့်လယ်ကွင်းများ၌ကလေးတစ်ယောက်တည်းမထားကြရန်မှာကြား

ဒိုက်ဦး၊ ဧနှစ်၀ါရီ ၁၇

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ဒိုက်ဦးမြို့နယ် အ. ထ. က (၂)ကျောင်းခန်းမ၌ အဓမ္မမှုလျော့နည်းပျောက်ရေးဟောပြောပွဲကျင်းပခဲ့ရာ လယ်တဲနှင့် လယ်ကွင်းများ၌ မိမိသားသမီးများအား တစ်ယောက်တည်းမထား ကြရန် အ. ထ. က(၂) ကျောင်းအုပ်ဆရာကြီးဦးလှကျော်ကဟောပြောပွဲတွင် ထည့်သွင်းဟောပြောခဲ့သည်။

အဆိုပါ ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာကြီးဦးလှကျော်က မူလတန်း အရွယ်ကလေးများအား လူပြတ်လပ်သောနေရာသို့ တစ်ယောက်တည်းမလွှတ်မိစေရန်၊ သွေးဆောင်ဖြားယောင်းမှုအား မယုံကြည်ကြရန် ဆရာ၊ ဆရာမများမှ အသိပေးပြောကြားထားရန်လိုကြောင်း၊ မိဘများမှလည်း နေအိမ်အတွင်းရှိစဉ် ကလေးများကို ခြံဝင်းတံခါးများအား ဂရုစိုက်၍ပိတ်ရန်လိုကြောင်း၊ လူစိမ်းများဝင်လျှင် ပတ်ဝန်းကျင်သို့ အော်ဟစ်အကူအညီတောင်းရန်၊ လယ်တဲနှင့်လယ်ကွင်းများ၌ မိမိသားသမီးများအား တစ်ယောက်တည်းမထားကြရန် NGO အဖွဲ့အစည်းများနှင့် ဌာနဆိုင်ရာများမှ ဖြန့်ဝေသည့် ပညာပေးလက်ကမ်းစာစောင်များနှင့် ဇာတ်လမ်းခွေများအား ကြည့်ရှုကြရန်လိုကြောင်း ဟောပြောခဲ့သည်။

ယင်းဟောပြောပွဲသို့ မူလတန်းကျောင်းသားမိဘ ၂၃၀ ဦးခန့် တက်ရောက်ခဲ့ကြသည်။ **ရွှေတိုင်လွင်**

စာဖတ်ပြိုင်ပွဲနှင့်စာအုပ်လျှောဒါန်းပွဲ နားခံ အ-ထ-က(ခွဲ) ကျောင်းတွင်ကျင်းပ

မိုးနဲ၊ ဧနှစ်၀ါရီ ၁၇

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုးနဲမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျင်းပသော စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် သုတ၊ရသ စာအုပ်များလျှောဒါန်းပွဲကို ဇန်နဝါရီ ၁၅ ရက် နံနက် ၁၀ နာရီက နားခံကျေးရွာအုပ်စု အ-ထ-က(ခွဲ)ကျောင်းတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် အ-ထ-က(ခွဲ) ကျောင်းအုပ်ဆရာကြီး ဦးစိုးနိုင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးညွှန့်ရွှေက စာပေကို ဖတ်ရှုမှတ်သားပြီး မိမိဖတ်ရှုမှတ်သားထားသော စာပေအား တစ်ချိန်တည်း ပြန်လည်ပြောခြင်းအားဖြင့် မှတ်ဉာဏ်များ ဖွံ့ဖြိုး တိုးတက်လာစေမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။

ယင်းနေ့က စာဖတ်စွမ်းရည်ပြိုင်ပွဲတွင်ဆုရရှိသောကျောင်းသားများအား ဆုများအသီးသီးချီးမြှင့်ကြပြီး ကျောင်းစာကြည့် တိုက်အတွက် စာပေရေချမ်းစင် စာစဉ် ၁၀၄ အုပ်၊ ကြေးမုံသတင်းစာ ငါးတွဲနှင့် စာစောင်/ဂျာနယ်များကို မြို့နယ်ဦးစီးမှူးက ပေးအပ်လျှောဒါန်းခဲ့သည်။ **မျိုးညွှန့်ရွှေ(မိုးနဲ)**

မိုးပွင့်(အထူး)စီမံချက် ရှင်းလင်းပွဲကျင်းပ

ရန်ကုန်၊ ဧနှစ်၀ါရီ ၁၇

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း ဧရာ၀တီခန်းမ၌ ဇန်နဝါရီ ၁၁ ရက် နံနက် ၉ နာရီက မိုးပွင့်(အထူး)စီမံချက် အောင်မြင်စွာဆောင်ရွက်နိုင်ရေး ရှင်းလင်းတင်ပြခြင်းနှင့် ဆွေးနွေးတိုင်ပင်ခြင်း အခမ်းအနား ကျင်းပခဲ့သည်။

ယင်းအခမ်းအနားတွင် မော်ဘီမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်မြင့်၊ အင်းစိန်မြို့နယ်မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဆန်းမြင့်တို့က အဖွင့်အမှာစကားပြောကြားကာ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြောက်ပိုင်းခရိုင် ဦးစီးဌာနမှူး ဦးရဲရင့်ထွန်းက မိုးပွင့်(အထူးစီမံချက်)အစီအမံများနှင့် ရှေ့ဆက်လက်ဆောင်ရွက်သွားရန် ဖြေလျှော့မည့် လုပ်ငန်းများအား ရှင်းလင်းတင်ပြခဲ့သည်။ **မြင့်ဦး (အင်းစိန်)**

ဂုဏ်ယူဝမ်းမြောက်ခြင်း

ဆရာမ ဒေါ်ညိုမာသန့် (Costume Designer) Phu Thit Fashion နှင့် မခိုင်ဇင်လတ်တို့၏ မိခင်ကြီး ဒေါ်ဌေးဌေးဝင်း (ပွင့်ဖြူ)၊ ဖူးသစ်ပိုးထည်တိုက်အား နိုင်ငံတော်မှ သုဓမ္မသိရိဘွဲ့ ပေးအပ်ချီးမြှင့်ခံရခြင်းအတွက် မိသားစုနှင့်ထပ်တူ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် ဆက်လက်၍ စင်ကြယ်ဒါန-သီလဖြူစင်-ဘာဝနာပွားများခြင်းအစုစုတို့အား သက်ရှည်ကျန်းမာစွာဖြင့် ဆတက်ထမ်းပိုးတိုး၍ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

Phu Thit Fashion မှ
ဝန်ထမ်းများနှင့်သင်တန်းသူများ

N-3 (PRIVATE SCHOOL)
ကိုယ်တိုင်သင်ကြား၊ တည်ထောင်၍ တာဝန်ယူစီစဉ်ဖွင့်လှစ်သော
ဦးဉာဏ်လွင် (ရူပဗေဒ)
ဦးညီညီ (ဓာတုဗေဒ)
ဒေါက်တာဇီဝ (ဇီဝဗေဒ)
ကိုယ်ပိုင်အထက်တန်းကျောင်းနှင့် အဆင့်မြင့် ထူးချွန်ရေးဘော်ဒါ (၅ တန်း မှ ၁၀ တန်းအထိ)
၂၀၁၅-၂၀၁၆ ပညာသင်နှစ် အတွက် ကျောင်းအပ်လက်ခံနေပါပြီ
ဘော်ဆောင်ဟာ ပန်ခံ ဆရာများ၊ အုပ်ထိန်းသူများ ရယူကြည့်ရှုနိုင်ပါသည်။
အမှတ်(၁၃၄)၊ လွတ်လပ်ရေးလမ်း(ခရိုင်တရားရုံးလမ်း)၊ သုဝဏ္ဏဈေးအနီး၊ သယံနိုးကျွန်းမြို့နယ်။
Ph: 01-577874, 09-73180267, 09-4211067047, 09-420046938

ပညာရေးဝန်ကြီးဌာန၏ခွင့်ပြုချက်မှတ်ပုံတင်နံပါတ် ကက-၁၃/၁၀/ဝဂဝ
မလိုခဉ်းလှချစ်ကိုယ်တိုင်တည်ထောင်အုပ်ချုပ်သော စည်းကမ်း၊ စေတနာ၊ ပညာ တို့တွင် စံပြ
HC ပညာပါရဂူ ကိုယ်ပိုင်အထက်တန်းဆင့်ကျောင်း
(၉)တန်း၊ (၁၀)တန်း အဆင့်မြင့် ဘော်ဒါ
■ ကျောင်းသားဆောင်၊ ကျောင်းသူဆောင် သီးခြားစီထားရှိ၍ ကိုယ်ပိုင်ကျောင်းတွင် သင်ကြားရေး အထောက်အကူပြုပစ္စည်းများဖြင့် ကျောင်းသား၊ ကျောင်းသူ သီးသန့်စီ စနစ်တကျ လေ့ကျင့်သင်ကြားပေးသည်။
■ ဘော်ဒါဆောင်နှင့် ကိုယ်ပိုင်ကျောင်းသို့ မိဘ/ အုပ်ထိန်းသူနှင့် ကျောင်းသား၊ ကျောင်းသူ ကိုယ်တိုင်လာရောက်စုံစမ်းပြီး၊ ယုံကြည်စိတ်ချ၊ စိတ်တိုင်းကျမှ ကျောင်းအပ်နှံပါ။ ၂၀၁၅-၂၀၁၆ပညာသင်နှစ်အတွက်ကြိုတင်လက်ခံပါပြီ။
■ လူငယ်ရေ ကန့်သတ်ထားပါသဖြင့် ကြိုတင်အပ်နှံမှသာ နေရာအတွက် စိတ်ချရပါမည်။
အချိန်ပြည့် Guide အဆောင်မှူး(ကျား) လျှောက်ထားနိုင်သည်။
ခြံအမှတ် -၄၂(ခ)၊ နှင်းဆီလမ်းနှင့် ပါရမီလမ်းမကြီးထောင့်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁-၆၆၁၄၁၉၊ ၀၉-၅၁၃၃၅၈၀၁၊ ၀၉-၂၅၄၁၉၁၄၁၆

-ကျန်းမာရေးဆောင်းပါး-

သက်ရည်ကျန်းမာစေဖို့ရာ အဆိပ်သင့်အစာတွေရှောင်ကြဉ်ပါ

à ayusfyuf

(၁) **ပလတ်စတစ်နှင့် ဖော့ဘူး**

ပလတ်စတစ် (ကြွေပ်ကြွေပ်အိတ်)တွေထဲမှာပါတဲ့ ဆိုက်ဇာနဲ့ စတိုင်ရင်းဓာတ်များဟာ ဓာတုပစ္စည်းတွေဖြစ်တာကြောင့် အပူဓာတ်နဲ့ဖြစ်စေ၊ ဆီပါတဲ့အစားအသောက်တွေနဲ့ဖြစ်စေ ထိတွေ့မိတဲ့အခါ ၎င်းဓာတုပစ္စည်းတွေဟာ အစားအသောက်တွေထဲကို ဓာတ်ပြုပျော်ဝင်သွားပါတော့တယ်။ ဒန်ပေါက်နဲ့ စားသောက်ဆိုင်တွေမှာ သုံးနေတဲ့ ဖော့ဘူးတွေကလည်း စတိုင်ရင်းဓာတ်ပါတဲ့ 2B ပလတ်စတစ်အုပ်စုဝင်တွေပဲ ဖြစ်ပါတယ်။ ထို့နည်းတူ ကလေးနို့ဘူးတွေပြုလုပ်တဲ့ PVC ပလတ်စတစ်နဲ့ ပလတ်စတစ်ရေပိုက်တွေမှာ မိုနိုမာ(ခေါ်)အင်မတန် အဆိပ်ပြင်းတဲ့ ဓာတ်တစ်မျိုးပါဝင်နေပါတယ်။ ဒါကြောင့် ကင်ဆာရောဂါဖြစ်စေတဲ့ ပလတ်စတစ်နှင့် ဖော့ဘူးများကို ကျန်းမာရေးအသိစိတ်ဖြင့် ရှောင်ရှားသင့်ပါတယ်။ ဒုံပြင်မယ်လမင်း (ဖိုက်ဘာ)ပစ္စည်းများဟာ အပူနဲ့ ထိတွေ့တဲ့အခါမှာ ဓာတ်ပြု၍ ကျောက်ကပ်ပျက်စီးခြင်းနှင့် ကင်ဆာရောဂါများကို ဖြစ်ပွားစေပါတယ်။

(၂) **အချိုမှုန့်နှင့် ကြက်သားမှုန့်**

အချိုမှုန့်ထဲမှာပါရှိတဲ့ ဓာတုပစ္စည်းများဟာ ဦးနှောက်နဲ့ အာရုံကြောတွေကို ထိခိုက်စေတာကြောင့် လေဖြတ်၊ လေငန်းရောဂါ၊ လေးဖက်နာရောဂါ၊ နှလုံးရောဂါ၊ ကျောက်ကပ်ချို့ယွင်းပျက်စီးစေသော ရောဂါများ၊ အရိုးပွ၊ အရိုးပါး၊ အရိုးကြွေပ်ဆတ်ရောဂါ၊ ဆီးချို၊ သွေးချို နှင့် သွေးတိုးရောဂါများကို ဖြစ်ပွားစေနိုင်ပါတယ်။ ကြက်သားမှုန့်ထဲမှာတော့ ၎င်းအချိုမှုန့်အပြင်၊ တာရှည်ခံမို့သတ်ဆေးများ၊ ဓာတုပစ္စည်းများပါရောနှောပါဝင်နေတာကြောင့် ကြက်သားမှုန့်တွေက အချိုမှုန့်ထက်ပင် ပိုမိုဆိုးရွားနေပါတယ်။

(၃) **အချဉ်ရည်**

အသုပ်၊ အကြော်၊ အကင်နဲ့ တုတ်ထိုးဆိုင်တွေမှာ အသုံးပြုနေကြတဲ့ နီနီရဲရဲ အချဉ်တွေဟာ အဆိပ်ရည်ပဲဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုရင် ၎င်းအချဉ်ရည်ထဲမှာ (က) အန္တရာယ်ရှိတားမြစ်ဆိုးဆေးနီနီရဲရဲများ (ခ) ကင်ဆာဖြစ်စေတဲ့ဓာတုကြာရှည်ခံဆေး (ဂ)ကင်ဆာရောဂါဖြစ်စေတဲ့ ဆာလ်ဖျူရစ်အက်ဆစ်ပြင်းတို့ ပါရှိနေလို့ပါပဲ။ ဆာလ်ဖျူရစ်အက်ဆစ်က နည်းနည်းလေးထည့်ရုံနဲ့ အချဉ်အရသာကိုဖြစ်စေပြီး ဘက်ထရီအိုးထဲမှာသုံးတဲ့ အက်ဆစ်အမျိုးအစားပဲဖြစ်ပါတယ်။ ၎င်းဓာတ်ပါတဲ့ အချဉ်ရည်ကို ရေရှည်စားမိပါက အစာအိမ်အူလမ်းကြောင်း၊ အူမကြီး၊ အသည်းတွေကို ၁၀၀ ရာခိုင်နှုန်းပြည့် ကင်ဆာဖြစ်စေနိုင်ပါတယ်။

(၄) **အချိုရည်နှင့် ဂျယ်လီ**

အချိုရည်ဘူးတွေထဲမှာ သကြားထက်အဆ ၂၀၀ ပို၍ချိုသော ပါဝါသကြား၊ တားမြစ်ဆိုးဆေး၊ တာရှည်ခံဆေးတို့ အပြင် ကာဗွန်ဒိုင်အောက်ဆိုဒ်နှင့် ကဖိန်းဓာတ်များ ပါဝင်နေတာကြောင့် ခံတွင်းကင်ဆာ၊ ကျောက်ကပ်ရောဂါ၊ ဆီးချိုနှင့် အဝလွန်ရောဂါ အသည်းကင်ဆာတို့ကို ဖြစ်ပွားစေနိုင်ပါတယ်။ ထို့အတူ ဂျယ်လီဘူးတွေမှာလည်း တရုတ် နိုင်ငံမှလာတဲ့ ဂျယ်ရီပေါင်ဒါ၊ ဆီးထရစ်အက်ဆစ်၊ ဆိုဒီယမ်ဘန်ဇိုရိတ်(ခေါ်)တာရှည်ခံဆေးများ ပါဝင်နေလို့ ကင်ဆာဖြစ်စေနိုင်ပါတယ်။

(၅) **ကော်ဖီမစ်**

ရယ်ဒီမိတ် ကော်ဖီထုပ်များထဲမှာ ကဖိန်း၊ တာရှည်ခံဓာတုဆေး၊ ကော်ဖီအနံ့တုဆေး၊ အုန်းသီးခွံအမှုန့်များ နှင့် သကြားဖြူဆွတ်ဆွတ်(ခေါ်) ချွတ်ဆေးသကြားစသည့် ကျန်းမာရေးနဲ့ မညီညွတ်တဲ့ ကုန်ကြမ်းပစ္စည်းတွေ ပါရှိနေပါတယ်။ ၎င်းကိုသောက်ခြင်းဖြင့် ဆီးချိုရောဂါ၊ စိတ်ကျရောဂါ၊ ရင်သား၊ ဆီးအိမ်၊ ဆီးကျိတ်၊ ခြောက်၊ ငါးပိ၊ ပဲနီလေး၊ ပဲဝါလေး၊ မက်မန်းသီး၊ လက်ဖက်၊ ဆီးထုပ်နှင့် အချဉ်ထုပ်အမျိုးမျိုး၊ အနက်ရောင်ဆိုးထားသောပြောင်းဖူး၊ လူသေကောင်မပုပ်အောင်ပြုလုပ်သည့် ဖော်မလင်အသုံးပြုထားသော ပဲပြား၊ မဲနယ်ဆိုးထားသော ပုစွန်စသည်တို့မှာ တားမြစ်အန္တရာယ်ရှိဆိုးဆေးများ အသုံးပြုထားကြောင်း၊ ၎င်းရောင်စုံဆိုးဆေးများဟာ အသည်းရောဂါ နှင့် ကင်ဆာရောဂါများကို ဖြစ်စေနိုင်ကြောင်း မြန်မာနိုင်ငံစားသုံးသူ ကာကွယ်ရေးအသင်းမှ သတိပေးနှိုးဆော်ထားပါတယ်။

(၆) **ရောင်စုံဆိုးဆေးနှင့် အစားအစာ**

မျှစ်နီ၊ မျှစ်ဝါ၊ အနီရောင်ပစ္စုန်ချဉ်၊ အဝါရောင်းဆေးဆိုးထားသော ငါးပုဏ္ဏား၊ ငါးမြွေထိုး၊ ရွှေငါး၊ ကြက်သား၊ အရောင်ဆိုးထားသော ငရုတ်သီးမှုန့်၊ ပုစွန်ကြက်၊ ဝက်အူချောင်းတွေမှာ သုံးထားတဲ့ တာရှည်ခံဆေးများနှင့် အရောင်တင်ဆေးများကလည်း ကင်ဆာရောဂါဖြစ်စေနိုင်သလို ၎င်းတို့ကို ရေခဲသေတ္တာ(အအေးခန်း)ထဲမှာ သိုလှောင်ထားရတာကြောင့် အောက်စီဂျင်ဓာတ်တိုးမှုဖြစ်သွားပြီး ကင်ဆာရောဂါကို ဖြစ်စေနိုင်ပါတယ်။ ဒါ့ပြင် ၎င်းပစ္စည်းများကို မသန့်ရှင်းတဲ့ ပြန်ကြော်ဆီများဖြင့် ကြော်ခြင်း (သို့မဟုတ်)မီးကင်ခြင်းဖြင့် ကင်ဆာဖြစ်စေပြန်တာကြောင့် ကင်ဆာသုံးထပ်ကွမ်း အဆိပ်သင့်အစာများ ဖြစ်နေပါတယ်။

(၇) **အသားလုံးနှင့် ကြက်၊ ဝက်အူချောင်း**

အသားလုံး(အသားကျိတ်)များနှင့် ကြက်၊ ဝက်အူချောင်းတွေမှာ သုံးထားတဲ့ တာရှည်ခံဆေးများနှင့် အရောင်တင်ဆေးများကလည်း ကင်ဆာရောဂါဖြစ်စေနိုင်သလို ၎င်းတို့ကို ရေခဲသေတ္တာ(အအေးခန်း)ထဲမှာ သိုလှောင်ထားရတာကြောင့် အောက်စီဂျင်ဓာတ်တိုးမှုဖြစ်သွားပြီး ကင်ဆာရောဂါကို ဖြစ်စေနိုင်ပါတယ်။ ဒါ့ပြင် ၎င်းပစ္စည်းများကို မသန့်ရှင်းတဲ့ ပြန်ကြော်ဆီများဖြင့် ကြော်ခြင်း (သို့မဟုတ်)မီးကင်ခြင်းဖြင့် ကင်ဆာဖြစ်စေပြန်တာကြောင့် ကင်ဆာသုံးထပ်ကွမ်း အဆိပ်သင့်အစာများ ဖြစ်နေပါတယ်။

(၈) **ရေချိုငါးပိ၊ ငါးခြောက်၊ ငံပြာရည်**

အချို့သော ရေချိုငါးပိတွေမှာ ယူရီးယား (ပုလဲ) ဓာတ်မြေသြဇာထည့်သွင်းထားကြောင်း၊ ယူရီးယား ၃ ဂရမ်နှင့်အထက် စားမိပါက အော့အန်၊ သတိမေ့မြော၊ ကျောက်ကပ်ပျက်စီး၍ အသက်ဆုံးရှုံးသည်အထိ ဖြစ်နိုင်ကြောင်း၊ ရေချိုငါးပိမှာ ယင်မနား၊ လောက်မတက်စေရန် ၉၀ ရာခိုင်နှုန်း ယင်ဆေးခဲ(ခေါ်)ပိုးသတ်ဆေးများ အသုံးပြုထားကြောင်း၊ နိုင်ငံခြားမှ တင်သွင်းလာသော ငံပြာရည်အချို့မှာလည်း ဂလူတမစ်အက်ဆစ်များစွာ ပါဝင်နေကြောင်း၊ ၎င်းဆေးတွေသုံးထားသော ငါးပိ၊ ငါးခြောက်၊ ငံပြာရည်တို့ကို စားသောက်မိပါက ကင်ဆာရောဂါ၊ လေငန်း၊ အာရုံကြောထိခိုက်ပျက်စီးခြင်းနှင့် ကိုယ်တစ်ခြမ်းသေခြင်းများ ဖြစ်လာနိုင်ကြောင်း၊ မြန်မာနိုင်ငံစားသုံးသူ ကာကွယ်ရေးအသင်းက သတိပေးနှိုးဆော်ထားပါတယ်။

(၉) **ဖန်တီးဖြုပြင်ထားသော အသီးအနှံများ**

ဓာတုဟော်မုန်းဆေးတွေ အသုံးပြုထားတာကြောင့် အဆမတန် ကြီးထွားနေသော မုံလာဥအဖြူများ၊ အမြစ်တိုတို အလုံး တုတ်တုတ် ပဲပင်ပေါက်များ၊ ပိုးသတ်ဆေး အပြင်စား သုံးထားသော ဂေါ်ဖီထုပ်၊ ကိုက်လံ၊ မုန်ညင်းရွက်၊ ပန်းမုန်လာထုပ်၊ မုံညင်းထုပ်များ၊ ဆေးစိမ်ဆေးဖျန်း၍ မှည့်လာသော သရက်၊ သင်္ဘော၊ လိမ္မော်၊ ပန်းသီး၊ ဌက်ပျောစသဖြင့် သဘာဝလွန် အသီးအနှံတွေက ကင်ဆာဖြစ်စေနိုင်တာကြောင့် သဘာဝ Organic အမျိုးအစားကိုသာ ရွေးချယ်ရန်နှင့် ရေစင်စင်ဆေးပြီးမှသာ စားသောက်ကြစေလိုပါတယ်။

(၁၀) **ပြန်ကြော်ဆီများ**

အိမ်နီးချင်းနိုင်ငံအချို့မှ တင်သွင်းလာ

စာမျက်နှာ ၁၉ သို့

> ကလေးနို့ဘူးတွေပြုလုပ်တဲ့ PVC ပလတ်စတစ်နဲ့ ပလတ်စတစ်ရေပိုက်တွေမှာ မိုနိုမာ(ခေါ်)အင်မတန်အဆိပ်ပြင်းတဲ့ . . .

ကလေးအမည်ပေး အထူး

ကလေးငယ်လေးများအတွက် မြန်မာဂိုဏ်းတော်၊ နည်းစနစ်များ၊ အရှေ့တိုင်းနက္ခတ္တာ နည်းစနစ်များနှင့် အစဉ်အလာယဉ်ကျေးမှုတို့ကိုမှီခိုကာ အမည်များပေးထားခြင်း အမည်ပေးစာအုပ်တွင် အမည်ပေးရည်ရွယ်ချက်- ဇွဲ၊ ဉာဏ်ရည်ကောင်းမွန်ခြင်း၊ ရက်ကောင်းရက်မြတ်နှင့် အဓိပ္ပာယ်အစေ၊ နက္ခတ်အောင် မူလဖွားစာတာများ ဖြေရှင်းရေးနှင့် အလင်းတောင်း၊ ပညာရေး၊ အသက်ပိုးဆားလိုက် ကျန်းမာရေး ယဘာများ၊ တစ်သက်တာ ပြုလုပ် ဆောင်ရွက်သင့်သည့်များ၊ အရှေ့တိုင်းနက္ခတ္တာ ကြီးစဉ် မူလဖွားစာတာ စသည်ဖြင့် ပါဝင်ပါမည်။ ဖုန်းဆက်ယူပါက အိမ်အရောက်ပို့ပေးပါသည်။

ဒေါက်တာ မင်းမျိုးပြည်စုံ

B.Sc.Engg(IT), M.Sc.Engg(IT)Yrl,
B.A(Astrology), M.A(Astrology), M.Phil(Astrology), Ph.D(Astrology)(India)
Dip. in Electronics(Y.U), Dip. in IT(Y.U), Dip. CA(Y.C.U)
D.N.Engg(NHRD), D.L.T.S(Y.U), Dip. in Astrology(India)

09 - 2506 41973 | 09 - 4210 31134 | 09 - 3212 1879

Bonita Academy of English

Teacher Shwe Zin
MA (English)

Summer English
(Start: 1. 3. 2015)
Level .1
Level .2
Level .3
Level .4
Level .5

Other Available Classes
* IELTS
* TOEFL
* SAT
* 4 SKILLS
* IGCSE (CIE/ Edexel)

SCHOOL BUS AVAILABLE!

No.142, 1st Floor, 46th St., Botahtaung Tsp., Yangon
Ph. 01294328,095056872,09254127116

ရွှေလှိုင်းဆည်းဆာ
တမလွန်သူ၏မှတ်တမ်း
နေရီရီစာပေ

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဇယ်ခေါင်(၁/မကန (နိုင်)၁၃၇၄၁၀၅)၏ နိုင်ငံကူးလက်မှတ်အမှတ် ၆၅၉၂၄၀ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၀၀၀၁၅၂၄

ကျောက်မျက်အသင်းချုပ်ရုံးခန်းပြောင်းရွှေ့ဖွင့်လှစ်ခြင်း

မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်ရုံးခန်းအား ၂၀၁၅ခုနှစ်၊ ဇန်နဝါရီလ (၁)ရက်နေ့မှစတင်၍ အောက်ဖော်ပြပါလိပ်စာသို့ ပြောင်းရွှေ့ဖွင့်လှစ်ပြီးဖြစ်ပါ၍ အသင်းဝင်၊ အသင်းသား များနှင့် အသင်းနှင့်ဆက်သွယ်လိုသူများသည် အောက်ပါလိပ်စာ၊ ဖုန်း၊ ဖက်စ်၊ အီးမေးလ်၊ ဝက်(ဘ်)ဆိုဒ် များသို့ ဆက်သွယ်ကြပါရန်-

မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်
မြန်မာ့ကျောက်မျက်ရတနာအရောင်းခန်းမ
အမှတ်(၆၈)ကမ္ဘာအေးစေတီလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - (၉၅-၁)၆၅၈၁၄၈၊ ၆၅၈၁၄၉၊ ၆၅၈၁၅၀
(၉၅-၉)၈၆၁၁၂၃၉၊ ၈၆၁၁၂၈၅
ဖက်စ် - (၉၅-၁)၆၆၃၁၁၉၊ ၆၆၃၀၈၀
အီးမေးလ်-info@mgjea.com,info@mgjea.org ,mgjeaygn@gmail.com
ဝက်(ဘ်)ဆိုဒ်-www.mgjea.com, www.mgjea.org

ဒေါ်မွေးမွေး[၁၂/ကတတ(နိုင်)၀၂၀၄၉၈]နှင့် သက်ဆိုင်သူများသိရှိလိုက်နာရန် အသိပေးခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(တောင်)၊ ပဒေသာလမ်း၊ အမှတ်-၃၄(ပ-ထပ်)နေ ဒေါ်ကြူကြူထွန်း[၇/ပခန(နိုင်)၂၃၁၂၁၉]၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာပါသည်။

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မကြီးကြီးလမ်း၊ အမှတ်-၂၄တွင် နှစ်ခန်းတွဲ(၁၂)ထပ်တိုက်ကို Great Father Land Construction, Chairman ဦးကျော်မြင့်မှ ဆောက်လုပ်ရန်ဖြစ်ပြီး အဆိုပါတိုက်၏ (၉)ထပ်(A)+(B)နှစ်ခန်းတွဲ ဧရိယာ (၂၄၀၀)စတုရန်းပေကို အမှတ်-၁၇၉၊ ၄၈လမ်း၊ (မြေညီ)ဗိုလ်တထောင်မြို့နယ်နေ ဒေါ်မွေးမွေးထံမှ ၁၅-၁၀-၂၀၁၃ရက်စွဲပါ စာချုပ်ဖြင့် ဒေါ်ကြူကြူထွန်းက ငွေအချို့အဝက်ပေး၍ ဝယ်ယူခဲ့ကြောင်း စာချုပ်အရ တွေ့မြင်သိရှိရပါသည်။

ဒေါ်မွေးမွေးသည် စာချုပ်အပိုဒ်-၆၊ ၇အရ အကောင်အထည်ဖော်ဆောင်ရွက်ရန် ပျက်ကွက်နေပါသည်။ စာချုပ်ပါကတိအတိုင်း လူကြီးမင်းလက်ခံထားသည့်ငွေ၏ (၂ဆ)ဖြစ်သော ကျပ်သိန်း(၂၂၈၀)(ကျပ်သိန်းနှစ်ထောင့်နှစ်ရာရှစ်ဆယ်တိတိ)ကို ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ဒေါ်ကြူကြူထွန်းထံဖြစ်စေ၊ ကျွန်ုပ်တို့ထံဖြစ်စေ(မပျက်မကွက်) ပေးဆပ်ပါရန် အလေးအနက်အကြောင်းကြားပါသည်။ ပျက်ကွက်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း သိစေအပ်ပါသည်။

ဒေါ်ကြူကြူထွန်း၏ တာဝန်ယေးချက်အရ-
စလင်း-ဦးအောင်သိန်း(**LL.B**) ဒေါ်မေမီလှိုင်(**LL.B,LL.M**) ဒေါ်သန္တာမြင့်
တရားလွှတ်တော်ရှေ့နေများ အထက်တန်းရှေ့နေ
Master Law and Group
စာချုပ်စာတမ်းနှင့်ဥပဒေအတိုင်ပင်ခံအဖွဲ့
Ph-095401940, 09-428227313, 09-73182185

ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပမည်

ရန်ကုန်၊ ဇန်နဝါရီ ၁၇

၂၀၀၀ ပြည့်နှစ် သြဂုတ်လ ၅ရက် မှစတင်ပြီး အင်းစိန်မြို့နယ် ကြို့ကုန်းအရှေ့ရပ်ကွက် မင်းဓမ္မကုန်းတော်ပေါ်တွင် နိုင်ငံတော်မှ ဦးဆောင်၍ လောကချမ်းသာအဘယလာဘမုနိ (ကျောက်တော်ကြီး) ရှုပ်ပွားတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ကို နှစ်စဉ်နှစ်တိုင်း တပို့တွဲ လပြည့်နေ့ရောက်တိုင်း အစဉ်အလာမပျက် ကျင်းပပြုခဲ့ရာ ယခုနှစ် ၁၃၇၆ ခုနှစ် တပို့ တွဲ လပြည့်နေ့တွင် ၁၄ ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို ၁၅ ရက်ကြာ ကျင်းပမည်ဖြစ်သည်။ ဗလိနတ်စာလျှပ်ဒါန်းခြင်းနှင့် ကိုးရက်ကြာ ဝတ်ရွတ်ပူဇော်ခြင်းများလည်း ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။ **(၆၈၄)**

ကတ္တရာလမ်းသစ်ခင်းခြင်းဆောင်ရွက်

မြိတ်၊ ဇန်နဝါရီ ၁၇

အခြေခံလူတန်းစားများ နေထိုင်ရာရပ်ကွက်၊ ကျေးရွာများတွင် နိုင်ငံတော်မှ လူနေမှုအဆင့် အတန်းများ မြင့်မားသထက်မြင့်မားလာစေရန် ရည်ရွယ်ကာ ရန်ပုံငွေအသီးသီးဖြင့် ပညာရေး၊ ကျန်းမာရေး၊ လမ်း၊ တံတား တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ မြိတ်မြို့ စည်ပင်သာယာရေးအဖွဲ့မှ တနသ်ာရီတိုင်းဒေသကြီး ရန်ပုံငွေကျပ် သိန်း ၂၀၀ ဖြင့် ဇန်နဝါရီ ၁၁ ရက်မှ စတင်ကာ မြိတ်မြို့ ရပ်ကွက်အတွင်းရှိ လမ်းသွယ်များကို ကတ္တရာလမ်းသစ်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေကြောင်း သိရသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် ကန်ခေါင်းရပ်ကွက်၊ မြန်နွာလမ်းအပိုင်းကို အရှည်ပေ ၁၃၅၀၊ အကျယ် ၁၂ ပေ၊ ထု ၁၀ လက်မအထူဖြင့် ကတ္တရာခင်းကျင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ယခုအခါပြီးစီးမှုအခြေအနေသည် ၅၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလမ်းအပိုင်း ကတ္တရာခင်းကျင်းခြင်းလုပ်ငန်းများ ပြီးမြောက်ပါက ၎င်းလမ်းပိုင်းအတွင်းနေထိုင်လျက်ရှိကြသော ကာယ၊ ဉာဏ်၊ လုပ်သားပြည်သူများသည် နေ့စဉ်စားဝတ်နေရေးအတွက် သွားလာလှုပ်ရှားရာ၌ အချိန်နှင့်တစ်ပြေးညီ မြန်ဆန်စွာသွားလာနိုင်တော့မည်ဖြစ်ကြောင်း ရပ်ကွက်နေပြည်သူတစ်ဦးက ပြောသည်။

မြိတ်ခရိုင်(ပြန်/ဆက်)

လမ်းမတော်မြို့နယ် စဉ်ဆိုးတန်းဆိပ်ခံတံတားဘက်ရှိ ဆိပ်ကြီးခရောင်တိုသို့ သွားသော သမ္မာန်ကူးတို့ ဆိပ်ကမ်းမှ ရန်ကုန်လမ်းမတော်ဘက်ခြမ်းသို့ ကမ်းနားလမ်းဖြတ်ကျော် လူကူးကုန်းကျော်တံတား တစ်စင်းဆောက်လုပ်နေကြောင်း သိရသည်။ ယင်းတံတားကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ဘတ်ဂျက်ဖြင့် တည်ဆောက်ခြင်းဖြစ်ကြောင်းသိရသည်။ သတင်းနှင့်ဓာတ်ပုံ- သန့်ဇင်ဝင်း

ထန်တလန်ရိုကျေးရွာနှစ်ရွာတွင် ဆင်းရဲမှုလျှော့ချရေးဆောင်ရွက်မည်

ထန်တလန်၊ ဇန်နဝါရီ ၁၇

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာနှစ် ပြည့်စွက်ရန်ပုံငွေအဖြစ် မြစိမ်းရောင်စီမံကိန်းရန်ပုံငွေကျပ်သိန်း ၆၀၀ ဖြင့် ထန်တလန်မြို့နယ် နှာရိန်းကျေးရွာနှင့် ဖာရွန်းကျေးရွာတွင် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ဟားခါးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးနန်ဗိုးဆူမင်းမန်နှင့် ထန်တလန်မြို့နယ် ဦးစီးမှူး ဦးချန်ဟမ်းတို့သည် ယင်းရန်ပုံငွေကျပ်သိန်း ၃၀၀ စီဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် ထန်တလန်မြို့နယ် နှာရိန်းကျေးရွာသို့ ဇန်နဝါရီ ၁၀ ရက်နှင့် ၁၁ ရက်တွင်လည်းကောင်း၊ ဖာရွန်းကျေးရွာသို့ ဇန်နဝါရီ ၁၃ ရက်နှင့် ၁၄ ရက်တွင်လည်းကောင်း သွားရောက်ကာ ဒေသခံပြည်သူများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်စီမံကိန်း၏ ရည်ရွယ်ချက်နှင့် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ရှင်းလင်းဆွေးနွေးပွဲစဉ် သက်ဆိုင်ရာကျေးရွာ မြစိမ်းရောင်စီမံကိန်း ကြီးကြပ်ရေးကော်မတီအတွက် ကော်မတီဝင် ခုနစ်ဦးနှင့် ဘဏ္ဍာရေးကော်မတီအတွက် ကော်မတီဝင်သုံးဦးအား တက်ရောက်လာကြသော ဒေသခံပြည်သူများကို မဲစနစ်ဖြင့် ရွေးချယ်စေခဲ့ကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှသိရသည်။

(မြို့နယ်ပြန်/ဆက်)

သက်ရှည်ကျန်းမာစေဖို့ရာ... စာမျက်နှာ ၁၈မှ

သည့် ရေမြောင်းဆီ(ခေါ်) ပြန်ကြော်ဆီများကို ပြည်တွင်းမှာ ဓာတုဆေးများသုံး၍ အရောင်ချွတ် ပဲဆီအနှံ့ ထည့်သွင်းကာ ဆီစေးကွက်မှာ ပဲဆီသန့်ဟူ၍ တံဆိပ်ကပ်ကာ ရောင်းချနေကြကြောင်း၊ ငါးမုန့်ကြော်၊ အာလူးကြော် လုပ်ငန်း အချို့မှာလည်း ပြန်ကြော်ဆီများ ထွက်ရှိသလို ထပ်တလဲလဲပြန်လည်၍ အသုံးပြုနေကြကြောင်း၊ လမ်းဘေး လက်ဖက်ရည်ဆိုင်နှင့် စားဖွယ်စုံဆိုင်ကြီးများကို ကွင်းဆင်းစစ်ဆေးကြည့်ရာတွင် ၁၀ ဆိုင်ကို စစ်ဆေးရာမှာ ၁၀ ဆိုင်စလုံး အင်ဂျင်ဝိုင်အဟောင်းကဲ့သို့ ညိုမည်းနေတဲ့ ပြန်ကြော်ဆီများဖြင့် စမူဆာ၊ အီကြာကွေးများကို ကြော်နေကြောင်း၊ ၎င်းပြန်ကြော်ဆီများက ပန်ကရိယ၊ အသံအိုး၊ အစာအိမ်လမ်းကြောင်းနှင့် အူမကြီးတို့ကို ကင်ဆာဖြစ်စေနိုင်ကြောင်း စားသုံးသူ ကာကွယ်ရေးအသင်းမှ သတိပေးနှိုးဆော်ထားပါတယ်။

(၁၁) အရက်

အချို့သော အရက်တွေမှာ ဓာတ်မြေသြဇာ၊ အင်ဒရင်း၊ ရော်ဘာ၊ မက်သနော စတဲ့ အဆိပ်သင့်ဓာတုပစ္စည်း တွေပါရှိနေတဲ့အပြင်၊ မူလသဘာဝ အရက်၏ ဂုဏ်သတ္တိက အသည်းခြောက်၊ ရေဖျင်းရောဂါများ၊ အသည်းကင်ဆာနှင့် အစာအိမ်လမ်းကြောင်းကင်ဆာတို့ကိုဖြစ်စေနိုင်တဲ့ အဆိပ်ရည်များသာဖြစ်ပါတယ်။ ဘီယာများတွင်လည်း အယ်လ်ကိုဟော ပါဝင်နေတာကြောင့် အရက်ကဲ့သို့ ကင်ဆာရောဂါအမျိုးမျိုးကို ဖြစ်စေပါတယ်။

(၁၂) ဆေးလိပ်

ဆေးလိပ်နှင့် ဆေးရွက်ကြီးများကို ရှူရှိုက် သောက်သုံးခြင်းက အသည်ချောင်း၊ အဆုတ်စတဲ့ အစိတ်အပိုင်းတွေမှာ ကင်ဆာ ဖြစ်စေနိုင်ပါတယ်။ ဒဲ့ပြင် နှလုံးသွေးကြောကျဉ်း၊ သွေးကြောပိတ်၊ ပန်းနာရင်ကြပ်စတဲ့ရောဂါများကို လည်းဖြစ်စေနိုင်ပါတယ်။ မိမိကိုယ်တိုင် ဆေးလိပ်သောက်သုံးခြင်း၊ စီးကရက်မီးခိုးငွေ့ကို တစ်ဆင့်ခံ ရှူရှိုက်မိခြင်းတို့ကြောင့် ကမ္ဘာနှင့်အဝှမ်း အဆုတ်ကင်ဆာရောဂါဖြစ်နေကြရပြီး လေ့လာစမ်းစစ်မှုများအရ အရှေ့တောင်အာရှမှာ နှစ်စဉ်လူဦးရေ ၁၀ သိန်းကျော် အဆုတ်ကင်ဆာကြောင့် ဖိတ်စင်လျက်ရှိနေကြပါတယ်။

(၁၃) ကွမ်းယာ

ကွမ်းရွက်ကိုဖြန်းသော ပိုးသတ်ဆေးက ကင်ဆာဖြစ်စေသလို၊ ထုံးက ကျောက်ကပ်နှင့် ဆီးအိမ်တို့မှာ ကျောက်တည်ခြင်းနဲ့ ပါးစောင်းကင်ဆာဖြစ်စေနိုင်ပါတယ်။ ဒဲ့ပြင် ကွမ်းသီးကို မှိုမတက်အောင် အသုံးပြုလေ့ရှိတဲ့ မှိုသတ်ဆေးက ကင်ဆာဖြစ်စေသလို ဆေးရွက်ကြီး၏ နီကိုတင်းဓာတ်ကလည်း ကင်ဆာဖြစ်စေနိုင်ပါတယ်။ ဒါကြောင့် ကွမ်းစားခြင်းဟာ လေးထပ်ကွမ်းကင်ဆာ အဖြစ်တွန်းအားပေးရာရောက်ပြီး အာခံတွင်း၊ ပါးစောင်း၊ လျှာ၊ သွားဝိုး၊ အစာရေမျိုပြွန်၊ လည်ချောင်းစတဲ့အစိပ်အပိုင်းများကို ကင်ဆာဖြစ်ပွားစေပါတယ်။

ဆရာကန်တော့ပွဲ
ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း
၂၀၁၁-၂၀၁၂ ပညာသင်နှစ် ကျောင်းသားဟောင်းများ
အာစရိယပူဇော်ကန်တော့ပွဲ

ပြန်လည်ဆုံတွေ့ခြင်း၊ အာစရိယပူဇော်ကန်တော့ပွဲ ၂၅-၁-၂၀၁၅ရက်၊ တနင်္ဂနွေ ညနေ ၃း၃၀ မှ ၇း၀၀နာရီ M.I.C.T park hall တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ဆက်ဆက်လာရောက်ကြဖို့ ဖိတ်ခေါ်ပါတယ်။ အာစရိယပူဇော်ပွဲ ငွေပဒေသာပင်အတွက်လည်း စေတနာသဒ္ဓါတရားအပြည့်နဲ့ ပါဝင်လှူဒါန်းကြပါအုံးလို့ တိုက်တွန်းနှိုးဆော်ပါရစေ။ လှူဒါန်းလိုသော သူငယ်ချင်းများအနေနဲ့ အောက်ပါသူငယ်ချင်းများထံတွင် ဖုန်းဖြင့်သော်လည်းကောင်း၊ လူကိုယ်တိုင်သော်လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

စောကလှာကြည်	ဖုန်း-၀၉-၅၁၀၆၂၂၆	ရဲသွေးသန့်စင်	ဖုန်း-၀၉-၄၃၂၀၀၃၀၀
ခိုင်မွန်ချို	ဖုန်း-၀၉- ၅၀၇၄၅၅၈	နွေအေး	ဖုန်း-၀၉-၅၀၅၄၆၆၇
ချမ်းမြေအောင်	ဖုန်း-၀၉- ၄၂၀၀၉၆၉၇၇	နှင်းပွင့်စိုး	ဖုန်း-၀၉-၂၅၉၁၅၀၃၀၂
တိုးနိုင်ချစ်	ဖုန်း-၀၉- ၅၁၂၉၁၃၇	ဆုလဲ့မွန်	ဖုန်း-၀၉-၄၃၀၂၃၆၀၇
အောင်သီဟန်	ဖုန်း-၀၉- ၅၁၉ ၄၃၉၆	ခင်ကေသီကျော်ဖုန်း-၀၉-၅၄၁၄၆၂၉	
ဗြိမ်းချမ်း	ဖုန်း-၀၉- ၂၆၀၁၉၂၅၃၁	နှင်းဦးဝေ	ဖုန်း-၀၉-၄၃၁၆၄၉၄၉

ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်း
(၂၀)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးနှင့်
သက်ကြီးပူဇော်ပွဲဖိတ်ကြားလွှာ

ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်း၏ (၂၀)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသောကြောင့် ကန်တော့ခံ သက်ကြီးပဂ္ဂိုလ်များနှင့် အသင်းဝင်များ (မပျက်မကွက်) တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်ရက် - ၂၄-၁-၂၀၁၅ ရက်(စနေနေ့)
ကျင်းပမည့်အချိန် - နံနက် ၉း၃၀ နာရီ
ကျင်းပမည့်နေရာ - ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်းတိုက်၊
ဆည်မြောင်းဝင်း၊ ၈ မိုင်ခွဲ၊ ပြည်လမ်း၊
အမှတ်(၄)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
(တစ်ဦးချင်း သီးခြားဖိတ်ကြားစာမပို့ပါ)

အမှုဆောင်အဖွဲ့

ပုလောမြို့နယ်အသင်း(ရန်ကုန်)
နှစ်ပတ်လည်အစည်းအဝေးဖိတ်ကြားလွှာ

ပုလောမြို့နယ်အသင်း(ရန်ကုန်)၏ ၂၀၁၄ ခုနှစ် နှစ်ပတ်လည်အစည်းအဝေး သက်ကြီး ပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက် (စနေနေ့) နံနက် ၈း၃၀နာရီ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်း၊ ဗိုလ်ချုပ်ကြေးရုပ်အနီး၊ Royal Garden Restaurant တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။ အသင်းသူ/သားများ၊ မြို့နယ်သူ၊ မြို့နယ် သားများ၊ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ၊ မပျက်မကွက်ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

အသင်းနှင့်ပတ်သက်သည့် အကြံပေးစာများကို ၂၀-၁-၂၀၁၅ ရက် နောက်ဆုံးထား၍ ပေးပို့နိုင်ပြီး အသင်း၀င်သားသမီးများ ၂၀၁၅ ခုနှစ် ပညာသင်နှစ် ပညာသင်ထောက်ပံ့ကြေး လျှောက်လွှာများကို ၂၈-၂-၂၀၁၅ ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

သက်ကြီးပူဇော်ပွဲအခမ်းအနားကို နံနက် ၈း၃၀ နာရီ စတင်ပါမည်။ နံနက် ၉ နာရီ အကျွေးအမွေးဖြင့် ဧည့်ခံပြီး ကံစမ်းမဲအစီအစဉ်ပါရှိပါမည်။

အမှုဆောင်အဖွဲ့

ဦးကျော်မြင့်(၁၂/မဂတ(နိုင်)၀၄၉၂၄)
(Chairman, Great Father Land Construction and Decoration) နှင့်
အများသိစေရန်ကြော်ငြာ

ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်ဆွေလင်း[၁၂/မရက(နိုင်)၁၁၃၂၉၉]နှင့် ဒေါ်ဝတ်မှုဖွေးကျော်[၁၂/ဗတထ(နိုင်)၀၃၃၉၅၆] တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေများက (Great Father Land Construction and Decoration) ဆောက်လုပ်ရေးကုမ္ပဏီ၏ Chairman ဦးကျော်မြင့်ထံမှ သယ်နန်းကျွန်းမြို့နယ်၊ ပြည်တော်သာလမ်း အမှတ်(၁၃)တည်ရှိရာ မြေကွက်ပေါ်တွင် ဆောက်လုပ်မည့် (၃၄)နေရာ(၆)ထပ်ခွဲအဆောက်အအုံမှ (၄)ထပ် (T8,T9,T10,T11,T12)ဘက်ခြမ်း၊ (၅)ခန်း၊ ဧရိယာတစ်ခန်းလျှင် ပေ(၂၀×၂၀) အကျယ်အဝန်းရှိ ရေမိ၊ အပြည့်အစုံပါရှိသည့် တိုက်ခန်းများကို အရစ်ကျငွေပေးချေသည့်စနစ်ဖြင့် ၁၀-၉-၂၀၁၂ရက်စွဲပါ နှစ်ဦးသဘောတူစရန်ပေး ကတိစာချုပ်ချုပ်ဆို၍ ၅-၄-၂၀၁၅ရက်တွင် ဝယ်ယူသည့်တန်ဖိုးငွေအပြည့်အဝ ပေးချေသည့်နေ့၌ ဝယ်ယူသည့်တိုက်ခန်းများကို တိုက်ခန်းအင်္ဂါရပ်နှင့်အညီ ကျွန်ုပ်၏မိတ်ဆွေများသို့ လက်ရောက်အပ်နှံရန် နှစ်ဦးသဘောတူချုပ်ဆိုခဲ့ကြပြီး ကျွန်ုပ်၏မိတ်ဆွေများက ကတိနှင့်အညီ အရစ်ကျငွေများကို ပေးချေခဲ့ပါသည်။ ကျွန်ုပ်၏မိတ်ဆွေများက အရစ်ကျငွေကို ပုံမှန်ပေးချေရန် ၂-၁-၂၀၁၅ရက်တွင် Chairman ဦးကျော်မြင့်၏ ဗိုလ်မြတ်ထွန်းလမ်းရှိ ရုံးခန်းသို့လာရောက်ရာ ရုံးခန်းပိတ်ထားသည်ကို တွေ့ရှိရပါသည်။

ထို့ပြင် ကျွန်ုပ်၏မိတ်ဆွေများ ဝယ်ယူထားသည့်တိုက်ခန်းများ ဆောက်လုပ်မည့်ရန်ကုန်မြို့၊ သယ်နန်းကျွန်းမြို့နယ်၊ ပြည်တော်သာလမ်း၊ အမှတ်(၁၃)ရှိ မြေနေရာ၌လည်း (၃၄)ခန်းတွဲ (၆)ထပ်ခွဲ အဆောက်အအုံအား လုပ်ငန်းစတင်ခြင်းပင်မရှိသဖြင့် စာချုပ်ပါကတိနှင့်အညီ Chairman ဦးကျော်မြင့်အနေဖြင့် ၅-၄-၂၀၁၅ရက်၌ ကျွန်ုပ်မိတ်ဆွေများ ဝယ်ယူထားသည့် အခန်း(၅)ခန်း ကိုမည်သို့မျှ လက်ရောက်အပ်နှံနိုင်မည်မဟုတ်ပါ။

သို့ဖြစ်၍ Chairman ဦးကျော်မြင့်အနေဖြင့် ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေများထံသို့ ဖြစ်စေ မည်သို့မည်ပုံ ညှိနှိုင်းဖြေရှင်းပေးမည်ကို ဤကြော်ငြာပါသည့်နေ့မှစ၍ ရက်သတ္တ(၁)ပတ်အတွင်း အကြောင်းပြန်ကြားရန်နှင့် အကယ်၍ပျက်ကွက်ပါက စာချုပ်ပါ ကတိပဋိညာဉ်နှင့်အညီ ဥပဒေအရ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း Chairman ဦးကျော်မြင့်နှင့် အများသိစေရန် ကြော်ငြာအပ်ပါသည်။

ဦးကျော်ဆွေလင်းနှင့် ဒေါ်ဝတ်မှုဖွေးကျော်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဝင်းထိန်**(B.Sc,R.L)** (၄၀၅၁)
တရားလွှတ်တော်ရှေ့နေနှင့်ဥပဒေအတိုင်ပင်ခံ
ဦးအောင်ကြီး **(LL.B)** (၇၈၂၄) ဒေါ်အေးအေးသန့် **(LL.B)** (၈၅၉၁)
တရားလွှတ်တော်ရှေ့နေများ
အမှတ်-၆၀၊ ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-
၀၉-၃၃၀၅၄၀၅၈

Building a Brighter
FUTURE
VALUESTAR
EDUCATION CENTRE
LEARN
PRATICE
EXPLORE
ENJOY
- General English
(4 Skills + Grammar + Vocab)
- Spoken English
- Business English
- Interview English
- Basic Grammar & Writing
- Vocabulary in use

တန်းခွဲသစ်များကို တစ်လတစ်ကြိမ် ပုံမှန်ဖွင့်လှစ်ပေးလျှက်ရှိပါသည်။
တိုတ်(၀၅)၊ဝေထမထပ်၊တံခွန်ဈေ ဗတ်ရှင်ဆိုင်အပေါ်ထပ်လှည်းတန်းမှတိုင်အနီး၊
လှည်းတန်း၊တမာရွက်၊ ၀၁-၅၁၃၅၅၂၆၊၀၉-၅၀၄၃၅၅၀၁၅၅

ဟိုက်ဘြောလစ်/လေပိအား
Full Auto အူတော်ရိုက်စက်
ဆောက်မိပြေအုတ်ဖိုက်ဇက် မျှားမှာမယူနိုင်ပါသည်။
(မြ)၊သံသုတလမ်း၊သုတဏ္ဏလွှားသားဈေးရှေ့လိုလ်အနီး
PH:09 731 99 410
09420035882, 73199257

ကိုသန့်ဇင်
CAR RENTAL
ကားမျိုးစုံကို ခရီးစဉ် လချုပ်၊ အချိန်ပိုင်း ငှားသည်။
ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်ပါ။
Ph:09-43117680, 09-5059821

ကျောက်ထုတွင် အချိန်အခါမဟုတ် မိုးရွာ စိုက်ခင်းများ ရေရရှိ၍ တောင်သူများ အဆင်ပြေ

ကျောက်ထု၊ ဇန်နဝါရီ ၁၇

ဂန့်ဂေါခရိုင် ကျောက်ထုမြို့ဒေသတွင် ဇန်နဝါရီ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် အချိန်အခါမဟုတ် မိုးရွာသွန်းလျက်ရှိရာ တောင်သူများစိုက်ပျိုးထားသည့် ဆောင်းသီးနှံများအတွက် အစိုဓာတ်လိုအပ်လျက်ရှိသည့် နေကြာနှင့် ကုလားပဲ စိုက်ခင်းများမှာရေရရှိ၍ တောင်သူများ အဆင်ပြေသွား ကြောင်းသိရသည်။

"ဒီနှစ်မိုးရာသီက မိုးနည်းတယ်၊ စပါးခင်းတွေက စိုက်ပျိုးရေ၊ အောင်ရေ မလုံလောက်လို့ စပါးခင်းတွေမှာ အစားထိုးသီးနှံအဖြစ် ကုလားပဲကို အစားထိုးစိုက်ပျိုးခဲ့တယ်။ အချိန်အခါ မဟုတ်ဘဲ ရွာတဲ့မိုးက ဒီဒေသမှာစိုက်တဲ့ ဆောင်းသီးနှံခင်းတွေဖြစ်ထွန်းအောင်မြင်ဖို့အတွက် အဆင်ပြေသွားတယ်" ဟု ဒေသခံတစ်ဦးကပြောသည်။

အဆိုပါ ဆောင်းသီးနှံခင်းများ အောင်မြင်ဖြစ်ထွန်းစေရန်ကျောက်ထုမြို့စိုက်ပျိုးရေးဦးစီးဌာနမှူးနှင့် ဝန်ထမ်းများသည် ကျေးရွာများသို့ ကွင်းဆင်း၍ ပညာပေးဆွေးနွေးမှုများ ဆောင်ရွက်ကြကြောင်း သိရသည်။ **(၄၆၅)**

လုပ်ငန်း ၄၉ မျိုးအတွက် လေလံပွဲပွင့်လင်းစွာပြုလုပ်

မင်းဘူး၊ ဇန်နဝါရီ ၁၇

မင်းဘူးမြို့ ခရိုင်အုပ်ချုပ်ရေးမှူးရုံးတွင် မန်းရွှေစက်တော်ရာဘုရား ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့မှ ဘုရားလုပ်ငန်းတင်ဒါ ၄၉ မျိုးအတွက် အိတ်ပိတ်တင်ဒါများကို ဇန်နဝါရီ ၁၃ ရက်တွင် ပွင့်လင်းမြင်သာစွာ လေလံပွဲပြုလုပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

တင်ဒါလုပ်ငန်းများကို ယခင်နှစ်များက မန်းရွှေစက်တော်ရာဘုရား ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့က ဦးဆောင်ပြုလုပ်ခဲ့သော်လည်း ယခုနှစ်မှစတင်ကာ မြို့နယ်ဖွံ့ဖြိုး တိုးတက်ရေး အထောက်အကူပြု၊ မြို့နယ်စည်ပင်သာယာကော်မတီ၊ ရွှေစက်တော်ဘုရားဂေါပကအဖွဲ့စသည့် ကော်မတီငါးဖွဲ့မှ ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်းလေလံပွဲသို့ လုပ်ငန်းရှင်များ စိတ်ပါဝင်စားသော မိဘပြည်သူများ တက်ရောက်ခဲ့ကြပြီး အိတ်ပိတ်တင်ဒါလေလံပွဲကို လူအများရှေ့တွင် ပွင့်လင်းမြင်သာစွာဖောက်ပြီး အများဆုံး တင်နိုင်သောသူများကို ရွေးချယ်ပေးခဲ့ကြောင်း သိရသည်။

ဝိုင်ဧရေ(မကွေး)

au&;vuf'ozl&d&;vykefysm;aqmifGif

သထုံ၊ ဇန်နဝါရီ ၁၆

သထုံမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆုပြည့်ထွန်းတောက်ကုမ္ပဏီ ကတာဝန်ယူဆောင်ရွက်သော တံတား၊ ရေပြွန်လုပ်ငန်းများ ဆောင်ရွက်နေမှုကို ဇန်နဝါရီ ၁၄ ရက်က မြို့နယ်ဦးစီးမှူး ဦးအောင်နိုင်ဝင်းနှင့် ကျေးရွာကော်မတီဝင်များသွားရောက်စစ်ဆေးပြီး စံချိန်စံညွှန်းပြည့်မီစွာ ဆောင်ရွက်ရေး ဆွေးနွေးမှာကြားသည်။

(ကျေးလက်ဦးစီး)

ရန်ကုန်အနောက်ပိုင်းခရိုင် ဆိပ်ကမ်းမြို့နယ်တွင် စုပေါင်းအမှိုက်ကောက်

ရန်ကုန်၊ ဇန်နဝါရီ ၁၇

ရန်ကုန်အနောက်ပိုင်းခရိုင် ဆိပ်ကမ်းမြို့နယ်လုံးဆိုင်ရာ စုပေါင်းအမှိုက်ကောက်ပွဲကို ဇန်နဝါရီ ၁၇ ရက် နံနက် ၇ မှ ၉ နာရီထိ ဆိပ်ကမ်းမြို့နယ် ဥပစာလမ်းတစ်လျှောက် ဝါးတန်းလမ်းမှ စဉ့်အိုးတန်းလမ်းအထိ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အမှိုက်ကောက်ပွဲတွင် ဆိပ်ကမ်းမြို့နယ် လွတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးဌာနမှ အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ အမျိုးသမီးရေးရာ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ လူမှုရေးအသင်းအဖွဲ့ဝင် ဆိပ်ကမ်းကုန်တင်ကုန်ချနှင့် စိတ်ပါဝင်စားသူပြည်သူများ စုစုပေါင်းအင်အား ၁၅၀ ခန့်သည် တပျော်တပါး စုပေါင်းသန့်ရှင်းရေးပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ အမှိုက်ကောက်ပွဲတွင် လမ်းတစ်လျှောက်ရှိ စျေးဆိုင်များ၊ စားသောက်ဆိုင်ခန်းများနှင့် ပြည်သူလူထုသို့ မိမိတို့စွန့်ပစ်အမှိုက်များအား စနစ်တကျစွန့်ပစ်တတ်စေရန်အသိပညာပေးခြင်း လုပ်ငန်းများကိုပါ တစ်ပါတည်းဆောင်ရွက်ပေးခဲ့သည်။ ရန်ကုန်မြို့တော်ကြီးတစ်ခုလုံး သန့်ရှင်းသာယာလှပစေရန်အတွက် အဆိုပါလုပ်ဆောင်မှုများကို ထပ်မံလုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

ဗညားမောင်မောင်(ဖြန့်/ဆက်)

မြိတ်မြို့တွင် အခြေခံစာကြည့်တိုက်ပညာသင်တန်း (၁/၂၀၁၅) ဖွင့်လှစ်

မြိတ်၊ ဇန်နဝါရီ ၁၇

ပြည်သူများ စာဖတ်သည့် အလေ့အကျင့်ကောင်းများ ဖြစ်ပေါ်လာစေရန်နှင့် စာကြည့်တိုက်လုပ်ငန်း စီမံခန့်ခွဲရေး၊ စာဖတ်ပရိတ်သတ်များ အဆင်ပြေချောမွေ့စွာ ဖတ်ရှုလေ့လာနိုင်ရန်နှင့် စာကြည့်တိုက်မှူးကောင်းများ ဖြစ်ပေါ်လာစေရေးအတွက် တနင်္သာရီတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ အခြေခံစာကြည့်တိုက်ပညာသင်တန်း(၁/၂၀၁၅)ကို မြိတ်ခရိုင်ရုံးတွင် ဇန်နဝါရီ ၁၅ ရက် နံနက် ၈ နာရီက ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါ သင်တန်းသို့ ဌာနဆိုင်ရာများ၊ မြိတ်တက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်တို့မှ သင်တန်းသားများ၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းမှ ဝန်ထမ်းများ စုစုပေါင်း ၆၀ ဦးတက်ရောက်ကြပြီး သင်တန်းကို ဇန်နဝါရီ ၁၅ ရက်မှ ၁၇ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းတွင် စာကြည့်တိုက်အကြောင်း၊ စာကြည့်တိုက်စီမံခန့်ခွဲရေး၊ မျိုးတူစုခြင်း၊ ကက်သလောက်လုပ်ငန်း၊ စာပြုလုပ်ငန်း၊ စာစုလုပ်ငန်း၊ စာပေပြုပြင်ထိန်းသိမ်းနည်း၊ နံရံကပ်၊ ပြခန်း၊ လက်ကမ်းစာစောင် ဆောင်ရွက်ခြင်းများကို သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။

မြိတ်ခရိုင်(ဖြန့်/ဆက်)

IT COMPUTER TRAINING CENTER
AutoCAD - 3ds Max
AutoCAD-3ds Max တွင် Civil Drawing Interior Project တစ်ခုနှင့် Exterior Project တစ်ခုကို Lighting, Texture,Exterior, Interior Concept များနှင့်တကွ Finalized သင်ကြားပေးသွားမည်။ Construction Fields မှာတွင်လုပ်ကိုင်နေသော Civil Engineer များ၊ Design Fields များတွင်ဝင်ရောက်လုပ်ကိုင်လိုသော Archi Engineer များ၊ မိမိ၏ Design ကို Finalized ချပြလိုသော Design Engineer များ ပြည်ပနိုင်ငံများတွင် Home Decoration Designer အဖြစ်သွားရောက်လေ့လာဆည်းပူးလိုလျှင်များ Animation Fields ကိုဝင်ရောက်လိုသော Animator များ Video Editing Field မှ Editor များ အထူးတက်ရောက်သင့်သော သင်တန်းဖြစ်ပါသည်။
VIDEO EDITING
Premiere CS3,After Effect CS3,Cinema4D,Photoshop CS3, Poser စသည့် Software များဖြင့် တည်ဖြတ် ဖန်တီးမှုများ သင်ကြားပေးမည်။ VideoEdit ရုပ်သံဖန်တီးမှု နည်းပညာနှင့် ရုပ်သံ Station များတွင် လုပ်ကိုင်လိုသူများ၊ အလှူ၊ ရွင်ပြု၊ မင်္ဂလာဆောင်၊ MTV, Karaoke, TV ကြော်ငြာ၊ Animation 3D ကြော်ငြာများ ပြုလုပ်ခြင်းများကို Video File များ Tutorial များစွာဖြင့် သင်ကြားရပေမည်။ သင်တန်းသားများ အနေဖြင့် သင်တန်းမှ Video Camera ဖြင့် Out Door ထုက်ရိုက်ကူးတည်းဖြတ် ထုတ်လုပ်ဖန်တီးမှုဝတ္ထုကို စနစ်တကျ ကျွမ်းကျင်မှုရိုအောင် သင်ကြားပေးပါသည်။
ENGLISH Language
အင်္ဂလိပ်စာကို အလွန်အမင်း ကြောက်ရွံ့နေသူများ၊ အင်္ဂလိပ်စကားပြောရန် ရွံ့ရွံ့နှေးလေးနေသူများ၊ ပေါ့ပေါ်ပါးပါးသွက်လက်စွာအခြေခံတကျ ပြောတတ်လိုသူ၊ သဒ္ဒါနည်းစနစ်မှန်ကို လွယ်ကူလေးစနစ်ဖြင့်သင်ယူလိုသူ၊ ကိယ်တိုင်ယုံကြည်မှုနည်းသော်လည်း ကျွမ်းကျင်လိုစိတ်ရှိသူ၊ နိုင်ငံခြား ထွက်ပည်သူများ၊ အင်တာဗျူးဖြေဆိုရန် အခက်အခဲရှိသူများ အတွက် အိုင်တီ ကွန်ပျူတာသင်တန်းက ဖွင့်လှစ်လိုက်တဲ့ Basic Spoken English! Class ကရိုးရင်းလွယ်ကူပြီးထိရောက်သောသင်ဖိုယူနည်းတမ်းများဖြင့် အခြေခံကောင်းတွေနဲ့ လမ်းကြောင်းမှန်ပေါ်တင်ပေးပါရမယ်။
MOBILE PHONE
Software + Hardware
ဖိုးဘိုင်းဗဟုနိုးအထူးပြုပြင်သင်တန်း
ကိယ်ပိုင်ဂုန်းဆိုင်ဖွင့်လိုသူများ၊ ဖိုဘိုင်းဂုန်းကုမ္ပဏီများတွင် ဝင်ရောက်လုပ်ကိုင်လိုသူများ၊ ဖိုဘိုင်းဂုန်းဆိုင်များတွင် Technician အဖြစ် လုပ်ကိုင်လိုသူများ၊ အတွက် သက်သာသော သင်တန်းကြေးနှုန်းထားဖြင့် အထူးသင်္ကန်း Camp သွင်းပြီး အမှန်တကယ်တတ်မြောက်အောင်သင်ကြားပေးပါသည်။ Mobile ဖုန်း လောကတစ်နေ့မပျက်အကြံဆုံးနှင့် လူကြိုက်များအသုံးပြုမှုအများဆုံး Apple ၏ IOS နှင့် Google ၏ Android Software ပိုင်း နှင့် Hardware ပိုင်း တို့ကို ကျွမ်းကျင်စွာပြုပြင်နိုင်စေရန် သင်ကြားပေးပေးပြီးသည်။
LCCI I-II&MYOB
ပြည်တွင်းပြည်ပတွင်စာရင်းကိုင်ဘာသာရပ်ပြင်ပ,ရပ်တည်လိုသူများအတွက်အခြေခံမှစ၍ စာရင်းကိုင်ယူဘလိန်ပင် ပတ်သက်ပြီး Professional တစ်ယောက် ဖြစ်သည့်အထိသင်ကြားပေးမည်။ သင်တန်းကာလမှာ LCCI Level(I+II) ကို အချိန်ကာလအားဖြင့် (၂)လ ကြာမြင့်မည်ဖြစ်ပြီး တစ်ပတ်(၄)ရက်တက်ရောက် သင်ကြားရမည်ဖြစ်သည်။ International Exam LCCI (UK)ဝင်ရောက်ဖြေဆိုနိုင်သည့်အထိ ပေးနေနိုင်စေဘက်များကို စနစ်တကျသင်ကြားပေးမည်အပြင် နိုင်ငံတကာအသိအမှတ်ပြုCertificateရရှိစေဘဲစာစေးပွဲနှင့်ပတ်သက်သည့် ကိစ္စရပ်များအား သင်တန်းမှ တာဝန်ယူဆောင်ရွက်ပေးမည်။ ထိထိရောက်ရောက် သင်ကြားနိုင်ရန်အတွက် သင်တန်း တစ်ချိန်လျှင် အများဆုံးလူ (၁၀) ဦးသာ သတ်မှတ်ထားပြီး Guide ထင်ပြရန်လုံလောမရလိုအောင်သင်ကြားပေးမည်ဖြစ်ပေသည်။
Desktop Publishing
ကွန်ပျူတာစာစီစက်၊ လုပ်ငန်းလုပ်ကိုင်လိုသူများ၊ ဂျာနယ် မဂ္ဂဇင်းတို့ကဲ့သို့ ကြီးမားသော ပုံနှိပ်ထုတ်ဝေခြင်းလုပ်ငန်းများ၊ လိပ်စာကဒ်၊ ဂျာနယ် Layout ဒီဇိုင်းများ၊ ဝတ္ထုဖတ်စာများ၊ ဓါတ်ပုံ အလှဆင်ပြုပြင်ခြင်းများ နှင့် လက်ကမ်းကြော်ငြာ စာစောင်များ၊ နာမည်ကြီး Media ဂျာနယ်တို့ကဲ့သို့ Layout ဒီဇိုင်နာအဖြစ် လုပ်ကိုင်လိုသူများ၊ ကိယ်ပိုင်စာစီစက်ဆိုင်ဖွင့်လိုသူ များအတွက် Photoshop CS3, PageMaker7, Corel DrawX4 Software များကို အထူးကာလနဲ့ယူ သင်ကြားပေးပေးသည်။ သင်တန်းပြီးဆုံးချိန် ကျွမ်းကျင်မှုမရှိပါက လိုအပ်သည်များကို ပြန်လည်သင်ကြားပေးပေးပါသည်။
Service Technician
Comp TIA A+, N+ Book ကို သင်ရိုးအဖြစ် ထားရှိသင်ကြားပေးသည်။ Computer တစ်လုံး၏ Software, Hardware အပိုင်းများကို စနစ်တကျ ကျွမ်းကျင်အောင် သင်ကြားပေးမည် အပြင် အင်တာနက်ဆိုင်၊ ဂိမ်းဆိုင်၊ ရုံး၊ ကုမ္ပဏီများတွင် Network ချိတ်ဆက်မှုအပိုင်း Server အပိုင်းများကိုကျွမ်းကျင်ပြီး Professional Service Technician တစ်ယောက်ဖြစ်အောင် စနစ်တကျ Camp သွင်းပြီး သင်ကြားပေးသော တန်းခွဲဖြစ်ပါသည်။ တစ်ရက်လျှင် (၃) နာရီ၊ တစ်ပတ် (၆) ရက် သင်တန်းကာလ (၄လ) ကြာမြင့်မည်။ သင်တန်းပြီးဆုံးလျှင် လုပ်ငန်းခွင်တန်းဝင်နိုင်ရန် အာမခံသင်ကြားပေးသည်။
GRAPHIC DESIGN
Graphic Design သင်တန်းတွင် Photoshop CS3, illustrator CS3, InDesign Software များကို ကျွမ်းကျင်အောင် စနစ်တကျ သင်ကြားပေးပါသည်။ လုပ်ငန်းခွင်လက်တွေ့သင်ခန်းစာများဖြစ်သော Magazine,Journal,Pamphlet,Vinyl,CD\VCD\DVD Cover, Calendar, Wallsheet, Sticker , Logo, Silk Screen ဒီဇိုင်းများ ဝေးဆွေခြင်း၊ ကုန်ပစ္စည်း အမှတ်တံဆိပ်များစနစ်တကျဆွဲခြင်း၊ ဘူးခွံဒီဇိုင်းအပျံ့ချဲ့ပြုလုပ်ခြင်း၊ ဓါတ်ပုံပြုပြင်အလှဆင်ခြင်း လုပ်ငန်းများကိုကျွမ်းကျင်သည်အထိသင်ကြားပေးပါသည်။ Software များနှင့်ကျွမ်းကျင်ပြီးစီးပါက အခြေခံကာလသိအိမ်ရှိများအကြောင်း၊ အခြေခံအရောင်များအကြောင်း၊ အလင်းအမှောင်၊ အရောင်အနေအရင့်၊ ဒီဇိုင်းအထားအသို၊ CTP ခွဲခြင်း၊ ပုံနှိပ်ဖလင် ကကဲခွဲခြင်း၊ ပုံနှိပ်ရိုက်နှိပ်ခြင်း များအကြောင်းကို အသေးစိတ်စာတွေ့လက်တွေ့အဆင့်ဆင့် ကျွမ်းကျင်သည်အထိ သင်ကြားပေးပါမည်။
HOT LINE - 0949290778, 253293, 395353
40%OFF
ကြေးမုံ
09-420073607
09-73211079
09-49250637
Car Rental Sale & Services
ကားငှား ကားရောင်း ကားချိန်ငှားနှင့် ဝယ်လေ့လာအကြံပြု ကားသစ် မျိုးစုံ လေယာဉ်/နှစ်ရေးမှတ် ပြုစု
ဦးမင်း/ဝေဒီ/ဌားရေနီ ဖုန်းသည်။
ယာဉ်ပိုင်ရှင်များ၊လေယာဉ်ဆက်သွယ်ပေးပါမည်။
အမြန်ရောင်းမည်
လက်ရှိဝင်ငွေ(လေးသိန်းကျော်)
ရရှိသောအခန်း(၁၇)ခန်းပါ
ပေ(၂၀×၆၀) ဂရန်အမည်ပေါက်အဆောင်
ရောင်းမည်။ အောင်ချမ်းသာလမ်း၊ ရေတွင်း
ရပ်ကွက်၊ လှိုင်သာယာ။
ဖုန်း 09-5124654
မြေဧက (၁၅၀)ရောင်းမည်
တိုက်ကြီးမြို့နယ်
ခရိုင်ချင်းဆက်လမ်းဘေး
ဖုန်း 09-8603143,
09-790139699
FAME
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified
Osteomax®
TMR 011384 (0615)
၂/၂၀၁၂ တဆထလ/တိုး(ဝ၆၅၇)
Nephrotec®
For healthy kidney
TMR 012139 (0516)
ကျောက်ကပ်ဆေး
Arthrotec®
TMR 011382 (0815)
Rejuvir®
Phytoestrogen supplement
TMR 007907 (1214)
ကျီးမေအားဆေး
ကြော်ငြာစာ
ကြော်ငြာစာ

ဝက်သက်၊ ဂျိုက်သိုးကာကွယ်ဆေး ကလေးငယ်အားလုံးထိုးနှံပေး

à aeZmZmxGJ&aluru;rJd

'အာရောဂျံ ပရမံ လာဘ်'ဆိုသည့်အတိုင်း ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါးအမှန်ပင်ဖြစ်ပါသည်။ ကျန်းမာခြင်းကို လူတိုင်းနှစ်သက်ခုံမင်ကြမည်သာဖြစ်သကဲ့သို့မွေးစမှစ၍ အသက် ၁၀၀ကျော် ဘိုးဘွားများသည်လည်း ကျန်းမာရန် လိုအပ်ပါသည်။ ဆုပေးစကားများတွင်လည်း 'ဘုန်းကြီးလို့ သက်ရှည်ပါစေ'ဆိုသည့် စကားကိုလည်း ကြားဖူးကြမည်သာဖြစ်ပါသည်။လူဘဝအစဖြစ်သည့် မွေးကင်းစကလေးငယ်များနှင့် ကျောင်းနေအရွယ် ကလေးငယ်များ ကျန်းမာကြံ့ခိုင်နေစေရန် လူကြီးမိဘများ၏ ပြုစုပျိုးထောင်မှုသည် လွန်စွာ အရေးကြီးလှပါသည်။

ကူးစက်ရောဂါကြောင့် သေဆုံးကြရသူများထဲတွင် ငါးနှစ်အောက်ကလေးငယ် သန်းပေါင်းများစွာ ပါဝင်နေသည်။ ဝက်သက်ရောဂါသည် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများရှိကလေးငယ်များကို ခြိမ်းခြောက်လျက်ရှိသည်။ ၂၀၁၂ခုနှစ်စာရင်းများအရ ကမ္ဘာပေါ်တွင် ဂျိုက်သိုးရောဂါကူးစက်ခံရသူပေါင်း ၉၄၀၀၀ကျော်ရှိခဲ့သည်။ ၂၀၁၂-၂၀၁၃ခုနှစ်၏ မှတ်တမ်းများအရ မြန်မာနိုင်ငံတွင် နှစ်စဉ်မွေးဖွားသည့်ကလေးဦးရေ ၁ သန်းကျော်အနက် ကမ္ဘာ့နိုင်ငံများရှိကလေးငယ်များကို ခြိမ်းခြောက်လျက်ရှိသည်။ ၂၀၁၂ခုနှစ်စာရင်းများအရ ကမ္ဘာပေါ်တွင် ဂျိုက်သိုးရောဂါကူးစက်ခံရသူပေါင်း ၉၄၀၀၀ကျော်ရှိခဲ့သည်။ ၂၀၁၂-၂၀၁၃ခုနှစ်၏ မှတ်တမ်းများအရ မြန်မာနိုင်ငံတွင် နှစ်စဉ်မွေးဖွားသည့်ကလေးဦးရေ ၁ သန်းကျော်အနက် ဝက်သက်ရောဂါဖြစ်ပွားမှုနှုန်းကို ခန့်မှန်းခြေတွက်ကြည့်လျှင် ၈၅ရာခိုင်နှုန်းခန့်ရှိပြီး ဂျိုက်သိုးရောဂါ ဖြစ်ပွားမှုနှုန်းမှာ ၁၀ရာခိုင်နှုန်းခန့်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် မွေးရာပါဂျိုက်သိုးရောဂါကို ထိန်းချုပ်နိုင်ရန်အတွက်ဝက်သက်ရောဂါကင်းစင်ရေး လုပ်ငန်းများနှင့်အတူ ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးခြင်းကို ၁၉၈၇ ခုနှစ်မှစတင်ထိုးနှံပေးခဲ့ပြီး နိုင်ငံတစ်ဝန်း ဝက်သက်ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်စေခဲ့သည်။ ၂၀၁၁ ခုနှစ်တွင် တစ်နိုင်ငံလုံးတွင် ဝက်သက်ရောဂါသည် ကပ်အသွင်ဖြစ်ပွားခဲ့သဖြင့် ထိုကဲ့သို့ ဖြစ်ပွားခြင်းမရှိစေရန်အတွက် ကာကွယ်ဆေးထိုးနှံပေးခြင်းကို တိုးမြှင့်လုပ်ဆောင်စေခဲ့ပြီး ယခုနှစ်မှစတင်၍ ဝက်သက်နှင့်ဂျိုက်သိုးရောဂါ နှစ်မျိုးပေါင်းစပ်ပါဝင်သော ကာကွယ်ဆေးအသစ်ကို ထည့်သွင်းထိုးနှံပေးသွားမည်ဖြစ်သည်။

ယခုထိုးနှံပေးမည့်ကာကွယ်ဆေးသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတ်မှတ်ပေးထားသော အရည်အသွေးပြည့်မီသည့် ကာကွယ်ဆေးဖြစ်ပြီးကမ္ဘာ့နိုင်ငံအများအပြားမှ နှစ်ပေါင်းများစွာ သုံးစွဲလျက်ရှိကာ ဘေးကင်းစိတ်ချရကြောင်း အထောက်အထားများရှိပြီးဖြစ်ကြောင်းလည်း သိရသည်။ နိုင်ငံတစ်ဝန်း အစုအဖွဲ့အလိုက် ဝက်သက်နှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းကို အဖွဲ့စုစုပေါင်း ၁၂၀၀၀ဖြင့် ဆောင်ရွက်သွားမည်ဖြစ်သည်။ အသက်ကိုးလမှ ၁၅နှစ်အရွယ် ကလေးငယ် ၁၇ သန်းကျော်ကို ထိုးနှံပေးသွားမည်ဖြစ်သည်။ ဝက်သက်ရောဂါ (သို့) ဂျိုက်သိုးရောဂါ ကာကွယ်ဆေးထိုးဖူးသည်ဖြစ်စေ၊ မထိုးဖူးသည်ဖြစ်စေ၊ အဆိုပါ ရောဂါများဖြစ်ဖူးသည်ဖြစ်စေ၊ မဖြစ်ဖူးသည်ဖြစ်စေ အသက်ကိုးလမှ ၁၅နှစ်အရွယ် ကလေးငယ်များကို ထိုးနှံပေးသွားမည်ဖြစ်သည်။

> ကမ္ဘာပေါ်တွင် ဂျိုက်သိုးရောဂါကူးစက်ခံ ရသူပေါင်း ၉۷၀၀၀ကျော်ရှိခဲ့. . . . . .

လုပ်ငန်းဆောင်ရွက်မှု ပထမအစီအစဉ်အဖြစ် ကျောင်းအခြေပြုကာကွယ်ဆေးထိုးခြင်းကို ဇန်နဝါရီ ၁၉ရက်မှ ၂۷ရက်အထိ အစိုးရ ပုဂ္ဂလိကနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများတွင် တက်ရောက်ပညာသင်ကြားနေသော အသက် (၁၅)နှစ်အထက် မကျော်သည့်ကျောင်းသားကျောင်းသူများကိုလည်းကောင်း၊ ဒုတိယအစီအစဉ်အဖြစ် ပြည်သူ့လူထုအခြေပြုကာကွယ်ဆေးထိုးခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၁၉ရက်မှ ၂၈ရက်အထိ ရပ်ရွာလူထုအတွင်း ကျောင်းမနေသေးသော ကလေးငယ်များ၊ ကျောင်းမနေသောကလေးငယ်များနှင့် ကျောင်းတွင် ကာကွယ်ဆေးမထိုးလိုက်ရဘဲ ကျန်ခဲ့သော အသက် ကိုးလမှ ၁၅နှစ်အတွင်း ကလေးသူငယ်များကို လည်းကောင်း ကျန်းမာရေးဌာန၊ ရပ်ကွက်၊ ကျေးရွာစုရပ်များတွင် ကာကွယ်ဆေးထိုးနှံပေးသွားမည် ဖြစ်သည်။

ဝက်သက်ရောဂါသည် ပြင်းထန်သော ဝက်သက်ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားရပြီး ကူးစက်လွယ်သည့် ရောဂါဖြစ်သည်။ ကလေးငယ်များ သေဆုံးရမှုများတွင် ဝက်သက်ရောဂါကြောင့် အများဆုံးဖြစ်ပွားရကြောင်း တွေ့ရသည်။ ဝက်သက်ရောဂါဖြစ်ပွားလျှင် အပြင်းဖျားခြင်း၊ နှာရည်ယိုခြင်း၊ ချောင်းဆိုးခြင်း၊ အဖုအပိမ့်နှင့် အနီကွက်များထွက်ခြင်းများသည် ငါးနှစ်အောက်ကလေးငယ်များတွင် အဖြစ်များပြီး နောက်ဆက်တွဲရောဂါများအဖြစ် ဝမ်းလျှောခြင်း၊ မျက်စိကွယ်ခြင်း၊ ဦးနှောက်ရောင်ရမ်းခြင်းတို့ ဖြစ်ပွားတတ်ပြီး ရောဂါပြင်းထန်ပါက သေဆုံးနိုင်သည်အထိဖြစ်ပွားတတ်သည်။

ဂျိုက်သိုးရောဂါသည် ဂျိုက်သိုးဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားရပြီး အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ကူးစက်တတ်သော ရောဂါမျိုးဖြစ်သည်။ အမျိုးသမီးကိုယ်ဝန်ဆောင်စဉ် ဂျိုက်သိုးရောဂါကူးစက်ခံရပါက ကိုယ်ဝန်ပျက်ကျခြင်း၊ ကလေးသေဆုံးခြင်း၊ မွေးဖွားလာသည့်ကလေးငယ်များတွင် မွေးရာပါ နှလုံးရောဂါ၊ မျက်စိ အတွင်းတိမ်ရောဂါနှင့် နားမကြားခြင်းစသည့်ရောဂါများ ဖြစ်ပေါ်တတ်ပြီး ဥာဏ်ရည်မမီသော ကလေးငယ်များ မွေးဖွားနိုင်ကြောင်း သုတေသီများက အဆိုပြုထားသည်။

ဝက်သက်နှင့် ဂျိုက်သိုးကာကွယ်ဆေးထိုးရာတွင် ဖျားနေသောကလေး၊ ဝမ်းပျက်ဝမ်းလျှောဖြစ်နေသော ကလေး၊ တစ်စုံတစ်ခု နာမကျန်းဖြစ်နေသောကလေးငယ်များကို မထိုးပေးသင့်သေးကြောင်း၊ သို့သော် ၎င်းကလေးငယ် ပြန်ကောင်းလာသည့်အခါတွင် ပြန်လည်ထိုးနှံပေး၍ ရနိုင်ကြောင်းလည်း သိရသည်။ လုံးဝ ကာကွယ်ဆေးမထိုးသင့် သည့် ကလေးငယ်များမှာ HIV/AIDS စသော ခုခံအားကျရောဂါ ခံစားနေရသော ကလေးငယ်များ၊ လတ်တလော သွေးသွင်းနေရသောကလေးငယ်များအား ကာကွယ်ဆေးထိုးနှံ့ မပေးသင့်ကြောင်း သိရသည်။

> အသက်ကိုးလမှ ၁၅နှစ်အရွယ်ကလေးငယ် ၁۷ သန်းကျော်ကို ထိုးနှံ့ပေး. . . .

နောင်တွင် အနာဂတ်၏ နိုင်ငံ့သားကောင်းသမီးမွန်များဖြစ်လာကြမည့် ရင်သွေးငယ်လေးများ ကျန်းမာကြံ့ခိုင်ပြီး ဥာဏ်ရည်ပြည့်ဝရေးသည် အဓိကလုပ်ဆောင်ပေးကြရမည့် လုပ်ငန်းစဉ်တစ်ရပ်ပင်ဖြစ်သည်။ သို့ပါ၍ မိဘပြည်သူများသာမက နိုင်ငံတော်အပိုင်းကပါ ကလေးငယ်များ၏ ကျန်းမာရေးအပါအဝင် ဘက်စုံကဏ္ဍစုံမှ ကလေးငယ်များ၏အရေးကို အလေးထားလုပ်ဆောင်သွားကြရမည်ဖြစ်ပါသည်။ လူတိုင်းသက်တမ်းစေ့နေနိုင်ရေးအတွက် နိုင်ငံတော်မှ ကြိုးပမ်းဆောင်ရွက်နေချိန်တွင် ယနေ့ထိုးနှံ့ပေးသည့် ဝက်သက်နှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေးကို တောရောမြို့ပါမကျန် မိဘပြည်သူများက မိမိတို့၏ အသက် ကိုးလမှ ၁၅နှစ်အရွယ် ကလေးငယ်များအား မပျက်မကွက် သွားရောက်ထိုးနှံ့ပေးကြရန် တိုက်တွန်းအပ်ပါသည်။ ။

"သားသမီးများ၏ တစ်ခုတည်းသော အေးရိပ်ဆာယာခိုလှုံရာ
မိဘမေတ္တာတို့စုဝေးရာမိဘဂေဟာ"
MBG
MBG
မိဘဂုဏ် (ကိုထွေး)
အဆင့်မြင့်စတီးဘလိတ်ဓါး သွားဆုံးကြိုး တပ်ဆင်ဖြန့်ချိရေး
➔ အမျိုးအစားအလိုက် စျေးနှုန်းမှန် ဖြစ်ရမည်။ ➔ ကျွမ်းကျင်ဝန်ထမ်းများမြင့် စနစ်တကျ စံချိန်မီ တပ်ဆင်ပေးသည်။
➔ လူကြီးမင်း ဖုန်းဆက်ခေါ်ဆိုပို့ဆောင်ရန်နဲ့ အိမ်တိုင်ရာရောက် အသေးစိတ် တိုင်ပင်ဘတွက်ချက်ပေး၍ အချိန်သာဆုံးစျေးနှုန်းဖြင့် (လက်ခမဲ့) လိုက်လံ တပ်ဆင် ရောင်းချပေးနေပါသည်။
ဆိုင်(၁) - အမှတ်(၁၂) အခန်း(၄/၅)၊ မင်းနန္ဒာလမ်းမကြီး KBZဘဏ်ရှေ့ (Capital Hyper Market) အနီး သာကေတမြို့နယ်။
ဆိုင်(၂) - အမှတ် (၉/၄၁၂၆)၊ ရာဇဌာနီလမ်းမကြီး (ဘောဂသီရိကားပန်းအနီး)၊ နေပြည်တော်၊ ပျဉ်းမနားမြို့။
Ph ; 09 - 50-64145, 09 - 49-588063, 09 - 49-276627, 09 - 42-0060449.

SIM CARD
ဝယ်ယူမည့်စျေးနှုန်းများ
49** - 150000
73** - 80000
50** - 160000
47** - 180000
Ph:09-73026000, 09-5092666

ကား: မျိုးစုံ
(Alphard/Crown/MarkII/အန်တီးမ/Hiace ၉/၁၃ယောက်စီး၊ ၂၄/၂၆/၃၃/၅၅/၄၉ ယောက်စီး) များကို စရိုးစဉ်အမျိုးမျိုးအတွက် ယာဉ်ပိုင်ရှင်များကိုယ်တိုင် ဆိုသောသောစျေးနှုန်းခြင့်အငှားလိုက်ပါသည်။
Ph: 09795549249, 09541813126

GREAT FATHER LAND CONSTRUCTION
& DECORATION CO.,LTD. ၏
CHAIRMAN ဦးကျော်မြင့်(ကန်ထရိုက်တာ)နှင့် အများသိစေရန်

ကျွန်ုပ်၏အမှုသည်များဖြစ်ကြသော (၁)ဒေါ်နုနုစိုး(၁၂/မဂတ(နိုင်)၀၆၉၆၈၇)၊ (၂)ဦးတင်မောင်စိုး(၁၂/မဂတ(နိုင်)၀၁၄၄၆၀)၊ (၃)ဦးတင်မောင်မြင့်စိုး(၁၂/မဂတ(နိုင်)၀၁၄၃၈၂)၊ (၄)ဦးတင်မောင်မြတ်စိုး(၁၂/မဂတ(နိုင်)၀၁၄၀၁၄)တို့ပိုင်ဆိုင်သော ရန်ကုန်မြို့၊ မင်္ဂလာတောင် ညွှန့်မြို့နယ်၊ ဗညားဒလလမ်း၊ အမှတ်(၂+၄+၆)နှင့် မြယာကုန်းလမ်း၊ အမှတ်(၁၁+၁၃)ဟူခေါ်တွင် သော မင်္ဂလာတောင်ညွှန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁P)၊ မြေကွက်အမှတ်-V-၁စာ၊ ၁စ၂၊ ဧရိယာ(၀. ၁၂၉)ဧကရှိ နှစ်(၉၀)ဂရန် မြေကွက်ပေါ်တွင် RC(၁၂)ထပ်တိုက်ဆောက်လုပ်ရန် (၂၂-၉-၂၀၁၁)ရက်စွဲပါ "RC(၁၂)ထပ်တိုက်ဆောက်လုပ်ရန် မြေရှင်နှင့်ကန်ထရိုက်တာ နှစ်ဦးနှစ်ဖက် သဘောတူကတိစာချုပ်" ကိုကန်ထရိုက်တာ ဦးကျော်မြင့်နှင့် ချုပ်ဆိုခဲ့ကြပါသည်။

အထက်ကတိစာချုပ်ပါ စည်းကမ်းချက်၊ သဘောတူညီချက်၊ ဝန်ခံကတိပြုချက်များပါ အတိုင်း မြေရှင်များဖြစ်ကြသည့် ဒေါ်နုနုစိုး ပါ-၄ဦးတို့ကပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့် မြေဂရန်မူရင်းတို့ကို ပေးအပ်ပြီး၊ ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် အဆောက်အအုံ ဆောက်လုပ်ရန်အတွက် ဦးကျော်မြင့်ကိုယ်စား မန်နေဂျာဖြစ်သူ ဦးသိန်းနိုင်(၁၂/မဂတ(နိုင်)၀၃၂၅၀၄)သို့ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၁၇၁၀၆/၂၀၁၁(၂၂-၉-၂၀၁၁)ဖြင့် လွှဲအပ်ပေးခဲ့ပါသည်။ မြေရှင်ဒေါ်နုနုစိုး-၄ဦးက စာချုပ်ပါ စည်းကမ်းချက်များအတိုင်း တာဝန်ကျေပွန်စွာ ဆောင်ရွက်ပေးခဲ့သော်လည်းကန်ထရိုက်တာ ဦးကျော်မြင့်ဘက်မှ(၃)နှစ်ကျော်အထိ ဆောက်လုပ်ရန် ပျက်ကွက်လျက်ရှိပါသဖြင့် ကျွန်ုပ်၏အမှုသည်များတွင် အလွန်တစ်ရာထိခိုက်နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်လျက်ရှိပါသည်။ မြေပိုင်ရှင်ဒေါ်နုနုစိုး၊ ၄ဦးတို့မှ(၅-၁၀-၂၀၁၄)နှင့်(၃၅-၁၂-၂၀၁၄)ရက်စွဲပါ အကြောင်းကြားစာဖြင့် ကန်ထရိုက်တာဦးကျော်မြင့်ထံ ဆွေးနွေးညှိနှိုင်းဆောင်ရွက်ရန် စာများပေးပို့ခဲ့သော်လည်း တစ်စုံတစ်ရာ ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိသဲ့၊ ကန်ထရိုက်တာ ဦးကျော်မြင့်သည် ရှောင်တိမ်းလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်အမှုသည်များဖြစ်ကြသော ဒေါ်နုနုစိုး(၄)ဦးနှင့်ကန်ထရိုက်တာ ဦးကျော်မြင့်တို့ချုပ်ဆိုထားသော အထက်ဖော်ပြပါစာချုပ်နှင့် ဦးသိန်းနိုင်အား လွှဲအပ်ထားသော အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၁၇၁၀၆/၂၀၁၁အား ယနေ့မှစ၍ ပယ်ဖျက်လိုက်ကြောင်းနှင့် ပေးအပ်ထားသော ဂရန်မူရင်း၊ စာချုပ်စာတမ်းမူရင်းတို့နှင့်တကွ မြေကွက်အား ပြန်လည်လက်ရောက်ပေးအပ်ပါရန် ဦးကျော်မြင့်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်နုနုစိုပါ(၄)ဦး၏လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဇော်ဇော်ဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၅၆၃၃)
ရုံး-အမှတ်(၅၅)၊ အခန်း(၅)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
အိမ်-အမှတ်-၄၅၊ ၂၆-လမ်း၊ (၁)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ဖုန်း-၀၁-၃၈၉၆၈၅၊ ၀၉-၄၉၂၅၅၈၂၁၊ ၀၉-၅၁၉၄၉၉၉

မောင်ကောင်းထိုက်
ဟာသပဒေသာ (နီးပဒေါ်)
အမှတ်(၂၃)
အမှတ် (၁) မှ အမှတ် (၂၂) အထိ ရနိုင်ပါသည်။
ရွှေပဒေသာစာပေ ☎ 01-384927, 09-36220874

အင်္ဂလိပ်စာ/စကား
၅ နှစ်မှ ၃၀
၁။ Essay/Letter/Grammar/Vocab
၂။ Idioms/Slang/Phrasal Verb
၃။ စနစ်တကျ စာဖတ်တတ်အောင်/အသံထွက်မှန်အောင်/လက်ရေးလှအောင်သင်မည်။ ဖုန်း ၃၈၈၃၀၇၊ ၀၉-၄၀၁၅၄၈၄၆၀

သားသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း
ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုမ္ဗြိုနယ်နေ ဦးအောင်မောင်း[၁၂/ဒလန(နိုင်)၀၀၅၅၃၁]၏သမီး မခင်မာဦး[၁၂/ဒလန(နိုင်)၀၄၀၄၆၃]၊ သား မောင်သန့်ဇင်[၁၂/ဒလန(နိုင်)၀၅၀၅၇၉၉]တို့သည် မိဘ၏စကားကို နားမထောင်ဘဲ မိမိတို့၏သဘောဖြင့် လုပ်ငန်းကိစ္စများကို အကြိမ်ကြိမ် အဖန်ဖန် ပြုလုပ်ကြပါသဖြင့် ၉-၁-၂၀၁၅ရက်မှစ၍ သက်ဆုံးတိုင် သားသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းတို့နှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။
ဦးအောင်မောင်း[၁၂/ဒလန(နိုင်)၀၀၅၅၃၁]

အဆောင်ငှားမည်
အမျိုးသမီးဆောင်
အလုံမြို့နယ် ဆင်မင်းဈေးအနီး
AIR CON၊ ရေခဲသေတ္တာပါ
40000 ညီနှိုင်း
ဒေါ်မိုး 09420055111, 09 73077744

စစ်တွေမြို့တွင် မတ်ပဲသီးထပ်စိုက်ပျိုးရေး အသိပညာပေးပွဲနှင့် ကွင်းပြပွဲကျင်းပ

စစ်တွေ၊ ဇန်နဝါရီ ၁၇

ရခိုင်ပြည်နယ် စစ်တွေမြို့ ပြည်တော်သာရပ်ကွက်ရှိ တောင်သူဦးပေါ်အောင်၏ တောင်သူပညာပေးမတ်ပဲစံပြကွက် ၁၀ ဧက စိုက်ကွင်း၌ ကွင်းပြပွဲနှင့် မတ်ပဲသီးထပ်စိုက်ပျိုးရေး အသိပညာပေးဆွေးနွေးပွဲကို ဇန်နဝါရီ ၁၄ ရက် နံနက် ၉ နာရီတွင် ကျင်းပသည်။

အသိပညာပေးဆွေးနွေးပွဲတွင် ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးသာလူချေက ရခိုင်ပြည်နယ်၏ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် ပြည်နယ်အစိုးရအဖွဲ့မှ သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက် လျက်ရှိကြောင်း မတ်ပဲသီးနှံသည် ရန်ကုန်၊ ပဲခူးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် တောင်သူများ၏ကြီးပွားချမ်းသာရေးကို အထောက်အကူပေးနေသောသီးနှံဖြစ်ကာ ရခိုင်ပြည်နယ်သည် အနီးဆုံးမတ်ပဲဈေးကွက်သည် အိန္ဒိယနိုင်ငံဖြစ်သည့်အတွက် ဈေးကွက်ပူစရာမလိုသောသီးနှံဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးထွန်းလှဖြူက စိုက်နည်းစနစ်များနှင့် အကျိုးကျေးဇူးများအကြောင်း ပညာပေးဆွေးနွေးပြီး မတ်ပဲစံပြစိုက်ကွက်များကို တောင်သူများအား လက်တွေ့ပြသခဲ့သည်။

အဆိုပါအခမ်းအနားသို့ ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးသာလူချေ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြကျော်၊ စစ်တွေခရိုင် စိုက်ပျိုးရေးဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်စုများမှ တောင်သူ ၈၀ ကွင်းဆင်းလေ့လာခဲ့ကြပြီး အခမ်းအနားအပြီးတွင် တောင်သူများအား ဟင်းသီး၊ ဟင်းရွက်မျိုးစေ့ ထုပ် ၁၂ မျိုးကို အခမဲ့ပေးအပ်ကြောင်း သိရသည်။

ရခိုင်ပြည်နယ် မြန်/ဆက်

ပုလဲသွယ်စပ်မျိုးစပါး G.A.P စံပြကွက်နွေစပါးစိုက်ပျိုးခြင်းပြသ

မြန်အောင်၊ ဇန်နဝါရီ ၁၇

ပုလဲသွယ်စပ်မျိုးစပါး G.A.P စံပြကွက် နွေစပါးစိုက်ပျိုးခြင်းပြသပွဲကို ဇန်နဝါရီ ၁၆ ရက်က မြန်အောင်မြို့နယ် ရေနစ်ကွင်းကျေးရွာ ကွင်းအမှတ်(၂၂၆)တွင် ပုလဲသွယ်စပ်မျိုးစပါး တစ်ကွင်းတစ်စပ်တည်း ၁၀ ဧကစံပြကွက်၌ တောင်သူဦးရဲမြင့်၏ လယ်မြေ၌ စတင်စိုက်ပျိုးရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းမင်းထွန်းနှင့် မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံတောင်သူလယ်သမားများ တက်ရောက်ကြသည်။

ပုလဲသွယ်စပ်မျိုးစပါး စံပြကွက်စိုက်ပျိုးခြင်းကို မြို့နယ်စိုက်ပျိုးရေးဦးစီး ဒေါ်မော်မော်သန်းက စိုက်ပျိုးနည်းစနစ်များကို ရှင်းလင်းပြောကြားပြီး ပုလဲသွယ်စပ်မျိုးစပါး G.A.P စံပြကွက် နွေစပါးစိုက်ပျိုးခြင်းကို ဆောင်ရွက်ခဲ့ကြသည်။

(ဝင်းဗိုလ်)

ဥတ္တရသီရိမြို့နယ်၌ သဘာဝ မြေသြဇာဖြင့် စိုက်ပျိုးသော အော်ဂဲနစ်သီးနှံ ဟင်းသီးဟင်းရွက်များ ရောင်းချပေးနေ

နေပြည်တော်၊ ဇန်နဝါရီ ၁၇

ယခုအခါ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများတွင် ဓာတုဆေးများ အလွန်အကျွံသုံးစွဲ စိုက်ပျိုးခြင်းကြောင့် စားသုံးသူပြည်သူများတွင် ရောဂါဘယများ ပိုမိုများပြားလာလျက်ရှိကြောင်း ကျန်းမာရေးဆိုင်ရာ စစ်ဆေးတွေ့ရှိချက်များအရ သိရသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန အနေဖြင့် နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် စက်စက်ယိုဆည်ရေသောက်စနစ်ဖြင့် ဧက ၉၀၀ အဆင့်မြင့် တောင်သူပညာပေးစိုက်ကွင်းမှ ထွက်ရှိသော အော်ဂဲနစ်ဟင်းသီးဟင်းရွက် သစ်သီးဝလံများကို ဇန်နဝါရီ ၆ ရက်မှ စတင်၍ အဆိုပါစိုက်ကွင်းမုခ်ဦးဝဘေးရှိ ရာဇဌာနီလမ်းမကြီးဘေးတွင် အများပြည်သူ အဆင်ပြေစွာ ဝယ်ယူစားသုံးနိုင်ရန် ဝန်ထမ်းများကိုယ်တိုင် ရောင်းချပေးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ စိုက်ကွင်းသည် တောင်သူပညာပေးလုပ်ငန်းများကို အဓိကထား ဆောင်ရွက်ပြသပေးသည့်အပြင် ယခုကဲ့သို့ အမျိုးသားကျန်းမာရေးကို အထောက်အပံ့ဖြစ်စေသော ဓာတုကင်းလွတ်ဟင်းသီးဟင်းရွက်များကို ရောင်းချပေးပြီး မျိုးကောင်းမျိုးသန့်ပျိုးပင်ပေါက်များလည်း ဝယ်ယူရရှိနိုင်ကြောင်းသိရသည်။

ယခုလက်ရှိတွင် အများပြည်သူများ ဝယ်ယူစားသုံးရန် ရောင်းချပေးနေသော သီးနှံများမှာ သဘော်သီး (ထိုင်ဝမ်မျိုး)၊ သခွားမွှေး၊ ပဲစောင်းလျားသီး၊ ဘူးသီး(ဒေသမျိုး)၊ ပဲသီးတောင့်ရှည်(အနီ)၊ ခရမ်းသီး၊ ခရမ်းချဉ် (ကိုရီးယားမျိုး)၊ ပိန်းဥ (ကိုရီးယားမျိုး)၊ ကိုက်လန်နှင် ကြက်ဟင်းခါးသီးတို့ဖြစ်သည်။

"ကျွန်တော်တို့ဒီမှာက နေ့ချင်းခူး၊ နေ့ချင်းရောင်းတဲ့ သီးနှံနဲ့ ဟင်းသီးဟင်းရွက်တွေပါ။ ဆိုင်ပေါ်မှာ ကုန်သွားရင်လည်း ချက်ချင်းခူးပြီး လတ်ဆတ်တဲ့သီးနှံတွေကို ဈေးနှုန်းချိုသာစွာနဲ့ရောင်းပေးနေပါတယ်"ဟု ဒုတိယဦးစီးမှူးဦးဇော်မိုးထိုက်က ပြောသည်။

ကိုမေါက်(ဥတ္တာမြေ)

လိုင်စင်အမျိုးအစား ၅၈ခု လေလံတင်ရောင်းချမည်

ပခုက္ကူ၊ ဇန်နဝါရီ ၁၇

ပခုက္ကူမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း အမဲလိုင်စင်၊ ဆိတ်လိုင်စင်၊ ဝက်လိုင်စင်၊ နွားပွဲဈေးလိုင်စင်၊ စက်ဘီးရပ်နားလိုင်စင်၊ ကားရပ်နားလိုင်စင်၊ ဘီးလိုင်စင်၊ ရေလောင်းအိမ်သာလိုင်စင်၊ ပခုက္ကူ-ရွာမှိုင်း-ကျောဇီဖြတ်ကူတို့၏လိုင်စင်အမျိုးအစား ၅၈ ခုတို့အား လေလံတင်ရောင်းချမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါလေလံများကို ရောင်းချမည့်နေရာမှာ ပြည်သာယာခန်းမဖြစ်ပြီး ဇန်နဝါရီ ၂၇ ရက် နံနက် ၉နာရီတွင် လေလံပေးမည်ဖြစ် ကြောင်းသိရသည်။

အောင်(မန်းတက္ကသိုလ်)

လှိုက်လှဲစွာ အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ ၄-၁-၂၀၁၅ ရက်တွင် ထုတ်ပြန်သော အမိန့်ကြော်ငြာစာအမှတ်-၁/၂၀၁၅ ဖြင့် ဒေါ်ညိုညိုဝေလွင် (အန်တီဝယ်)အား နိုင်ငံတော်မှ ပေးအပ်ချီးမြှင့်သော သုဓမ္မသိရီဘွဲ့တံဆိပ်ကို ထိုက်ထိုက်တန်တန် ချီးမြှင့်အပ်နှံခြင်းခံရသည့်အတွက် မိသားစုနှင့်ထပ်တူ လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် နောင်တွင်လည်း ဒီထက်မက လျှုဒါန်းနိုင်ပြီး သာသနာအကျိုးကို ထမ်းရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဦးသိန်းထွန်း-ဒေါ်မိုးနီနီလွင်
မြို့နယ်အုပ်ချုပ်ရေးမှူး(ငြိမ်း)

၂၀၁၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုမည့် ကျောင်းသား/သူများအတွက်...

The Examination Guide

တက္ကသိုလ်ဝင်တန်း

မေးခွန်း(၅)စုံနှင့်၊ စံပြအဖြေများ

အမြို့မြို့ဆိုင်တိုင်းတွင် ရရှိနိုင်ပါပြီ။ ဝိပ်ပွတ် ၊ သိပ်ပွတ်

မထွက်ခင်ကတည်းကမှာယူအားပေးကြသော ပုဂ္ဂလိကအထက်တန်းကျောင်းများ၊ ပညာရေးဘော်ဒါများနှင့် ဘာသာရပ်သင်ကိုယ်ပိုင်ကျူရှင်များအား အထူးကျေးဇူးတင်ရှိပါသည်။

ဆက်သွယ်မှာကြားရန် ➤ ဂုဏ်ထူးမော်ကွန်းစာပေ

အမှတ်(၃၅၉)၊ ပထမထပ်၊ ဝိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

ဖုန်း - ၀၉ ၇၃၀ ၃၁၂၂၉ ၊ ၀၉ ၄၃၁ ၄၁၂၂၉

ဆိုးရာသီ ဝမ္မဒါန

ကျွန်မ မန်းနီးယန်ဇီနီး၏ နိုင်ငံကူးလက်မှတ်အမှတ် - MA-118543 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၃၉၉၈၂၁၂၉၄

ပျောက်ဆုံးကြောင်း

ကျွန်မ မန်းနီးယန်ဇီနီး၏ နိုင်ငံကူးလက်မှတ်အမှတ် - MA-118543 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀۹-۲۹۹۹۸۲۱۲۹۴

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင်များသို့

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ၂၀၁၅ ခုနှစ်အတွက် အမှုဆောင်သစ်များ ပြန်လည်ရွေးချယ်ရန် ရွေးကောက်ပွဲများကို ၂၂-၁-၂၀၁၅ ရက်မှ ၂၄-၁-၂၀၁၅ ရက်ထိ (၃)ရက်တိုင်တိုင် ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ ယင်းနေ့များတွင် ရုပ်ရှင်ရိုက်ကူးခြင်း မပြုလုပ်ကြပါရန်နှင့် ကိုယ့်အလွှာအလိုက် အင်တိုက်အားတိုက် လာရောက်မဲပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး အမှုဆောင်ပြန်လည်ရွေးကောက်တင်မြှောက်ပွဲတွင် မပျက်မကွက် တက်ရောက်ဆန္ဒပြုရွေးချယ်ရန် ဖိတ်ကြားခြင်း

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးအမှုဆောင်အဖွဲ့ကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၏ နာယကကြီးများနှင့် ရွေးကောက်ပွဲကော်မရှင်မှ ကြီးကြပ်၍ အမှတ်(၁၆)၊ ဝက်ပါလမ်း၊ ဗဟန်းမြို့နယ်ရှိ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးခန်းမကြီးတွင် အောက်ဖော်ပြပါအစီအစဉ်အတိုင်း အခြေခံအလွှာအလိုက် ပြန်လည်ဖွဲ့စည်းမည်ဖြစ်ရာ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင် ရုပ်ရှင်နှင့်ဗီဒီယိုအနုပညာရှင်၊ အတတ်ပညာရှင်များအားလုံး မပျက်မကွက် တက်ရောက်ဆန္ဒပြုရွေးချယ်ပေးနိုင်ရန် ဖိတ်ကြား အပ်ပါသည်။

ရွေးချယ်မည့် အခြေခံအလွှာနှင့် နေ့/ရက်/အချိန်အစီအစဉ်

(၁)	စက်မှုလက်မှုအခြေခံအလွှာ	၂၂-၁-၂၀၁၅ ရက်(ကြာသပတေးနေ့)
(၂)	ဗီဒီယိုအခြေခံအလွှာ	နံနက် ၉း၀၀ နာရီမှ ညနေ ၃း၀၀ နာရီ
(၃)	ပြဇာတ်/ရုပ်ရှင်နောက်ခံတေးဂီတအလွှာ	
(၄)	ဒါရိုက်တာအခြေခံအလွှာ	၂၃-၁-၂၀၁၅ ရက်(သောကြာနေ့)
(၅)	ဇာတ်ပို့/ဇာတ်ရံအခြေခံအလွှာ	နံနက် ၉း၀၀ နာရီမှ ညနေ ၃း၀၀ နာရီ
(၆)	ဇာတ်လမ်း/ဇာတ်ညွှန်းအခြေခံအလွှာ	
(၇)	အုပ်ချုပ်/ဖြန့်ချိ/ပြသအခြေခံအလွှာ	၂၄-၁-၂၀၁၅ ရက်(စနေနေ့)
(၈)	အဓိကဇာတ်ဆောင်အခြေခံအလွှာ	နံနက် ၉း၀၀ နာရီမှ ညနေ ၃း၀၀ နာရီ
(၉)	တည်းဖြတ်/မှတ်တမ်းအခြေခံအလွှာ	
(၁၀)	ထုတ်လုပ်သူအခြေခံအလွှာ	(ပြိုင်ဘက်မရှိ၍ မဲပေးရန်မလိုပါ။)

မှတ်ချက် ။ ။ ဆန္ဒမဲပေးမည့်သူများ အစည်းအရုံးဝင်ကတ်အသစ်ဖြင့် ကိုယ်တိုင်လာရောက်မဲပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ရွေးကောက်ပွဲကြီးကြပ်ရေးကော်မရှင်

ကြော်ငြာ

(၁၉)ကြိမ်မြောက် ဗုဒ္ဓသာသနာတော်လုံးဆိုင်ရာ ရွှေကျင်နိကာယ သံယာ့အစည်းအဝေးကြီးကျင်းပမည်

(၁၉)ကြိမ်မြောက် ဗုဒ္ဓသာသနာတော်လုံးဆိုင်ရာ ရွှေကျင်နိကာယ သံယာ့အစည်းအဝေးကြီးကို ရန်ကုန်တိုင်းဒေသကြီး၊ မော်ဘီမြို့နယ်၊ ဓမ္မဒူတဇေတဝန်တောရ ဆေကိန္ဒာရာမကျောင်းတိုက်ကြီးအတွင်း နိုင်ငံတော်ဩဝါဒါစရိယ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ရွှေကျင်ကာယာဓိပတိဥက္ကဋ္ဌ မဟာနာယက ဓမ္မသေနာပတိ စုဒ္ဒသမ ရွှေကျင်သာသနာပိုင် ဝိသုဒ္ဓါရုံဝါဆို ဆရာတော်ကြီးအမျှားပြုသော ပြည်တွင်း၊ ပြည်ပ ရွှေကျင် နိကာယ သံယာတော်တစ်ထောင် တက်ရောက်လျက် (၁၃၇၆ခုနှစ်၊ တပို့တွဲလဆန်း ၈၊ ၉၊ ၁၀)ရက် (၂၀၁၅ခုနှစ်၊ ဇန်နဝါရီလ ၂၇၊ ၂၈၊ ၂၉)ရက်များတွင် နေ့စဉ်နံနက်ပိုင်း ဓနာရီတစ်ကြိမ်၊ မွန်းလွဲပိုင်း ၁နာရီတစ်ကြိမ် ကျင်းပ သွားမည်ဖြစ်ပါသည်။

ယင်းအစည်းအဝေးသို့ ကြွရောက်လာမည့်ဆရာတော်များသည် ခရီးစဉ်အဆင်ပြေရန် အရှင်ဥာဏာဘိသရ ဖုန်း ၀၉-၅၁၂၁ဝ၉၁၀၊ အရှင်သီရိကဥ္စန ဖုန်း ၀၉-၅၀၆၅၅၉၁၀၊ ဦးသိန်းထွန်း ဖုန်း ၀၉-၈၆၁၉၉၅၅၅၊ ဖုန်းနံပါတ်များသို့ ဆက်သွယ်ကြပါရန်ရိုသေစွာလျှောက်ထားအပ်ပါသည်ဘုရား။

GRAND WYNN ENTERPRISES LTD.

GWE-LOLANE အမှတ်တံဆိပ်ပါ အလှကုန်ပစ္စည်းများ နှင့် ပတ်သက်၍ သတိပေးကြော်ငြာချက်

ရန်ကုန်မြို့ ၊ ဗိုလ်တထောင်မြို့နယ် ၊ ၆၇လမ်း ၊အမှတ် (၄၀)တွင် တည်ထောင်ရုံးစိုက်သော Grand Wynn Enterprises Ltd. ၏ လွဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်သည်မှာ-

ကျွန်ုပ်မိတ်ဆွေ Grand Wynn Enterprises Ltd.သည် GWE-LOLANE ကုန်အမှတ်တံဆိပ်ရွှေရောင်စတစ်ကာပါရှိသည့်အလှကုန်ပစ္စည်းများကိုနိုင်ငံတော်သို့ပေးဆောင်ရမည့် တရားဝင်အခွန်ခများ ပေးဆောင်ကာ သွင်းကုန်ထုတ်ကုန် ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဌာန (FDA)မှ စစ်ဆေးမှု ကိုခံယူကာ FDA ခွင့်ပြုချက်ဖြင့် ယုံကြည်စိတ်ချရသော အရည်အသွေးရှိသည့် အလှကုန်ပစ္စည်းအမျိုးမျိုးကို တရားဝင် တင်သွင်း၍ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဖြန့်ဖြူး ရောင်းချလျက် ရှိပါသည်။

သို့ရာတွင် GWE-LOLANE ကုန်အမှတ်တံဆိပ် ရွှေရောင်စတစ်ကာပါ အလှကုန်ပစ္စည်းများ၏ ကောင်းသောဂုဏ်သတင်းကို အခွင့်ကောင်းယူကာ အချို့သောလုပ်ငန်းရှင်များသည် ထိုအမှတ်တံဆိပ်နှင့် ဆင်တူယိုးမှား GWE-LOLANEရွှေရောင်စတစ်ကာ မပါရှိသည့် အလှကုန်ပစ္စည်းများကို နယ်စပ်မှ တရားမဝင်တင်သွင်းလာသောကြောင့် ၂၀၀၅ခုနှစ်ဇန်နဝါရီလနှင့် ၂၀၀၉ခုနှစ်၊နိုဝင်ဘာလများတွင် တရားဥပဒေနှင့် အညီ အမှုဖွင့်ဖမ်းဆီး အရေးယူမှုများ ပြုလုပ်ခဲ့ ရပါသည်။

ယခုတွင်လည်း မသမာသော ကိုယ်ကျိုးရှာ ဝိသမကုန်သည်များမှ ဈေးကွက်အတွင်း ငါး၊ပုစွန် အကောင်ရှုပ်ပုံပါ GWE-LOLANE ကုန်အမှတ်တံဆိပ် ရွှေရောင်စတစ်ကာ မပါရှိသော အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာန (FDA)မှ ခွင့်ပြုချက် မပါရှိသည့် အရည်အသွေးယုံကြည်စိတ်ချရမှု မရှိသော အလှကုန်ပစ္စည်းများကို နိုင်ငံတော်သို့ပေးဆောင်ရမည့် အခွန်အခများ မပေးဆောင်ဘဲနယ်စပ်မှ တရားမဝင် တင်သွင်းကာ ရောင်းချနေကြောင်း တွေ့ရှိနေရပါသည်။ထို့သို့ တရားမဝင်တင်သွင်းခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ လက်ဝယ်ထားရှိခြင်းမပြုရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက တည်ဆဲဥပဒေနှင့် အညီအရေးယူခြင်း ခံရမည်ဖြစ်ကြောင်းသတိပေးကြေညာအပ်ပါသည်။ သုံးစွဲသူ မိဘပြည်သူများ အနေဖြင့်လည်းနစ်နာ ဆုံးရှုံးမှု မရှိစေရန် အတွက်အရည်အသွေး ယုံကြည်စိတ်ချရသော GWE-LOLANE ရွှေရောင်စတစ်ကာ ပါရှိသည့် အလှကုန်ပစ္စည်းများကိုသာစိစစ်ဝယ်ယူသုံးစွဲကြပါရန် သတိပေးကြေညာ အပ်ပါသည်။

လွဲအပ်ညွှန်ကြားချက်အရ

ဦးသန်းစိုး (ထွန်း)	ဒေါ်မူယာ	ဦးဇော်ဇော်နိုင်အောင်
B.A. (Eco).H.G.P,R.L.D.B.L	LL.B.Dip: in Business Law	LL.B.
တရားလွှတ်တော်ရှေ့နေ (၅၄၉၃)	တရားလွှတ်တော်ရှေ့နေ (၆၆၆၀)	အထက်တန်းရှေ့နေ (စဉ်-၂၅၄၇၄)

အမှတ်(၁၅၈/ဘီ) ခုလွှာ၊ခုစ လမ်း၊ကျောက်တံတားမြို့နယ် ၊ရန်ကုန်မြို့။

ဆုမြတ်နှင် 09931815390, 09931815395

အလောင်းတော်ကဿပ(သီးသန့်)- ၄၅၀၀၀၊ ရွှေစက်တော်(သီးသန့်)- ၄၀၀၀၀
မြတ်မော်တင်ခွန်းဘုရားပွဲ - ၄၅၀၀၀ Feb(2/6) တွက်မည်။
ကျိုက်ထီးရိုး(နေ့စဉ်)(ခြေမ်း)- ၃၅၀၀၀
ချောင်းသာ(နေ့စဉ်)(ခြေမ်း)- ၄၀၀၀၀
ငွေဆောင်(နေ့စဉ်)(ခြေမ်း)- ၅၀၀၀၀
6+1 Car FREE Rental

ကြယ်နန်းတော်
ကျိုက်ထီးရိုး ချောင်းသာ ငွေဆောင်
စီးလုံးတွား လက်စံသည်
Ph: 09 30312400, 09 250622442
09 252566238, 09 252566239

ဓနတန္ဒာရှင်... ကျိုက်ထီးရိုး / ချောင်းသာ (နေ့စဉ်)
မန်းရွှေစက်တော်ဖွင့်ပွဲ (Jan 22, 23) နေ့ဖစ်၍ အပတ်စဉ် (အဂါ၊ သောကြာ)
အလောင်းတော်ကဿပ၊ သပ၊ မုံရွာ၊ ဗစ်ကိုင်း (၄)ရက်။ ပုဂံ၊ ပုပ္ပါး၊ ပခုက္ကူ (၄)ရက်။
ထားဝယ်၊ ယိုးဒယား-ကန်ချနာဘူရီ၊ ဝန်ကောက်-မြဘုရား (၆)ရက် Jan 30, Feb 27
ပေလီကမ်းခြေ (၄)ရက်။ Guest & Restaurant ငြိမ်း 85000 Jan30, Feb 11,20,27
၂၇၀၂၊ပေ-ထမ်းဘုဇလမ်း(အထက်)392704, 09 50 66657, 09 73017110

B.L.T Travels
2015 New Year Special Promotion
ကျိုက်ထီးရိုး/ချောင်းသာ နေ့စဉ် 8000 / 13000
YUTONG (or) SCANIA
09-73163538, 09-31785622

သန်းဌေးနှင့် ရောင်းရင်းများ
မန်းရွှေစက်တော်ဘုရားပွဲတော်ကို Jan 22,23 (အပတ်စဉ် - အင်္ဂါ၊သောကြာ)
မြတ်မော်တင်ခွန်းဘုရားပွဲတော်ကို Feb 2 ရတင်လျှို အပတ်စဉ် - အင်္ဂါ၊ သောကြာ
▲ အလောင်းတော်ကဿပရိုးစဉ်
▲ ပုပ္ပါး၊ ပုဝဲ (ခွယ်တော်လေးဆု)၊ ပခုက္ကူ (၄) ရက်။
▲ တောင်ကြီး၊ အင်းလေး၊ မင်းတယာ၊ တံလုံ၊ ဓမ္မတော်တက္ကူ။
▲ ရွှေတော်ကော်၊ ပုဝဲ၊ ပုပ္ပါး (အလောင်းတော်ကဿပ) ခုံရှာ၊ ဓမ္မလေး ပြင်ဦးလွင်၊ တောင်ကြီး အင်းလေး (၁၂)ရက်။ (23.1.2015)
▲ ဓမ္မလေး ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ (အလောင်းတော်)။ ▲ ဓမ္မလေး ပြင်ဦးလွင်၊ လားပီး၊ ဗုဒေယ်၊ ရွှေလီ။
▲ ဖော်လမ်ပြင်၊ ကျိုကွမ်း၊ ဓတ်ခဲ၊ ထားဝယ်ရှင်ကိုးရှင်၊ မောင်းမဂန်။
▲ မဲလ်ဆတော်ရှင်၊ ပြည်ဘုရားစုံ၊ ထုံးဘိုအကောက်တောင်၊ နဂါးရစ်ဆရာတော်။
ကျိုက်ထီးရိုး/ချောင်းသာ (နေ့စဉ်) ဈရုန်/ဒေါ်ပြုံးမြတ် (တနင်္ဂနွေ)
(၄၂၄)ရွှေဘုံသာလမ်းအထက်။Ph : 380141, 241863, 09 43043109, 09 73251422

NEW WAY
ကျိုက်ထီးရိုး(နေ့စဉ်) 9000
ချောင်းသာ (နေ့စဉ်)13000
09-73238655, 09-252312962

အာရှနဂါး
Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ / ငွေဆောင်
Ph : 703790, 09-861-9008
707062, 09-861-7770

မြို့ရွာတစ်ခွင် သာစေချင် မီးတွင် မပေါ့နှင့်

၅နှစ်ခံ၊ ပေါ့ပါး လွယ်ကူသည့် ...
FIRE.Safe
မီးသတ်ဆေးဘူး
FIRE Safe FIRE EXTINGUISHER
အမြိုမြို့၊ အနယ်နယ်ရှိ ဆိုင်ကြီးများနှင့် Super Market များတွင်ဝယ်ယူရရှိနိုင်ပါသည်။
ဆက်သွယ်မှာယူရန် 09 440 444444 / 09 458 222222

ကမ်ဘာ့ကျော်ကြားသော
ဗေဒင်ဆိုတဲ့
ဗေဒင်ပညာ
ဗေဒင်ဟောကိရိယာ
ဗေဒင်ကျမ်းတွေ
ဗေဒင်ဟောပြောခြင်း

Info Myanmar College

နိုင်မာသောအနာဂတ်ဘဝကို IT နည်းပညာဖြင့်တည်ဆောက်လိုသူများအတွက် edexcel Approved Centre No.95921

HND Diploma in Computing (UK)

HND Diploma ကိုမိမိနှစ်သက်ရာ Network (or) Software လမ်းကြောင်းကိုရွေးချယ်၍ Info Myanmar College တွင်တက်ရောက်နိုင်ပါသည်
HND ပြီးဆုံးပါက CCNA နှင့် Microsoft Certificateကိုပါပူးတွဲရယူနိုင်မည့် လက်တွေ့လုပ်ငန်းခွင်ဝင် UK Diplomaဖြစ်ပါသည်
ပြည်နယ်နှင့် တိုင်းဒေသကြီး များမှ IT နည်းပညာကို စိတ်ဝင်စားသူများအတွက် အင်္ဂလန်နိုင်ငံ၏ အကြီးမားဆုံးပညာရေးအဖွဲ့အစည်းမှ တိုက်ရိုက်ရိုးမြင့်သော Higher National Diploma (UK) ကို ပြည်တွင်းတွင် (၂)နှစ်ခန့်သင်ယူပြီး Final Year ကို ပြည်ပ (သို့မဟုတ်) Info Myanmar College တွင် တက်ရောက်၍ B.Sc (Hons) Computing (UK) အားရယူနိုင်ပါသည်။

IMCS LTD 15/17 (4th Fl) MTP Condo ရန်ကုန်အင်းစိန်လမ်းမ လှည်းတန်း၊ | 09 450016040/ 01 514944 / 01 512119 facebook.com/infomyanmarcollege

စာစစ်မှူးချုပ်တာဝန်ထမ်းဆောင်ခဲ့ကြသော ဓါရင့်ပါမောက္ခကြီး များကိုယ်တိုင်တာဝန်ယူသင်ကြားသည့်

ဘီရိုကြယ်စင် ကိုယ်ပိုင်အထက်တန်းကျောင်း (သူငယ်တန်းမှ တက္ကသိုလ်ဝင်တန်း)

အဆင့်မြင့်စာသင်ဝိုင်းနှင့်စခန်းသွင်းဘော်ဒါ

(၈တန်း၊ ၉တန်း၊ ၁၀တန်း)

မြန်မာစာ • ဆရာကျော် (ရန်ကုန်တက္ကသိုလ်)
အင်္ဂလိပ်စာ • ဆရာဦးတင်မျိုးဦး M.A(English)
သင်္ချာ • ပါမောက္ခဦးအေးအောင် (အုတ်တက္ကသိုလ်) ဒြပ်မှုပေး
ဓာတုပေး • ဆရာ Dr.U.T.A တွဲဖက်ပါမောက္ခ (ရန်ကုန်တက္ကသိုလ်)
ရူပဗေဒ • ဆရာဦးစိုးမြင့် (ရန်ကုန်တက္ကသိုလ်)
ဇီဝဗေဒ • ဆရာဘဘ BIO တွဲဖက်ပါမောက္ခ (ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)
ဘောဂဗေဒ • ဆရာဦးဘုန်းနိုင် (ဘောဂဗေဒ)

■ ဘာသာရပ်တစ်ခုချင်းစီအား သင်ကြားမှု စွမ်းရည်မြင့် ဆရာ/ဆရာမများမှ လိုရာ တိုရှင်း သင်ကြားပေးခြင်း
■ တစ်နေ့တာသင်ကြားပြီးသော သင်ခန်းစာများအား Ph.D ဘွဲ့ရ Guide များမှ စနစ်တကျထပ်မံ လေ့ကျင့်ပေးခြင်း။
■ စာသင်ခန်း(၁)ခန်းတွင် ကျောင်းသား/သူ (၂၀)ဦးသာထားရှိ၍ အထူးကြပ်မတ် သင်ကြားပေးခြင်းတို့ကြောင့် -

ဆရာ/ဆရာမများအလိုရှိသည်
(၃၀-၁-၂၀၁၅)နောက်ဆုံးထား၍လျှောက်ထားရန်
၁။ ဒု-ကျောင်းအုပ် (ကျောင်းလုပ်ငန်းကျွမ်းကျင်ရမည်)
၂။ မူ/လယ်/ထက် လက်မှတ်ရ ဆရာ/ဆရာမများ
၃။ ကွန်ပျူတာ ဆရာ/ဆရာမ (မြန်မြင့်နိုင်သူဦးစားပေးမည်)
၄။ အသောင်းမှူး ဆရာ/ဆရာမ (နေ့၊ စား ပြီး)
၅။ ကျောင်းစာရေးမ (၅)ဦး(အတွေ့အကြုံရှိသူဦးစားပေးမည်)

ကြိုတင်အပ်နှံခြင်းမြင့်သေချာမှုကိုရယူပါ။ မေလဆန်းစမည် ကျောင်းကားကြိုပို့စီစဉ်ပေးသည်။

၆၆၊ ၁၅၇လမ်း၊ တာမွေ၊ ရန်ကုန်မြို့။ 09-73095664, 01-543689, 09-5053874

ပျော်ရွှင်မှုနှင့်အတွေ့အကြုံသစ်များ ရရှိခံစားစေဖို့ Nice Fare Travel IATA နှင့်ခရီးသွားကြစို့ .....

- အမေရိကား (14N/15D)4StarHotel
- ဥရောပ (14N/15D)4StarHotel
- ဂျပန် (7N/8D)4StarHotel
- ကိုရီးယား (7N/8D)4StarHotel
- ဒုဘိုင်း (4N/5D)4StarHotel
- ဒီယက်နမ် (6N/7D)4StarHotel
- ဟောင်ကောင် (7N/8D)4StarHotel
- ဗန်ကောက်၊ ပတ္တရား (5N/6D)4StarHotel
- ဗန်ကောက်၊ ဖူးခက် (5N/6D)4StarHotel
- မော်(လ)ဒိုက် (4N/5D) 4StarHotel
- စင်ကာပူ၊ မလေး (7N/8D)4StarHotel
- စင်ကာပူ၊ ဘာလီ (7N/8D)4StarHotel
- ဖိလစ်ပိုင်ကျွန်းစုများ

ဟန်းနီးမွန်းခရီးစဉ်၊ အထူး Discount
ကုမ္ပဏီများ ၊ အသင်းအဖွဲ့များ၊ ကျောင်းသားကျောင်းသူများ အား အထူးချိုသာသော ဈေးနှုန်းဖြင့် MD , Director , GM , Tour Leader များနှင့်အတွေ့အကြုံရှိဝါရင့်ဝန်ထမ်းများမှလိုလေသေးမရှိ အနီးကပ်ပြုစု စောင့်ရှောက်ပို့ဆောင်ပေးလျှက် ရှိပါသည်။

ခရီးရှည် အသေးစိတ် သိရှိလိုပါက- ၀၁-၂၅၅၆၉၉၊ ၀၉၅၁၁၃၉၂၄၃၊ ၀၉၂၅၅၅၉၂ရ၆ခ

အိမ်၊ ခြံ၊ မြေ အကျိုးဆောင်လုပ်ငန်းရှင်များနှင့် ရောင်း/ဝယ်/ပေါင်နှံလိုသူများ လက်ကိုင်ထားရမည့် အကျိုးရှိအောင်

အကျိုးဆောင်

ဈေးနှုန်းများ အကောင်းဆုံး

City Mart များတွင်လည်း ရရှိနိုင်ပါသည်

Ph : 01-387127, 375537 (အသုံးမလိုပိုလျှံပစ္စည်း အမဲ့ခဲကြော်ငြာကဏ္ဍပါသည်)

■ အိမ်၊မြေ၊မြေရေနုန်းများကျွေးသည်ဆိုသော်လည်း ကျပ်သိန်းသောင်းဂဏန်းတန်များ ကျွေးခြင်းမရှိ ■ နိုင်ငံတကာသို့ ပြည်တွင်းမှ စားဖသောက်ကုန်များ တင်ပို့နိုင်ရန် ကုမ္ပဏီ ၁၅ ခုကို ရွေးချယ်ထား ■ ၅ နှစ်အတွင်း ရောင်းချခြင်း လွဲ ဈေးပြောင်းခြင်းမပြုနိုင်တဲ့ တောင်ဒဂုံက အင်းဝအိမ်ရာတိုက်ခန်း ■ အမေ(သို့)အမွေ ■ ကမ္ဘာ/မြန်မာ့ရွှေဈေးကွက်အခြေအနေ ■ Thailand Border Trade ပြဿနာကို ပဲခူးတွင် ကျင်းပပြုလုပ်မည် ■ ရန်ကုန်တိုင်းအသေးစားကြီးကို မြန်မာပင်အနှိုင်းတွင် ၅ နှစ်အတွင်းမြှင့်မဲ့သော တိုက်ခန်းဈေးနှုန်းအပြောင်းအလဲ ■ အိုင်အိပ်တိုက်တာအရောင်းအယ်လုပ်ငန်းနှင့် ဈေးနှုန်းများအကျွေးကက်သို့ ဆက်လက်ဦးတည်နေ ■ ၂၀၁၅ မှာ အကျွေးကက်သို့ ပြောင်းသွားတဲ့ အိမ်၊ မြေ ပြောကဏ္ဍ ■ ပြည်တွင်းကားဈေးကွက်အတွင်း ရှိ ဟက်ဆီ ဒီဇယ် သဘာဝဆက်ဝွေနှင့် လျှပ်စစ်ကားများ၏ တင်သွင်းရောင်းချမှု ဈေးကွက်ဝေမျှဖိုအားနည်းနေ ■ နိုင်ဆိုတာပြော်သာရမယ်ထောက်ပြချမယ်ဆွေကို အဓိကထားနိုက်တာမယူတတ်ဘူး ဟု သိပ်ထွန်း ထုတ်ဖော်ပြောကြား. . . အပါအင်ပါ ဆေးကျောင်းများဖွင့် www.ahkyosaungjournal.com Website တွင် တစ်ကမ္ဘာလုံးမှထပ်ဆောက်ထားရှိလေ့လာနိုင်ရန် လျှင်တင်လုပ်ကိုရှိပါသည်

ရန်နေ့ပါရီ (၁၈) ရက်၊ တနင်္ဂနွေနေ့ ... ဆက်ဖြီး

အသိပေးကြေညာချက်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်လျက်ရှိသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှ ရင်းနှီးမြှုပ်နှံသူ/ကမကထပြုသူများသည် ကော်မရှင်ရုံးမှ တာဝန်ရှိသူများနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များအား အခါအားလျော်စွာ ဆွေးနွေးညှိနှိုင်းနိုင်ရန်အတွက် မိမိတို့၏ ဆက်သွယ်နိုင်သည့် လိပ်စာ၊ ဖုန်း email တို့အား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်ရုံး၊ အမှတ် ၁၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့သို့ အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်(စ်)နှင့် email များသို့ ၂၀၁၅ခုနှစ်၊ ဇန်နဝါရီလ ၂၀ရက် (အင်္ဂါနေ့) နောက်ဆုံးထား၍ ဆက်သွယ်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

တယ်လီဖုန်းနံပါတ်	ဖက်(စ်)နံပါတ်	email လိပ်စာ
၀၁-၆၅၈၁၂၇	၀၁-၆၅၈၁၃၆	investment1.director.mic@gmail.com
၀၁-၆၅၈၁၂၈	၀၁-၆၅၈၁၄၁	sansanmyintmic@gmail.com
၀၁-၆၅၈၁၂၉	၀၁-၆၅၈၁၃၇	thantsinkyaing64.2012@gmail.com
၀၁-၆၅၈၁၃၀	၀၁-၆၅၈၁၄၂	linnhtutoo 52@gmail.com
၀၁-၆၅၈၁၃၃	၀၁-၆၅၇၈၂၄	myanmarthuzar@gmail.com

ကန့်ကွက် ယာဉ်အမှတ် ၈၈၈/၂၄၅၅၊ Si Thu MPV + M/B (4x2) ယာဉ်လက်ဝယ်ရှိသူအမည် ဦးစံဖေ(၁၂/မဂဒ(နိုင်)၀၃၀၈၈၆) ယာဉ်မှတ်ပုံတင်စာအုပ်(က-မ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် နိုင်ပါသည် ကြော်ငြာပါသည့်ရက်မှ (၁၅)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
ကည၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့

လူပျောက်ကြော်ငြာ

အမှတ်-၃၃၊ ရန်ပြေ၊ (၁၉)လမ်းအရှေ့၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့နေ ဦးအဗ္ဗဒွလ်ကူဒွတ်(ခ)ဦးမောင်စိန်၊ အသက်(၇၇)နှစ်သည် ၁၆-၁၁-၂၀၁၄ရက်တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း- ၀၉-၂၅၁၀၈၄၅၈၃၊ ၀၉-၇၉၇၈၇၀၄၆၈၊ ၀၉-၉၇၁၀၆၆၅၂၇၃

ဦးကျော်မြင့်-ဒေါ်သူဇာ(Gread Father Land Construction & Decoration Co.,Ltd)နှင့် အများသိစေရန်

၂၉-၃-၂၀၁၂ ရက်စွဲဖြင့် ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၄-စီ)၊ မြေကွက်အမှတ်၈F၊ ၈B၂/၂၊ မြေအကျယ်အဝန်း(၀.၂၁၃)၈က မြေပိုင်မြေမျိုး မြေအမည်ပေါက် ဒေါ်တင့်ဝေ မှတ်သားထားသောမြေကွက်နှင့် ယင်းမြေကွက်တည်ရှိရာ အမှတ်(၂၇၆/ဘီ)၊ အရှေ့မျှင်းပြိုင်ကွင်းလမ်း၊ တာမွေမြို့နယ်အား ဦးကျော်မြင့်-ဒေါ်သူဇာ (Gread Father Land Construction & Decoration Co.,Ltd)တို့မှ ဝယ်ယူခဲ့ပါသည်။

အထက်ဖော်ပြပါ မြေကွက်ပေါ်တွင် ဦးကျော်မြင့်-ဒေါ်သူဇာ(Gread Father Land Constructin & Decoration Co.,Ltd)တို့သည် (၆)ခန်းတွဲ၊ (၈)ထပ်တိုက် PH (၆)ခန်းတိုက်ဆောက်လုပ်ရန်သဘောတူပြီး စုစုပေါင်းတိုက်ခန်း(၅၄)ခန်းအား အရစ်ကျငွေချေစနစ်ဖြင့် လည်းကောင်း၊ တစ်လုံးတစ်ခဲတည်းငွေချေစနစ်ဖြင့်လည်းကောင်း၊ တိုက်ခန်းများအားလုံး ရောင်းချထားပြီးဖြစ်ပါသည်။

တိုက်ခန်းများရောင်းချရာတွင် တိုက်ခန်းအချို့တွင် ၂-၃-၄ ဦးထပ်၍ ရောင်းချထားခြင်းများရှိနေပါသည်။ တိုက်ခန်းရောင်းချထားသူများသည် ရောင်းချထားပြီးဖြစ်သော တိုက်ခန်းများအား ပြီးဆုံးသည်အထိဆောက်လုပ်ပေးပါရန်နှင့် ထပ်နေသောတိုက်ခန်းများ အတွက် ဖြေရှင်းပေးပါရန်တောင်းဆိုပါသည်။

ဦးကျော်မြင့်-ဒေါ်သူဇာ(Gread Father Land Construction & Decoration Co.,Ltd)တို့သည် ဆက်လက်ဆောက်လုပ်ပေးခြင်းရှိ/မရှိကို ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ (၃၀)ရက်နေ့နောက်ဆုံးထား၍ အကြောင်းပြန်ပေးပါရန် အသိပေးကြေညာအပ်ပါသည်။

အခန်း၀ယ်ယူထားသူများ ထိခိုက်နစ်နာမှုမရှိစေရန် ဦးကျော်မြင့်-ဒေါ်သူ ဇာ(Gread Father Land Construction & Decoration Co., Ltd)တို့သည် ဝယ်ယူထားသောမြေနှင့် ရောင်းထားပြီးသော အခန်းများအား ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများမပြုလုပ်ရန် သတိပေးတားမြစ်ကြေညာအပ်ပါသည်။

(၁) ဦးမြင့်အောင် - ၀၉-၅၀၈၂၇၃၄
(၂) ဦးအောင်ကျော်စိုး - ၀၉-၇၉၇၆၆၅၅၅
(၃) ဒေါ်နီလာဝင်း - ၀၉-၂၅၅၉၀၂၆၀
(၄) ဒေါ်ရီရီမြင့် - ၀၉-၇၉၈၈၈၉၇၆
(၅) ဒေါ်ခင်ဆွေရီ - ၀၉-၅၀၈၂၀၁၄
(၆) ဒေါ်ခင်ဥမ္မာဇော - ၀၉-၃၃၂၄၃၅၅၁

T
Talents & Models
M
For Your Success

အထူးသင်တန်းများ

၁။ ကိုယ်ရည်ကိုယ်သွေးတောက်ပမှု အထူးသင်တန်း
(Personal Grooming Course)
အခမဲ့အထူး - အမျိုးသမီး အရပ် 5'-8" နှင့်အထက်
- အမျိုးသား အရပ် 6' နှင့် အထက်
သင်တန်းဖွင့်မည့်ရက် (30 January 2015)

၂။ စကားပြောကောင်းလိုသူများအတွက် အထူးသင်တန်း
(M/C Presenter Course)
သင်တန်းဖွင့်မည့်ရက် (16 February 2015)
ဆရာမ မတင်မိုးလွင်မှ ကိုယ်တိုင်သင်ကြားပေးပါမည်။

စာရင်းပေးသွင်းရန်-အမှတ်(၃၀)၊ (၃)လွှာ၊ ယောမင်းကြီးလမ်း၊ ဒဂုံမြို့နယ်၊ ပုလဲဖြူကွန်ဒို။
Phone-09-254705787, 09-73139232, 09-975320797

ဒေါ်နီနီဦး [၁၂/ဗဟန(နိုင်)၀၄၇၁၆၅]နှင့် အများသိစေရန်ကြော်ငြာ

ကျွန်ုပ်၏မိတ်ဆွေ ဦးဝင်းအောင်ညို [၁၃/ကမန(နိုင်)၀၁၂၆၉၈]နှင့် ဒေါ်နီနီဦး [၁၂/ဗဟန(နိုင်) ၀၄၈၁၆၅] တို့သည် အိမ်ထောင်သက် (၂၄)နှစ်ပေါင်းသင်းခဲ့ပြီးနောက် ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၃၁ရက်တွင် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း တိုက်ဆိုင်မှုမရှိပါသဖြင့် အသိသက်သေလူကြီးများရှေ့တွင် လက်မှတ်ရေးထိုး၍ နှစ်ဦးသဘောတူ ကွာရှင်းခဲ့ပြီးဖြစ်ပါသည်။

ကွာရှင်းစာချုပ်ပါ စည်းကမ်းချက်ဖြစ်သော ကွာရှင်းပြတ်စဲပြီးနောက် တစ်ဦးနှင့်တစ်ဦး သိကျွာချပြောဆိုခြင်း၊ အနှောင့်အယှက်ပြုခြင်းကို တိုက်ရိုက်သော်လည်းကောင်း၊ အခြားသူမှ တစ်ဆင့် သွယ်ဝိုက်၍လည်းကောင်း၊ ခြိမ်းခြောက်အကြပ်ကိုင်ခြင်း၊ စိတ်အနှောင့်အယှက်ပြုခြင်း မလုပ်ကြရန်ကိုလည်း နှစ်ဦးသဘောတူပြီးဖြစ်ပါသည်။

သို့ပါ၍ ကျွန်ုပ်၏ မိတ်ဆွေ ဦးဝင်းအောင်ညိုအပေါ်တွင် အထက်ပါ သဘောတူချက်များကို ဖောက်ဖျက်ပြီး ပြိုမှုဆောင်ရွက်သူ မည်သူ့ကိုမဆို သက်ဆိုင်ရာ တရားဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ကို ဒေါ်နီနီဦးနှင့် အများသိစေရန် ကြေညာပါသည်။

ဦးဝင်းအောင်ညို၏ လွှဲအပ်ညွှန်ကြားမှုအရ-
အိမ်
အမှတ်(၇၇၅)၊ (၆) ရပ်ကွက်၊
ကေတုမတီလမ်း၊ တောင်ဥက္ကလာပမြို့နယ် မြို့နယ်အခွင့်ဦးစီးဌာနမှူး (ပြိမ်း) (ပ. တ. ခ)
ဦးသိန်းထွန်း (ဥပဒေဘွဲ့)
အထက်တန်းရှေ့နေ (စဉ်-၆၅၅၃)
ဖုန်း-၀၁-၅၁၆၅၄၈၊ ၀၉-၅၁၈၀၇၆၇

ပြန်ကြားရေးဝန်ကြီးဌာန
ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းအတွက် ကုန်ကြမ်းစက္ကူများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းအတွက် ကုန်ကြမ်းစက္ကူ များကို အောက်ပါအတိုင်း နိုင်ငံခြားငွေ/ပြည်တွင်း(ကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်-
(က) Woodfree Paper 30" Reel (100 gsm To 105 gsm) 1000 MT
(၁) အဖြူ
(၂) အဝါဖျော့
(၃) လုံခြုံရေးအမှတ်အသားပါစက္ကူ
(၄) UV စက္ကူ
(ခ) Woodfree Paper 30" Reel (80 gsm) 1000 MT
(၁) အဖြူ
(၂) အဝါဖျော့
(၃) လုံခြုံရေးအမှတ်အသားပါစက္ကူ
(၄) UV စက္ကူ

၂။ အိတ်ဖွင့်တင်ဒါများကို ၁၉-၁-၂၀၁၅ ရက်မှ ၂-၂-၂၀၁၅ ရက်အထိ ရုံးဖွင့်ရက်များ၌ နေ့စဉ် ၀၉း၃၀ နာရီမှ ၁၆း၃၀ နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေ ရေးလုပ်ငန်း၊ ရုံးအမှတ်(၇)၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂-၂-၂၀၁၅ ရက် ၀၉း၃၀ နာရီမှ ၁၆း၃၀ နာရီအတွင်း ပြန်ကြားရေး ဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်း ရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၇၇၊ ၀၆၇-၄၁၂၃၇၅ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ	တင်ဒါတင်သွင်းရန်လိပ်စာ
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း	ပြည်တွင်း/ပြည်ပပစ္စည်းများဝယ်ယူရေးနှင့်
ပြန်ကြားရေးဝန်ကြီးဌာန	ထုတ္တဝေရောင်းချရေးကော်မတီ
ရုံးအမှတ်(၇)၊ နေပြည်တော်	ပြန်ကြားရေးဝန်ကြီးဌာန
ဖုန်း-၀၆၇-၄၁၂၇၄၊ ၀၆၇-၄၁၂၃၇၅	ရုံးအမှတ်(၇)၊ နေပြည်တော်
	ဖုန်း-၀၆၇-၄၁၂၃၂

လူမှုဘဝမြင့်တင်ရေး သမဝါယမမြင့် ဆောင်ရွက်ပေး

ကြော်ငြာ

ရန်ကုန်မြို့၊ ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ
သာသနာ့ရိပ်သာတည် (၂၅) နှစ်ပြည့် ငွေရတုသဘင်ပွဲနှင့်
ဆဋ္ဌမအကြိမ် ဝိညာ သပြတ္တစာရီ ဓမ္မမိသားစု ဆုံစည်းပွဲ ဖိတ်ကြားလွှာ

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ သံလွင်လမ်း၊ အမှတ် (၈၀-က) ရှိ ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ၊ ရိပ်သာတည်ထောင်နှစ် (၂၅) နှစ်ပြည့် ငွေရတုသဘင်ပွဲနှင့် ဆဋ္ဌမအကြိမ် ဝိညာ သပြတ္တစာရီ ဓမ္မမိသားစု ဆုံစည်းပွဲကို အောက်ပါအတိုင်း ကျင်းပပြုလုပ်မည် ဖြစ်ပါသဖြင့် ပဏ္ဍိတာရာမ ဓမ္မသွေးရင်းသူနှင့် သွေးမကင်းသူ ဓမ္မမိသားစုများ အားလုံး ကြွရောက်နိုင်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက်

၁၃၇၆ ခုနှစ်၊ တပို့တွဲလဆန်း (၁၁- ၁၂- ၁၃) ရက်၊

၂၀၁၅ - ဇန်နဝါရီလ (၃၀-၃၁)၊ ဖေဖော်ဝါရီလ (၁) ရက်၊

မှတ်ချက်။ ။ ၃၀. ၁. ၂၀၁၅ သောကြာနေ့ မနက် (၈း၀၀) နာရီအချိန်တွင် ဖွင့်ပွဲအခမ်းအနားစတင်ပါမည်။ ညနေ (၄) နာရီအချိန်တွင် ကျေးဇူးတော်ရှင် သက်တော်ရှည် ပဏ္ဍိတာရာမ ဆရာတော်ဘုရားကြီးထံမှ သြဝါဒကထာ နာယူကြပါမည်။ ဆုံစည်းပွဲ ပထမရက် နေ့လည် (၁း၀၀)နာရီအချိန်တွင် **သာမဏေကျော် ဆရာတော်** **အရှင်ဓမ္မိကာလင်္ကာရာဘိဝံသ**၊ ည (၇း၃၀) အချိန်တွင် **ကုံကော်မြိုင် ဆရာတော်** **အရှင်သာသနာဘဒ္ဒ**၊ ဒုတိယရက် ညနေ (၄း၀၀) အချိန်တွင် **တိပိဋကဓရ တိပိဋက ကောဝိဒ ဓမ္မဘဏ္ဍာဂါရိက ယောဆရာတော်ဘုရားကြီး**၊ ည (၇း၃၀) အချိန်တွင် **မြစကြာဆရာတော်** **အရှင်ဣန္ဒကာဘိဝံသ** တို့က တရားချီးမြှင့်ပေးမည် ဖြစ်ပါသည်။ ဌေရတု ဓမ္မပူဇာသဘင်ပွဲအတွက် ကားအကြိုအပို့များ စီစဉ်ထားရှိပါသည်။ အသေးစိတ် သိလိုပါက ဖုန်း - ၀၁- ၅၃၅၄၄၈၊ ၀၁-၇၀၅၅၂၂ သို့ ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။

ထေရဝါဒဗုဒ္ဓသာသနာမြန့်ပွားရေးအဖွဲ့
ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ၊

စိန်ပေါလ်ကျောင်းသားဟောင်းများအသင်း
အသင်းသားများအားအသိပေးနှိုးဆော်ခြင်း

စိန်ပေါလ်ကျောင်းသားဟောင်းများအသင်းကိုအသင်း၏ ဖွဲ့စည်းပုံစည်းမျဉ်းအရ၊ နှစ်ပတ်လည် အစည်းအဝေးနှင့် အမှုဆောင်များ ပြန်လည်ရွေးချယ်တင်မြှောက်ပွဲကို ပြုလုပ်သွားမည်ဖြစ်၍ အသင်းသားဟောင်းများအနေဖြင့် အသင်းဝင်ပုံစံအသစ်ကိုဖြည့်သွင်းကာ အသင်းဝင်ကတ်ပြားအသစ်များကို ထုတ်ယူနိုင်ပါသည်။ အသင်းမဝင်ရသေးသော စိန်ပေါလ်ကျောင်းသားဟောင်းများနှင့် အ-ထ-က(၆) ဗိုလ်တထောင်၊ ကျောင်းသားဟောင်းများသည် အသင်းဝင်အဖြစ်ဝင်ရောက်နိုင်ပါသည်။ ဖွဲ့စည်းပုံစည်းမျဉ်းနှင့် အညီအမှုဆောင်အဖြစ်ရွေးချယ်ခံလိုပါက ဗိုလ်အောင်ကျော်လမ်းရှိ ရုံးခန်းတွင် အပတ်စဉ် တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာနေ့များ၌ နံနက် ၁၀း၀၀ နာရီမှ ညနေ ၁၅း၀၀ နာရီအတွင်း အမှုဆောင်အဖြစ် ရွေးချယ်ခံလိုသည့် ပုံစံများ တောင်းယူဖြည့်စွက်ပြီး ၁၁-၂-၂၀၁၅ ရက် နောက်ဆုံးထား၍ ပေးပို့နိုင်ပါသည်။

မှတ်ချက်။ အမှုဆောင်အသစ်များရွေးချယ်ရာတွင် အသင်းဝင်ကတ်ပြားအသစ် လဲလှယ်ပြီးသူများ။ အသင်းဝင်ပြီးသူများမှသာ အမှုဆောင်အဖြစ် ရွေးချယ်ခံနိုင်ခွင့်၊ မဲပေးနိုင်ခွင့်များ ရရှိမည်ဖြစ်ပါသည်။

ရွေးချယ်တင်မြှောက်ရေးကော်မရှင်
စိန်ပေါလ်ကျောင်းသားဟောင်းများအသင်း

ကုန်အမှတ်တံဆိပ်အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးထိန်ဝင်း[၅/မရန(နိုင်)၁၂၉၃၁]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးကြေညာပါသည်။

ပူးတွဲဖော်ပြပါရှိသည့် ကုန်အမှတ်တံဆိပ်ကို ကျွန်ုပ်၏မိတ်ဆွေ ဦးထိန်ဝင်းက အသုံးပြု၍ သားရေဖြင့် ပြုလုပ်သော လူသုံးကုန်ပစ္စည်းအမျိုးမျိုး၊ သားရေအင်္ကျီအမျိုးမျိုး၊ သားရေအိတ်အမျိုးမျိုး၊ သားရေဦးထုပ်အမျိုးမျိုး၊ သားရေဖိနပ်အမျိုးမျိုးတို့ ထုတ်လုပ်ဖြန့်ဖြူးရောင်းချရာ၌ တစ်ဦးတည်း အသုံးပြုရန် ရည်ရွယ်၍ မန္တလေးမြို့တော်စာချုပ်စာတမ်းများ မှတ်ပုံတင်ဌာနမှချုံရုံး၌ မှတ်ပုံတင်အမှတ်(၂၁၁၆/၂၀၁၄)ဖြင့် ချုပ်ဆိုကြေညာ၍ မှတ်ပုံတင်သွင်းခဲ့ပြီး ဖြစ်ပါသည်။

ROMA EMPEROR
EXPORT QUALITY

အဆိုပါကုန်အမှတ်တံဆိပ်ကို ဦးထိန်ဝင်း၏ စာဖြင့်ကြိုတင်ရေးသားခွင့်ပြုချက်မရရှိဘဲ အတိအလင်း တုပခြင်း၊ ဆင်တူယိုးမှားတုပခြင်း၊ ဦးထိန်ဝင်း၏အကျိုးစီးပွားကို ထိခိုက်နစ်နာအောင် အခြားနည်းလမ်းတစ်ခုခုဖြင့် ပြုမူဆောင်ရွက်သူ မည်သူ့ကိုမဆို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲတရားဥပဒေများနှင့်အညီ ပြစ်မှုကြောင်း၊ တရားမကြောင်းတို့ဖြင့် တရားစွဲဆိုအရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်အောင်
LL.B, D.B.L, DL,101:IP Law (WIPO; GENEVA)
တရားလွှတ်တော်ရှေ့နေ
အကွက်(၂၃၀)၊ ပုလိုင်းရပ်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။
ဖုန်း-၀၉-၂၀၁၉၈၇၈၊ ၀၉-၂၅၉၀၂၀၈၄၉

ကိုးဘွဲ့ရရိပ်သာ၌အမြတ်ဆုံးသိမ်၊ဘုရား၊ကျောင်း ဒကာ ခံယူပါ။

နိုင်ငံကျော် ဓမ္မကထိက၊ ကိုးဘွဲ့ရဆရာတော် အရှင်အာစာရာလင်္ကာရအရှင်သူမြတ် တည်ဆောက်သော ဝိပဿနာရိပ်သာ၌ (၁) မြေ ငါးပေပတ်လည် ငါးသောင်းကျပ်၊ (၂)ကျောင်း ငါးပေပတ်လည် ငါးသောင်းကျပ်၊ (၃)သိမ် ငါးပေပတ်လည် ငါးသောင်းကျပ်၊ (၄)ဘုရားစေတီ ငါးပေပတ်လည် ငါးသောင်းကျပ်၊ (၅)အုတ် တံတိုင်း ဆယ်ပေတစ်ခန်း ငါးသောင်းကျပ်၊ (၆)ပစ္စည်းလေးပါးပဒေသာပင် ငါးသောင်းကျပ်နှုန်းဖြင့် -ရန်ကုန်၊ မြောက်ဒဂုံ၊ (၄၂)ရပ်ကွက်၊ ဝိုလ်မျူးဗထူးလမ်း၊ ကိုးဘွဲ့ရကျောင်းသို့ဖြစ်စေ၊ အရှင်အာစာရာလင်္ကာရ-မြောက်ဥက္ကလာ ကမ္ဘောဇာဝတ်၊ အကောင်နှံပါတ် ၀၇၀-၁၂-၁၁၀-၇၃-၇၃၃ သို့ဖြစ်စေ လျှပ်ဒါန်းနိုင်ကြပါပြီ။
(ဖုန်း ၀၉ ၂၁-၁၀ ၃၀၅၊ ၀၉၄၂-၁၁ ၄၃ ၃၇၆၊ ၀၉ ၄၄ ၀၀၀ ၁၄၁၄)

မင်္ဂလာညှော့ခံပွဲကျေးဇူးတင်လွှာ

ဗိုလ်ချုပ်တင်မောင်ဝင်း(ကာကွယ်ရေးဦးစီးချုပ်ရုံး-ကြည်း)-ဒေါ်တင်လေးနွယ်တို့၏ သားတပည့်၊ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၃)၊ ရပ်ကွက်(၅)၊ တိုက်အမှတ်(A-2)နေ၊ (ဦးကယ်နီ)-ဒေါ်တင်တင်ထွေးတို့၏သား

ဗိုလ်မျူး ငြိမ်းချမ်းကိုကို
M.C.Sc(D.S.A)
နှင့်
ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၆)ရပ်ကွက်၊ သုခဝတီလမ်း(စူနီယံပါတ်)၊ ခြံအမှတ်(၂၀-ခ)နေ
(ဦးသန်းဌေးအောင်)-ဒေါ်သက်သက်ဌေး(Director Tet Thit Wai Services Co.,Ltd)တို့၏ သမီး
မဟေမာသန်း
B.E(Civil)
M.E(Construction Management,Thesis)(YTU)

တို့၏ ၁၃-၁၂-၂၀၁၄ရက်(စနေနေ့)တွင် Sedona Hotel(Grand Ballroom) ၌ ကျင်းပပြုလုပ်သည့် မင်္ဂလာညှော့ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဗိုလ်ချုပ်တင်မောင်ဝင်း(ကာကွယ်ရေးဦးစီးချုပ်ရုံး-ကြည်း)၏ဇနီး ဒေါ်တင်လေးနွယ်၊ အောင်မင်္ဂလာပန်းကုံးများချီးမြှင့်ပေးပါသော Dr.ဝင်းမြင့်(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)နှင့်ဇနီး ဒေါ်တင်မမ၊ မင်္ဂလာအောင်လက်စွပ်မောင်နှံကို ဆင်မြန်းချီးမြှင့်ပေးပါသော ဦးအေးမောက်(ဦးဆောင်ညွှန်ကြားရေးမှူး-ငြိမ်း၊အတွင်းရေးမှူး၊ စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ၊ ပြည်သူ့လွှတ်တော်)နှင့်ဇနီး ဒေါ်ခင်ဝင်းကြည်တို့အားလည်းကောင်း၊ ဗိုလ်မျူးချုပ်အောင်သိန်း(ငြိမ်း) (ဒုတိယဝန်ကြီး-ငြိမ်း၊ ပြန်ကြားရေးဝန်ကြီးဌာန)၊ အငြိမ်းစားအရာရှိကြီးများ၊ စစ်ဘက်၊ နယ်ဘက်မှ အရာထမ်း၊ အမှုထမ်းများအားလည်းကောင်း၊ ရန်ကုန်နည်းပညာတက္ကသိုလ်(YTU)၊ ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်(WTU)၊ နည်းပညာတက္ကသိုလ်(ကျောက်ဆည်)နှင့် ရန်ကုန်မြို့၊ ပြည်လမ်း TTC တို့မှ ဆရာ/ဆရာမများနှင့် သူငယ်ချင်းများအားလည်းကောင်း၊ သတို့သားအရံ (ဗိုလ်မျူး)ဗိုလ်ကြီးသန့်ဇင်မျိုးနိုင်နှင့် ဗိုလ်ကြီးစိုးမင်းအောင်၊ သတို့သမီးအရံ မသိမ့်သီတာလှိုင်နှင့် Dr.ခိုင်စပယ်ကျော်တို့အားလည်းကောင်း၊ မင်္ဂလာပန်းလမ်းခင်းကျင်းပေးပါသော တေးသံရှင်သူငယ်ချင်းအိမ့်ချစ်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်းများ ကိုင်ဆောင်ပေးပါသော Dr.ရတနာမျိုးညွှန့်နှင့် မအေးမြခင်တို့အားလည်းကောင်း၊ မင်္ဂလာလက်ဝတ်ရတနာများ ဆင်မြန်းချီးမြှင့်ပေးပါသော Capt.သတိုးကျော်ခ်ှနှင့်ဇနီး ဒေါ်မိမိနိုင် (Precious Gems & Jewellery)၊ မေတ္တာဖြင့် သတို့သမီးအရံများနှင့် မင်္ဂလာဗန်းကိုင်များ၏ ဝတ်စုံများကို ဆင်မြန်းချီးမြှင့်ပေးပါသော မေသူထက်(Golden Petal)တို့အားလည်းကောင်း၊ မိတ်ကပ်-စိုးစိုး(ရန်ကုန်)၊ မိတ်ကပ်-ဘိုဘိုနီ(ကျောက်ဆည်)နှင့်ပြင်ဦးလွင်မင်္ဂလာပွဲ)၊ မင်္ဂလာဝတ်စုံ မမ၌(Zu Zu Collection)၊ ပန်း-နီနီ(ပွိုင့်)၊ မင်္ဂလာအခမ်းအနားမှူး ဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်ပေး သီဆိုပေးသော တေးသံရှင် ဟေမာနေဝင်း၊ တေးသံသာများဖြင့် ဖျော်ဖြေပေးပါသော First Music Agency၊ မှတ်တမ်းတင်ပေးပါသော ဓာတ်ပုံနှင့်ဗီဒီယိုဝယ်ယူခွင့်နီးတို့အားလည်းကောင်း၊ မေတ္တာဖြင့် မင်္ဂလာကားစီစဉ်ပေးပါသော ကိုထက်ဘုန်းနိုင် @Thomas (Royal Myanmar Ability)တို့အားလည်းကောင်း၊ မင်္ဂလာညှော့ခံပွဲအခမ်းအနားကျင်းပရာ နေရာအသီးသီး၌ အဆင်ပြေအောင်မြင်စွာ ကျင်းပနိုင်ရန် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးခဲ့ကြပါသော ကျေးဇူးတင်ထိုက်သူအားလုံးတို့အားလည်းကောင်း၊ ဂုဏ်သရေရှိ နှစ်ဖက်ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များ ပေးပို့ချီးမြှင့်ကြပါသော ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်မျူး ငြိမ်းချမ်းကိုကို-မဟေမာသန်း

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်-၄၁/ကံဘဲ့၊ မြေကွက်အမှတ်(၃)၏တစိတ်တစ်ဒေသ၊ မြေကွက်အမှတ်-၃/၁၅၀၊ မြေကွက်တည်နေရာအမှတ်-၃/၁၅၀၊ သင်္ဘောဖြူ(၄)လမ်း၊ (၈)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အမည်ပေါက် အစိုးရမြေအား စီမံချက်ငယ်စာရင်းအမည်ပေါက် ဦးတန်ဘီ(ခ)ရှာမူဂန်ထံမှ အရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့် ဦးစောနိုင်၊ ဒေါ်လွင်လွင်မော်တို့မှ ဝယ်ယူပြီး ဦးစောနိုင်၊ ဒေါ်လွင်လွင်မော်တို့ထံမှ ပေ(၂၀×၆၀) အစိတ်အပိုင်းအား အရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူသူ ဒေါ်ကြည်ကြည်လွင်မှ ဖူးတွဲဗြီး ဦးစောနိုင်[၁၂/ပဘတ(နိုင်)၀၀၄၃၇၄]၊ ဒေါ်လွင်လွင်မော်[၁၂/ဗဘတ(နိုင်)၀၁၀၇၈၈]၊ ဒေါ်ကြည်ကြည်လွင်[၁၂/ပဇတ(နိုင်)၀၁၄၃၄၂]တို့က နှစ်(၆၀)မြေဌားစာချုပ်(ဂရန်) လျှောက်ထားလာရာ ဗိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ပန်းဘဲတန်းမြို့နယ်(၂၈)သမိုင်းအမှတ်(၅၇)တည်ရှိရာ မြေတိုင်းရပ်ကွက်အမှတ်-၁၅၅စီ၊ မြေကွက်အမှတ်V Class 77 and Extra Strip adjacent to and North မြေပိုင်မြေ အမျိုးအစားismail Mohamed Madan အမည်ပေါက်မြေအား ပြည်ထဲရေးပန်ကြီးဌာန၏ ၁၇. ၁. ၂၀၁၃ရက်စွဲပါ ဦးရှော်အေး(ဘ)နှင့်အမွေကြောင်းဆက်သွယ်သူများအား သက်ဆိုင်ရာအမွေဆက်ခံခွင့် ဥပဒေနှင့်အညီ တရားရုံး၏ ဆုံးဖြတ်ချက်အရ အမွေဆက်ခံခွင့်ရရှိမည့်သူအား အမွေဆက်ခံခွင့်ပြုသည့်အမိန့်၊ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၏ ၂၁. ၁၁. ၂၀၁၄ရက်စွဲပါ အမွေဆက်ခံပိုင်ဆိုင်ခြောင်း မြွက်ဟကြော်ငြာအမိန့်နှင့်အနိုင်ဒီဂရီတို့ကိုတင်ပြ၍ ဦးရှော်အေး(ဘ)(၁၂/ပဘတ(နိုင်)၀၂၂၈၁၅)မှ အမွေဆက်ခံရိုင်ဆိုင်ကြောင်း မြေပုံကူး လျှောက်ထားလာပါသဖြင့် ခိုင်လုံသော အထောက်အထားများဖြင့်(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အမျှားသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာနမှ(အဆောက်အအုံ)မှ ယာယီအိမ်ရှင်အဖြစ်ဆောင်ရွက်၍ ဆောက်လုပ်ခဲ့သောတိုက်ရှိ ကန်ထရိုက်တာ အကျိုးအမြတ်ရရှိသော တိုက်ခန်းကို ကန်ထရိုက်တာထံမှ အဆင့်ဆင့်ဝယ်ယူပြီး အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲ၍ စာချုပ်ချုပ်ဆိုခွင့်ပြုပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

စဉ်	တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ်	လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ်
	ကန်ထရိုက်တာဦးထူးအောင် [၁၂/စခန(နိုင်)၀၅၃၀၃၉] (မှ) ဦးစိုးသိန်း [၁၂/မဂတ(နိုင်)၀၄၁၃၃၁] (မှ)	ဦးမျိုးနိုင် [၁၂/ပဘတ(နိုင်)၀၀၅၀၉]	တိုက်အမှတ်(၁၉)၊ အခန်းအမှတ်(H/၅)၊ (၅၅)လမ်း၊ ပဇွန်တောင်မြို့နယ်။

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)

"၁၀-၁၂-၂၀၁၅ ရက်စွဲဖြင့် ကြေးမုံသတင်းစာ စာမျက်နှာ(၂၀) တာမွေမြို့နယ်၊ ဗညားဒလလမ်း၊ အမှတ်(၃၈၀)ဟုခေါ်တွင်သည့် (၂)ခန်းတွဲ (၈)ထပ်တိုက်မှ (၆)ထပ်(အေ)ဘက်ခြမ်း(၁)ခန်း၊ ဧရိယာ(၁၀၀၀)စတုရန်းပေခန့်အကျယ်အဝန်းရှိ တိုက်ခန်းအကျိုးခံစားခွင့်ကို ပြန်လည်ရှင်းလင်းကြေညာချက်အား အများသိစေရန် ပြန်လည်ရှင်းလင်းခြင်း"

အထက်ဖော်ပြပါ တိုက်ခန်းနှင့်ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဦးကျော်မြင့် [၁၂/မဂတ(နိုင်) ၀၄၉၂၄၄] Great Father Land Construction ကိုယ်တိုင်ထံမှ ၂၀၁၂-ခုနှစ် တိုက်ခန်းဆက်စပ်အရောင်းအဝယ်စာချုပ်များအရ တိုက်ခန်းတန်ဖိုးငွေ အပြည့်အဝ လက်ရောက်ပေးချေပြီး ဖြစ်သည့်အပြင် ဦးကျော်မြင့် ကိုယ်တိုင် (BCC) လူနေထိုင်ခွင့်မကျသေးသဖြင့် လက်ရောက်မအပ်နှံသေးပါ။ ၎င်းတိုက်ခန်းမှာ ရောင်းချပြီးသည့် တိုက်ခန်းဖြစ်ပါလျက် ရောင်းချခွင့်မရှိသည့်အခန်းကို ရောင်းချပြီး လက်ရောက်ပေးအပ် သည်ဆိုသည့် အရောင်းမန်နေဂျာ ဦးဇော်မျိုးဦးကိုလည်း တည်ဆဲဥပဒေအရ အရေးယူရန် စီစဉ်နေပြီးဖြစ်ပါသည်။

သို့ပါ၍ အဆိုပါ တိုက်ခန်းအား ကျူးကျော်ဝင်ရောက်ခြင်း၊ ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ လွှဲပြောင်းခြင်း၊ လျှဒါန်းခြင်းအပါအဝင်မပြုလုပ်ရန်နှင့် စာချုပ်စာတမ်းသက်သေအခိုင်အမာဖြင့် ကျွန်ုပ်တို့၏အမှုသည် ဝယ်ယူပိုင်ဆိုင်သည့် တိုက်ခန်းဖြစ်ကြောင်း တရားဝင်ကန့်ကွက်တားမြစ်ခြင်းအား အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

ဦးရဲဝင်း[၁၂/မနမ(နိုင်)၀၅၈၈၂၁]၏လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အေးနန္ဒာဝင်း	**ဒေါ်မိတင်ဇာလင်း**
(စဉ်-၁၀၁၂၆)	**(စဉ်-၃၀၄၉၁၁)**
LL.B, D.B.L, D.M.L	**LL.B, D.B.L, D.M.L, D.I.L**
တရားလွှတ်တော်ရှေ့နေ	**အထက်တန်းရှေ့နေ**

အမှတ်-၂၄/အေ-၇၊ ဩဘာလမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၅၂၁၄

ကရုဏာစင်တာ ပညာ၊ ကျန်းမာ၊ ထောက်ပံ့စောင့်ရှောက်မှု အလှူငွေပါဝင်လှူဒါန်းနိုင်

မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ တောင်စွန်းကျေးရွာ၊ ဝိဝေကာဝါသကျောင်းဆရာတော် အရှင်တိက္ခ ဦးဆောင်သော ကရုဏာစင်တာ (ပရဟိတ)မှ ၂၀၀၇ ခုနှစ်ကစ၍ လူမျိုးဘာသာမရွေး ပညာရေး၊ ကျန်းမာရေး ထောက်ပံ့စောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ (၂၀၁၄-၂၀၁၅) တွင် ချို့တဲ့သော (၉-၁၀)တန်း ကျောင်းသား/ကျောင်းသူ (၆၆)ယောက်၊ တ ဂ္ဂသိုလ်ကျောင်းသား/ကျောင်းသူ (၂၅)ယောက် နှင့် ဘီးလင်း၊ တောင်စွန်းဆေးရုံတို့မှ ဆင်းရဲသောလူနာများကို လူဦးရေ၊ ငွေကြေး သတ်မှတ်ချက်တို့ဖြင့် ထောက်ပံ့လျက်ရှိသောကြောင့် ပညာရေးငွေပဒေသာပင် တစ်ပင် (၅၀၀၀ဝ)၊ ကျပ် ဆေးပဒေသာပင် တစ်ပင် (၁၀၀၀ဝ) ကျပ် စသည်ဖြင့် အလှူတော်ငွေများကို အချိန်အခါမရွေးဆက်သွယ်လှူဒါန်းနိုင်ပါသည်။ (၁) ဦးဆောင်ဆရာတော်၊ ဖုန်း - ၀၉ ၈၆၂၆၉၉၈ (၂)မင်းလှခမ္မရိပ်သာကျောင်း၊ ဗဟန်းစေ့ားအနီး၊ ရန်ကုန်မြို့။ ဖုန်း-၀၉၄၃၁၆၅၅၀၊ ၀၉၄၅၀၀၆ ၂၅၄ (၃) ကေဇာဝင်း-ပုံနိုပ်တိုက်၊ (စိန်ပေါလမ္ဘတ်တိုင်အနီး) ဖုန်း ၀၁-၃၉၈၄၄၀၊ (၄) ကမ္ဘောဇာဂက် (ရွှေဂုံတိုင်ဘဏ်ခွဲ)၊ အရှင်တိက္ခ (၀၀၇၃၀၁၀၀၇၀၂၄၉၈၂၀၁)(၄) မယုန်နန္ဒာစိုး၊ ၀၉ ၂၆၀၀၃၀၄၀၄

ကျေးဇူးတင်ဝမ်းမြောက်ကြောင်း

မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ တောင်စွန်းကျေးရွာ၊ ဝိဝေကာဝါသကျောင်းတိုက်အတွင်း တည်ဆောက်ခဲ့သော ကရုဏာကုသိုလ်ဖြစ်ဆေးခန်းပြီးစီးသွားပါပြီ။ လူမျိုးဘာသာမရွေး လူနာများကို ကုသပေးပါတော့မည်ဖြစ်ပါသည်။ အလှူငွေများပါဝင်လှူဒါန်းခဲ့ကြသော အလှူရှင်များအား ကျေးဇူးတင်ဝမ်းမြောက်ကြောင်းဖြင့် သတင်းကောင်းပါအပ်ပါသည်။ ဆေးခန်းအတွက် ဆေး၊ ဆေးပစ္စည်းအလှူငွေများ လှူဒါန်းလိုပါက ဦးဆောင်ဆရာတော်အရှင်တိက္ခ၊ ဖုန်း ၀၉-၈၆၂၆၉၉၈သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ပျောက်ဆုံးကြောင်း ကျွန်မ မအေးသန္တာဝင်း [၁၁/တကန(နိုင်)၀၆၀၅၄၈]၏ နိုင်ငံကူးလက်မှတ် (နံပါတ်-မမှတ်မိ)ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ကျေးဇူးဆပ်ပါမည်။
ဖုန်း-09-421761906

မဂ်လာဗျူဟာအသင်းစျေး

(၅၈)ကြိမ်မြောက်နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး

ရန်ကုန်တိုင်းဒေသကြီး၊ဗဟန်းမြို့နယ်၊အာစာနည်လမ်း၊ဂို့မဂ်လာဗျူဟာအသင်းချုပ်၏(၅၈)ကြိမ်မြောက်နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကိုကျင်းပမည်ဖြစ်ပါ၍ဖိတ်စာရသည်ဖြစ်စေ၊မရသည်ဖြစ်စေအသင်းဝင်များ၊အားလုံးအောက်ပါအစီအစဉ်အတိုင်းမပျက်မကွက်တက်ရောက်ကြပါ ရန်ဖိတ်ကြား၊အပ်ပါသည်။

ကျင်းပမည့်ရက် - ၃၁.၁.၂၀၁၅ (စနေနေ့)
ကျင်းပမည့်အချိန် - မွန်းလွဲ (၁) နာရီ
မှတ်ချက် - ဆွေးနွေးအကြံပြု၊အများကို ၂၆.၁.၂၀၁၅ရက် (တနလာနေ့) ရောက်ဆုံး၊ထား၍အသင်းချုပ်ရုံး၊ရုံးအဖွဲ့.မှူးထံပေး၊ပို့ကြပါရန်။

အမှုဆောင်အဖွဲ့
မဂ်လာဗျူဟာအသင်းချုပ်။ ဖုန်း-၀၁-၃၇၀၄၆

ခင်နဒီ ခရီးသွားဝန်ဆောင်မှုလုပ်ငန်း ကုမ္ပဏီ

"အကောင်းဆုံးဝန်ဆောင်မှုများကိုခံစားရင်း ခင်ဒနီနှင့်ခရီးသွားကြပါစို့"

- အကောက်တောင်(ပြည်)၊ သရေတွေ့ရာမြို့ဟောင်း(ရေးပျဏြို့ဟောင်း)၊ ပြည်၊ ရွှေတောင်ဘုရားဖူးခရီးစဉ် (၁ညအိပ် ၂ရက်ခရီး) (JAN 31-FEB 1)(FEB 19-20)(Mar 3-4)
- သံတောင်ကြီးမြို့(တောင်ပေါ်အပန်းဖြေစခန်း)၊ ပသီချောင်း၊ တောင်ငူမြတ်စောညီနောင်ဘုရားဖူးခရီးစဉ်(၁ညအိပ် ၂ရက်ခရီး) (FEB 11-12)(Mar 14-15)
- ဒွဲကပင်စေတီ၊ ကျောက်ကလပ်၊ ကော့ဂွန်းဂူ၊ ဘုရင်ညီနှင့် ရေပူစမ်း၊ ဘားအံရွှေယည်မျှော်ဘုရား၊ သထုံရွှေစာရံဘုရားဖူးခရီးစဉ် (၁ညအိပ် ၂ရက်ခရီး)(FEB 11-12)(Mar- 7-8)
- မန်းရွှေစက်တော်ဘုရားပွဲ၊ ကျောင်းတော်ရာ၊ ရှင်ပင်စက္ကိန်းတဲဘုရား၊ နဂါးပွက်တောင်၊ မကွေးမြသလွန်ဘုရားဖူးခရီးစဉ်(၂ညအိပ် ၃ရက်ခရီး)(FEB 28-Mar 2) (Mar 20-22) (Mar 27-29)(Apr 3-5)
- ဇလွန်ပြည်တော်ပြန်ဘုရားပွဲ၊ ခနဖြူမြို့ကျိုက်ကလွန်ပွန်းစေတီ၊ မဟာဗန္ဓုလခံတပ်နှင့် ကြေးရုပ်၊ ဟသ်ာတရွှေသာလျောင်းဘုရားဖူးခရီးစဉ်၊ (Mar-4) (တပေါင်းလပြည့်နေ့)

ဖုန်း ၀၉-၅၁၄၃၃၃၁၊ ၀၉-၃၃၅၅၆၆၀၉၊ ၀၁-၈၅၅၀၉၆၆၃၊ ၀၉-၂၅၀၉၃၁၃၄

အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သမ္မတကြီးက ချီးမြှင့်သည့် ၂၀၁၅ ခုနှစ် သာသနာတော်ဆိုင်ရာ **သုဓမ္မမဏိဇောတရေ** ဘွဲ့တံဆိပ်တော်အား ချီးမြှင့်ခြင်းခံရသူ **ဦးသိန်းဝင်း(ခ) ဦးသိန်းဝင်းမြတ်(ဝင်းအိချောကုမ္ပဏီ လီမိတက် WEC နှင့် ဇင်ယော်နီဖိနပ်ရောင်းဝယ်ရေး)**အတွက် အထူးပင်လိုက်လျှံစွာ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း နောင်နှစ်ပေါင်းများစွာတိုင်အောင် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် အမျိုးဘာသာ သာသနာအကျိုးတို့အား ဆက်လက်၍ ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

WEC နှင့် ဇင်ယော်နီ ဖိနပ်ရောင်းဝယ်ရေး
ရုံးဝန်ထမ်းများ၊ ဆိုင်ဝန်ထမ်းများနှင့် Marketing ဝန်ထမ်းများ
ဖိနပ်လုပ်ငန်းရှင်များ

မြတ်ဆူမွန်တောင်း ဝမ်းမြောက်ဂုဏ်ယူခြင်း

မိုးကုတ်မြို့၊ မြို့မ(၁)ရပ်ကွက်နေ **သုဓမ္မသိရီ** ဘွဲ့ရရှိသူ **ဒေါ်ကာလာဝတီ**၏ ခင်ပွန်း **သုဓမ္မမဏိဇောတရေ၊ သီဟသုဓမ္မမဏိဇောတရေ** ဘွဲ့ရရှိထားသူ **ဦးနန္ဒ** အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နိုင်ငံတော်သမ္မတရုံး၏ (၄. ၁. ၂၀၁၅)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၅)ဖြင့် **သီရိသုဓမ္မမဏိဇောတရေ** ဘွဲ့ကို ချီးမြှင့်ခဲ့သည့်အတွက် အထူးပင်ဝမ်းမြောက်ဂုဏ်ယူ ဂါရဝ ပြုရပါကြောင်း၊ အနာဂတ်တွင် မိသားစုနှင့်အတူ သက်ရှည်ကျန်းမာစွာဖြင့် အမျိုးဘာသာသာသနာတော်အကျိုးနှင့် နိုင်ငံတော်အကျိုးတို့အား ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ ဂေါ်ရခါး ဟိန္ဒူဓမ္မအဖွဲ့ချုပ်
ဗဟိုအမျိုးသမီး ရေးရာအဖွဲ့

ကန့်ကွက်နိုင်ပါကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အမှတ်(၂)ရပ်ကွက်နယ်မြေ၊ သမ္မတလမ်းမကြီး၊ ကွင်းလမ်းအကွက်၊ အကွက်အမှတ်(၆၁)၊ ဦးပိုင်အမှတ်(၃၅)၊ မြေဧရိယာ(၀. ၀၃၆)ဧက၊ အလျားဂ၅ ပေ×အနံ ၂၇ပေ၊ မြေပိုင်မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်လတ်လတ်ထွေးဟန်(၁၄/ပသန(နိုင်)၀၀၂၀၃၂)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါပြီး (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက မြေကွက်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ခင်ဝင်းဖြူ (LL.B.,D.B.L)
တရားလွှတ်တော်ရှေ့နေ(၉၂၈၄)
အမှတ်(၄၆)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ပျောက်ဆုံးကြောင်း

အဖ ဦးလှတင်ရွှေ၏ သမီးဖြစ်သူ မနော်ထူးထူးဖော (၂၆)နှစ် [၁၂/တကန(နိုင်)၁၇၂၇၃၃]သည် နွယ်သာဂီ(၇)လမ်း၊(က)ရပ်ကွက်၊ မြောက်ဥက္ကလာနေအိမ်မှ ၃၁-၁၂-၂၀၁၄ရက်တွင် နိုင်ငံခြားခရီးသွားမည်ဟုပြောပြီး၍ လေဆိပ်သို့ထွက်သွားရာမှ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ လက်ခံထားသူအား အရေးယူမည်။

ဒေါ်မာလာထွန်း
ဖုန်း-၀၉-၂၅၀၅၅၀၀၂၂၊
၀၉-၄၄၈၀၄၀၉၃၂

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လွိုင်သာယာမြို့နယ်၊မြေတိုင်းရုပ်ကွက်အမှတ်(ရလပ-၂၅)၊မြေကွက်အမှတ်(၁၄)၊မြေကွက်တည်နေရာအမှတ်(၁၄)ရွှေလင်ပန်းစက်မှုနုန်း လိုင်သာယာ၊ဦးကျော်မြင့်(ခ)ကျောင်ဝိန်၊ဦးအေးသောင်း အမည်ပေါက်၊နေ၁(၆၀)ဂရန်မြေအားအမည်ပေါက်တစ်ဦးဖြစ်သူဦးကျော်မြင့်(ခ)ကျောင်ဝိန်ကွယ်လွန်၍ဒေါ်တန်စောဟွ(ခ)ဒေါ်ကျွင်ကျွင်နွယ်(၁၂/လမတ(ဧည့်)၀၀၀၃၄)မှတရားဝင်ဆီးတော်စပ်ကြောင်း တရားရုံးကျမ်းကိုယ်လွှား၊ထောက်ခံချက်ကျမ်းကိုမိုး လွှားသေစာင်း၊ရန်မှုရင်းတင်၍ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဦးအေးသောင်း(၁၂/ကမတ(ဧည့်)၀၀၀၀၇၉)နှင့်အတူပိုင်ဆိုင်ကြောင်းစာချုပ်ဆိုရန်မြေပိုက္ကလျှောက်ထားလာရာတရားဝင်နိုင်လိုသောအထောက်အထားများဖြင့်(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်းအသိပေးကြေငြာအပ်ပါသည်။

မြို့ပြမိဘိုးနှင့်မြေစီမံခန့်ခွဲရေးဦးစီးဌာန
ရန်ကုန်မြို့တော်ဧည့်ဝင်သာယာရေးကော်မတီ

ဦးကျော်မြင့်[၁၂/မဂတ(နိုင်)၀၄၉၂၄၂] Chairman GREAT FATHER LAND CONSTRUCTION &DECORATION နှင့် အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ အမှတ်(၂၇၆/B)နေရာ၌ ဦးကျော်မြင့်၏ ကုမ္ပဏီကဆောက်လုပ်သော (၆)ခန်းတွဲ(၈)ထပ်တိုက်မှ (၇)ထပ် (F)ဘက်မြမ်း၊ ဧရိယာ(၁၅၀၀) စတုရန်းပေ အကျယ်အဝန်းရှိ တိုက်ခန်းအား ဦးကျော်မြင့်က ကျွန်ုပ်တို့၏ မိတ်ဆွေများသို့ "တိုက်ခန်းကို အရစ်ကျငွေချေစနစ်ဖြင့် အရောင်းအဝယ်ပြုလုပ်ခြင်းဆိုင်ရာ နှစ်ဖက်သဘောတူစရန်ပေးကတိစာချပ်" ဖြင့် ၂၉-၈-၂၀၁၁ရက်တွင် ချုပ်ဆိုရောင်းချထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါတိုက်ခန်းနှင့် ပတ်သက်၍ ရောင်းခြင်း၊ ဝယ်ခြင်း၊ အကျိုးခံစားပိုင်ခွင့်အား တစ်နည်းနည်းလွှဲပြောင်းခြင်းတို့ကိုမပြုလုပ်ပါရန် ဦးကျော်မြင့်နှင့်အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်စန္ဒာဝင်း **ဒေါ်ရွှေဇင်မင်း**
တရားလွှတ်တော်ရှေ့နေ(စဉ်-၆၄၆၁) **အထက်တန်းရှေ့နေ(စဉ်-၂၃၃၃၉)**
အမှတ်-၃၁/၃၃၊ စတုတ္ထထပ်၊ ၃၅-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၂၄၉၈၂၅၊ ၀၉-၄၂၀၀၈၀၃၃၂

အများသိစေရန်ကြေညာချက်

အောက်ဖော်ပြပါ ပုဂ္ဂိုလ်များမှ မိမိတို့၏အဆောက်အအုံကို ဆောက်လုပ်ခွင့်/ပြင်ဆင်ခွင့်ရရှိရန် လျှောက်ထားလာသည့်အတွက် ကန့်ကွက်ရန်အကြောင်းရှိပါက ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်းများနှင့်တကွ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း ဤဌာနသို့လျှောက်ထားကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည် -

စဉ်	အမည်	မှတ်ပုံတင်အမှတ်	လိပ်စာ	မှတ်ချက်
၁	ဦးကျော်ဓော+၁	၁၂/မရက(နိုင်) ၁၅၅၆၅၅	(၁၀)၊ ၁-လမ်း၊ ၁-ရပ်ကွက်၊ မရမ်းကုန်း	၃-ထပ်တိုက် ဆောက်လုပ်ရန်
၂	ဒေါ်ကြည်ဝင်း+၁	၁၂/မရက(နိုင်) ၁၃၁၆၅၃	(၁၉၅/၁၉၆-က)၊ အနောက်အောင်မေတ္တာ(၅)လမ်း၊ ၂-ရပ်ကွက်၊ မရမ်းကုန်း	၃-ထပ်တိုက် ဆောက်လုပ်ရန်
၃	ဦးတင်မောင်ဝင်း	၁၂/မရက(နိုင်) ၀၅၄၀၈၇	(၄)၊ အုန်းတောလမ်း၊ ၃-ရပ်ကွက်၊ မရမ်းကုန်း	၃-ထပ်တိုက် ဆောက်လုပ်ရန်
၄	ဦးလှိုင်တင့်	၁၂/မရက(နိုင်) ၀၈၃၂၃၈	(၂)၊ မာလာလမ်းသွယ်(၂)လမ်း၊ ၂-ရပ်ကွက်၊ မရမ်းကုန်း	၃-ထပ်တိုက် ဆောက်လုပ်ရန်
၅	ဦးကျော်လူ	၁၂/မရက(နိုင်) ၀၁၃၇၁၃	(၁၁၉/က)၊ ခိုင်ရွှေဝါ(၂)လမ်း၊ ၃-ရပ်ကွက်၊ မရမ်းကုန်း	၃-ထပ်တိုက် ဆောက်လုပ်ရန်
၆	ဦးသိန်းဝင်းလှိုင် + ၁	MTLA-၀၁၂၉၀၇	(၁၀၂/ခ)၊ မဟာဘောဂလမ်း၊ ၈-ရပ်ကွက်၊ မရမ်းကုန်း	၃-ထပ်တိုက် ဆောက်လုပ်ရန်
၇	ဒေါ်မြတ်ပန်းဝေ	၃/ဘအန(နိုင်) ၁၆၉၁၄၆	(A/၃၂)၊ ပတ္တမြား(၂)လမ်း၊ အင်းဝအိမ်ရာ၊ ၆၆-ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)	၂½-ထပ်တိုက် ဆောက်လုပ်ရန်
၈	ဒေါ်မြစိန်	၁၂/မရက(နိုင်) ၁၂၁၂၅၁	(၂+၃)၊ ယုဇနလမ်း၊ ၃-ရပ်ကွက်၊ မရမ်းကုန်း	၃-ထပ်တိုက် ဆောက်လုပ်ရန်
၉	ဒေါ်ကျင်မြ	၁၂/လမတ(နိုင်) ၀၀၃၇၄၈	(၂၄)၊ အောင်သပြေ(၂)လမ်း၊ ၃-ရပ်ကွက်၊ မရမ်းကုန်း	၃-ထပ်တိုက် ဆောက်လုပ်ရန်
၁၀	ဒေါ်မြစိန်	၁၂/မရက(နိုင်) ၁၂၁၂၅၁	(၁)၊ ယုဇနလမ်း၊ ၃-ရပ်ကွက်၊ မရမ်းကုန်း	၃-ထပ်တိုက် ဆောက်လုပ်ရန်
၁၁	ဒေါ်တုတ်	၁၂/မရက(နိုင်) ၀၇၈၀၇၄	(၁/က)၊ မာလာလမ်းသွယ်(၃)လမ်း၊ ၂-ရပ်ကွက်၊ မရမ်းကုန်း	၃-ထပ်တိုက် ဆောက်လုပ်ရန်
၁၂	ဦးကြည်ဝင်း	၁၂/အလန(နိုင်) ၀၁၈၇၇၃	(၂၇)၊ အေးလမ်း၊ စောရန်ပိုင်အရှေ့ရပ်ကွက်၊ အလုံ	၃-ထပ်တိုက် ဆောက်လုပ်ရန်
၁၃	ဦးငွေးနိုင်+၅	၁၂/အလန(နိုင်) ၀၀၁၅၈၆	(၂၆/က)၊ မာယလမ်း၊ စောရန်ပိုင်အရှေ့ရပ်ကွက်၊ အလုံ	၃-ထပ်တိုက် ဆောက်လုပ်ရန်
၁၄	ဦးအေးလွင်+၁	၁၂/မဂတ(နိုင်) ၀၆၉၀၉၀	(၄၅)၊ စက်ရုံလမ်း၊ ရေတွင်းကုန်းရပ်ကွက်၊ မဂ်လာတောင်ညွှန့်	၃-ထပ်တိုက် ဆောက်လုပ်ရန်
၁၅	ဦးအောင်စိန်	၁၂/လသန(နိုင်) ၀၀၃၇၂၃	(၁၉)၊ ရန်ကြီးအောင်လမ်း၊ မှန့်လုပ်ဆောင်းကုန်း(မြောက်)ရပ်ကွက်၊ စမ်းချောင်း	၃-ထပ်တိုက် ဆောက်လုပ်ရန်
၁၆	ဒေါ်ခင်ခင်ထွေး	၁၂/မဂတ(နိုင်) ၀၀၇၁၉၄	(၁၅၁/ခ)၊ အောင်မဂ်လာလမ်း၊ ၁၅၅-ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)	၂-ထပ်တိုက် ဆောက်လုပ်ရန်

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာ

INVITATION FOR OPEN TENDER
(Tender No.2(T)MPE/HSD(1)/2015-2016)

1. Open Tender is invited for the Myanma Petrochemical Enterprise, the Ministry of Energy for the supply of High Speed Diesel (470,000 Bb1 ±10%).
2. Tender Closing Date : 26-1-2015 at (12:00)noon.
3. Tender Opening Date : 26-1-2015 at (13:00)hrs.
4. Delivery Time : February 2015 to March 2015
5. Tender Documents and details information are available at the Department of Finance, Myanma Petrochemical Enterprise, Nay Pyi Taw, during office hours commencing 15-1-2015 on payment of the Myanmar Kyat One Hundred Thousand (Kyat 100,000) per set.
6. Only bid from tenderer who has purchased tender document officially from Myanma Petrochemical Enterprise will be accepted for evaluation.

Managing Director
Myanma Petrochemical Enterprise
Contact Phone no.067-411108/411193

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
ရန်ကုန်ပြည်သူ့ဆေးရုံကြီး
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ပင်မဆောင်ဘက်ခြမ်းရှိ မိလ္လာပိုက်များ၊ မိလ္လာကန်များနှင့် ရေစီးမြောင်းများပြုပြင်ရန် စိတ်ပါဝင်စားသည့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

အိတ်ဖွင့်တင်ဒါလျှောက်လွှာရောင်းချမည့်နေ့ - ၁၄-၁-၂၀၁၅ ရက်၊ (ဗုဒ္ဓဟူးနေ့)
အိတ်ဖွင့်တင်ဒါပိတ်မည့်နေ့ - ၂၈-၁-၂၀၁၅ ရက်၊ (ဗုဒ္ဓဟူးနေ့)၊ ၁၆နာရီ

၂။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဆေးရုံအုပ်ကြီးရုံးသို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီး

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာန
၁၆/၂၀၁၄-၂၀၁၅ကြိမ်မြောက် စက်မှုကုန်ကြမ်း သစ်လုံး/သစ်ခွဲသားများ ဈေးပြိုင်လေလံကျေညာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာနမှ စက်မှုကုန်ကြမ်း သစ်လုံး/သစ်ခွဲသားများကို အောက်ဖော်ပြပါအတိုင်း ဈေးပြိုင်လေလံစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။

(က) ရောင်းချမည့်ရက်နှင့်အချိန် - ၂၇-၁-၂၀၁၅မှ ၂၉-၁-၂၀၁၅ထိ၊ ဧည့်ဝန်ကခရီမှ ၁၆းဝဝနာရီအထိ
(ခ) ရောင်းချမည့်အမျိုးအစားနှင့်တန် - ကျွန်းသစ်လုံး (၁၅၄)တန်ခန့်
သစ်မာသစ်လုံး (၂၁၉.၂၄)တန်ခန့်
(ပိတောက်/တမလန်း/သင်းဝင်သစ်လုံးများ ပါဝင်မည်။)
- ကျွန်းခွဲသား (၁၉)တန်ခန့်
- သစ်မာခွဲသား (၃၃)တန်ခန့်
(ပိတောက်ဓားရွေ/ခွဲသားများ ပါဝင်မည်)
(ဂ) ရောင်းချမည့်နေရာ -အမှတ်(၁၀၃)၊ သစ်စက်ရှင်းလင်းဆောင် မြန်မာ့သစ်လုပ်ငန်း၊ မန္တလေးတိုင်းဒေသကြီး။

၂။ သစ်လုံးဈေးပြိုင်လေလံနှင့်ပတ်သက်သည့် အချက်အလက်များအား အသေးစိတ်သိရှိလိုပါက မြန်မာ့သစ်လုပ်ငန်း web-site ဖြစ်သော www.myanmatimber.com.mmတွင် ဝင်ရောက်ကြည့်ရှု၍လည်းကောင်း၊ ဖုန်းနံပါတ် ၀၁-၃၇၂၄၂၊ ၀၁-၃၇၂၂၀၂၊ ၀၁-၃၇၂၆၈၈၊ ၀၂-၇၀၃၇၁ များတွင်လည်းကောင်း စုံစမ်းနိုင်ပါသည်။

ဈေးပြိုင်လေလံကျင်းပရေးကော်မတီ၊ ပြည်တွင်းရောင်း/စက်

Khine (၁၀)တန်းဘာသာစုံ ဂုဏ်ထူးဝိုင်း

မြန်မာတစ်နိုင်ငံလုံး(Top Ten)ဝင်ဂုဏ်ထူးရှင်များစွာ
မွေးထုတ်ပေးသောနိုင်ငံကျော်သင်ကြားမှုထူးချွန်
ဆရာများဖြင့်စုစည်းတည်ထောင်ထားပါသည်။
ယီးဃန် (၂၀)ထောက်ပိုင်း Marchလဆန်းစဝါဒည်။
ကြိုတင်အပ်နှံရှုဖြင့် ဝေဒျာရှုထုဝါ။
အမှတ်-၁၁၁၊ဘရွှေလမ်း(အလယ်)၊လမ်းမတော်မြို့နယ်၊ရန်ကုန်မြို့
Ph: 09-73026940, 09-250641687,09-5162790

အများသိစေရန်ကြေညာခြင်း

မုံရွာမြို့၊ အောင်မင်္ဂလာရပ်၊ အမှတ် (၁)လမ်းနှင့် ပြည်ထောင်စုလမ်းထောင့်ရှိ ကွင်းအမှတ် (၃၂)၊ အကွက်အမှတ်(၂၀၄-ခ)၊ ဧရိယာ(၀.၀၂၆)ဧကရှိ နှစ်(၃၀)ဂရန်မြေသည် ကျွန်တော်ဦးညွှန့်မောင်[၅/မရန(နိုင်)ဝဝ၁၁၃၉]အမည်ပေါက် ပိုင်ဆိုင်ပါသည်။ ယခုအခါ အဆိုပါဂရန်သည် အိမ်မီးလောင်ကျွမ်းမှုဖြစ်ပွားစဉ် မီးထဲပါရှိ ပျောက်ဆုံးသွားပါသဖြင့် အသစ်ပြန်လည်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက အထောက်အထားအပြည့်အစုံဖြင့် (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးညွှန့်မောင်[၅/မရန(နိုင်)ဝဝ၁၁၃၉]

မွေးနေ့ကျောင်းရေစက်ချဖိတ်ကြားလွှာ

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ မြသီတာရပ်ကွက်(ဘိုခြ)ရှိ ဇေတဝန်ဓမ္မာရုံကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက ဒေါက်တာအရှင်သောပါက (သာသနဇေ ဓမ္မာစရိယ၊ M.A,Ph.D)၏ သက်တော်(၄၃)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်နှင့်အတူ ဆောက်လုပ်ပြီးစီးသွားသော **"ဇေတဝန်ဓမ္မဗိမာန်တော်"** သုံးထပ်ကျောင်းတော်ကြီး ရေစက်ချအလျှုတော် မင်္ဂလာပွဲကျင်းပမည်ဖြစ်ပါ၍ အတူတကွ ရေစက်ချအနုမောဒနာတရားတော်များ နာယူနိုင်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။ အလျှုရှင်များ ဖိတ်စာမရောက်ရှိပါကလည်း ကြွရောက်ကြပါရန် ထပ်မံဖိတ်ကြားအပ်ပါသည်။

၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်၊ (တနင်္ဂနွေနေ့)၊ နံနက် ၉ နာရီ

ဆက်သွယ်ရန်
ဖုန်း-၀၉-၈၅၉၈၀၀၁၊ ၀၉-၄၂၁၀၆၇၀၀၇

ကျောင်းအလှူဒါန ပါဝင်လှူဒါန်းနိုင်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ သရက်တော ကျောင်းတိုက်၊ ဓမ္မာရုံကျောင်းပရိယတ္တိစာသင်တိုက်၌ စာချ/စာသင် သံဃာတော်အရှင်သူမြတ်များ သီတင်းသုံးရန်အတွက် ပေ(၇၀×၆၇) အကျယ်အဝန်းရှိ ကျောင်းဆောင်သစ် ဆောက်လုပ်နေပြီဖြစ်ပါ၍ ကျောင်းအလှူဒါန ပါဝင်လှူဒါန်းနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

၁။ ပြတင်းတံခါးတစ်ပေါက်	၁ သိန်း
၂။ အခန်းတံခါး	၂ သိန်း
၃။ ရေချိုးခန်း	၃ သိန်း
၄။ ကုဒ္ဓီတစ်ခန်း	၅ သိန်း
၅။ အဝင်တံခါးမကြီးတစ်စုံ	၇ သိန်း
၆။ သံကူကွန်ကရစ် လှေကားတစ်စုံ	၉ သိန်း
၇။ သံဃာနှစ်ပါးနေ တစ်ခန်း	၁၀ သိန်း
၈။ ရေတိုင်ကီတစ်လုံး	၁၂ သိန်း
၉။ သံဃာလေးပါးနေ တစ်ခန်း	၂၀ သိန်း
၁၀။ မုခ်ဦး	၃၀ သိန်း
၁၁။ ဘုရားခန်း	၅၀ သိန်း
၁၂။ စာသင်ခန်းမဆောင်	၁၀၀ သိန်း
၁၃။ ဆွမ်းစားဆောင်	၃၅၀ သိန်း
၁၄။ ကျောင်းဆောင်တစ်ထပ်	၁၀၀၀ သိန်း
၁၅။ ကွန်ကရစ်တိုင်တစ်လုံး	၃ သိန်း
၁၆။ စာချဆရာတော်များနေ တစ်ခန်း	၂၅ သိန်း
၁၇။ စာကြည့်တိုက်(စာကြည့်ခန်း)	၁၀၀ သိန်း
၁၈။ သံဃာတစ်ပါးနေရန်တစ်နေရာ	၅ သိန်း

အလှူရှင်များ ကမ္မည်းတိုးပေးပါမည်။
ကျောင်းဆောင်သစ်ဆောက်လုပ်ရေးကော်မတီ
ဓမ္မာရုံကျောင်း ပရိယတ္တိစာသင်တိုက်
ဖုန်း-၀၁-၇၀၈၈၇၄၊ ၀၉-၈၆၃၀၅၁၆

အိတ်ဖွင့်သယ်ပို့တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ ကြီးကြပ်မှုအောက်ရှိ အဆင့်မြင့် စက္ကူစက်ရုံ(သာပေါင်း)မှ အမှတ်(၃၆)အကြီးစားစက်ရုံ (ကျောက်ဆည်)သို့ Na_2So_4Salt Cake(400) Tons သယ်ယူလိုပါသည်။

၂။ တင်ဒါပိတ်ရက်မှာ ၂၀-၁-၂၀၁၅ရက်၊ ၁၅း၃၀နာရီ ဖြစ်ပါသည်။ တင်ဒါပုံစံများအား အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ ထုတ်လုပ်ရေးဌာန၊ ရုံးအမှတ်(၄၁) နေပြည်တော်တွင် ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းပြီး တင်ဒါများလာရောက်ယယူနိုင်ပါသည်။ တင်ဒါပုံစံတရားဝင်ဝယ်ယူထားသူများထံမှ တင်ဒါကိုသာ လက်ခံပါမည်။

(အသေးစိတ်သိလိုပါက စုံစမ်းရန် တယ်လီဖုန်းအမှတ်-၀၆၇-၄၀စ၃၆၀)

အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း

နှစ်ဦးသဘောတူကွာရှင်းပြတ်ခဲပြီးစီးခြင်း

ဦးအာကာမင်းမင်း[၁၂/ကခက(နိုင်)၀၆၅၁၅၄]နှင့် ဒေါ်မေသဲစု[၁၄/ဖပန(နိုင်)၁၃၉၂၉၇]တို့သည် ၂-၁၀-၂၀၁၄ ရက်တွင် ဗန်းမောက်မြို့နယ်တရားရုံး မြို့နယ်တရားသူကြီး ဦးစံရွှေသိန်း၏ရှေ့မှောက်၌ နှစ်ဦးသဘောတူကွာရှင်းပြတ်စဲ ပြီးစီးပါကြောင်း။

ဦးအာကာမင်းမင်း

ဒေါ်အေးမျိုးငြိမ်း(ဘ)ဦးဝင်း(အမိ)ဒေါ်ခွဲ့ခွဲ့နှင့်အများသိစေရန်

ကျွန်ုပ်အား အမှုလွှဲအပ်ထားသူ ဦးကိုကိုလွင်[၁၂/အစန(နိုင်)၁၉၃၃၃၇] အမှတ်(စ၉/ခ)၊ ဝစိန်လမ်း၊ မြို့သစ်(၇)ရပ်ကွက်၊ အင်းစိန်မြို့နယ်နေသူ၏ လွှဲအပ်ညွှန်ကြားချက်အရ အကြောင်းကြားသိစေအပ်ပါသည်။

ဦးကိုကိုလွင်နှင့်ဒေါ်အေးမျိုးငြိမ်းတို့သည် လွန်ခဲ့သော (၁)နှစ်ကျော်ခန့်မှစ၍ တရားဝင်လက်ထပ်အတူ ပေါင်းသင်းနေထိုင်လာခဲ့ပါသည်။ သားသမီးမွေးဖွားခဲ့ခြင်းမရှိပါ။ ၆-၁-၂၀၁၅ ရက်တွင် လင်မယားစိတ်အခန့်မသင့်၍ စကားများပြီး နံနက် ၁၀း၃၀ နာရီတွင် ဦးကိုကိုလွင် နေအိမ်၌မရှိခိုက် ဦးကိုကိုလွင်၏ မိဘများပိုင်ဆိုင်သော 7A/6653၊ ၃၁/၉၃၃၈၊ RA/3633၊ 3B/8665 မော်တော်ယာဉ်များ၏ ပိုင်ရှင်စာအုပ်များ၊ လုပ်ငန်းသုံးစာအုပ်များနှင့် စာချုပ်စာတမ်းများ၊ ရွှေဆွဲကြိုး(၂) ကျပ်သား(၁)ကုံး၊ ဟမ်းအိုန်း(၁)ကျပ်သား(၁)ကုံး၊ ရွှေလက်စွပ်(၂)ကွင်း၊ ရွှေနားကပ်(၁)ရံ စသည်တို့ကို ယူဆောင်၍ ဦးကိုကိုလွင်၏နေအိမ်မှ ဆင်းသွားခဲ့ပါသည်။

ဒေါ်အေးမျိုးငြိမ်း ယူဆောင်သွားသော မော်တော်ယာဉ်များ၏ စာရွက်စာတမ်းနှင့် လက်ဝတ်လက်စားများအား လက်ခံထားရှိခြင်း မပြုကြရန်နှင့် အကယ်၍ လက်ခံထားရှိပါက တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဇော်မင်းနိုင် LL.B,DL-101 Wipo (Switzerland)
အထက်တန်းရွှေနေ၊ ဖုန်း-၀၉-၇၃၉၀၃၃၀၇
ရုံး-အမှတ်(၅၀)၊ ဒုတိယထပ်၊ ဘက်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အစိုးရစာရင်းစစ်ဟောင်းများမိတ်ဆုံစားပွဲ

နိုင်ငံတော်စာရင်းစစ်ချုပ်ရုံးအသီးသီးတွင် တာဝန်ထမ်းဆောင်ခဲ့သည့် အစိုးရစာရင်းစစ်ဟောင်းများ၏ (၅)ကြိမ်မြောက် မိတ်ဆုံစားပွဲကို အောက်ပါအစီအစဉ်ဖြင့် ကျင်းပမည်ဖြစ်ရာ မိတ်ဆွေဟောင်းများအား ဆုံတွေ့နိုင်ရန်အတွက် ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ယာယီအမှူဆောင်အဖွဲ့

နေ့ရက် - ၈-၂-၂၀၁၅ ရက် (တနင်္ဂနွေနေ့)
အချိန် - နံနက် ၁၀ နာရီမှ ၁၂ နာရီအထိ
နေရာ - အမှတ်-၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ခန်းမ

ပညာရေးတက္ကသိုလ်(B.Ed)၁၉၇၃–၇၈သူငယ်ချင်းတို့

၃၁-၁-၂၀၁၅ ရက် (စနေနေ့)နံနက် ၉ နာရီ၊ ရန်ကုန်ပညာရေးတက္ကသိုလ် (Learning Hub)ခန်းမမှာ တို့ရဲ့ ဆရာ/ဆရာမတွေကို ပူဇော်ကန်တော့ကြမယ်။ ပြီးရင် အလုံလမ်းက My Garden မှာ နေ့လယ်စာစားရင်း ဆုံကြရအောင် ဆက်ဆက်လာခဲ့ကြနော်။

ဆက်သွယ်နိုင်တဲ့ သူငယ်ချင်းတွေကတော့

ဒေါ်ခင်ခင်နွယ် ဖုန်း-၀၉-၅၅၀၁၁၃၂ ဒေါ်မြင့်မြင့်အုံး ဖုန်း-၀၉-၂၅၀၀၇၆၁၉၉
ဒေါ်သိန်းတိုး ဖုန်း-၀၉-၄၃၁၇၉၈၇ ဒေါ်နန်းမြင့်မြင့်ခင် ဖုန်း-၀၉-၇၃၀၉၅၃၃၆
ဒေါ်သိမ်းဦး ဖုန်း-၀၉-၂၅၃၀၅၀၈၉

မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ် ဒုတိယအကြိမ် မြတ်ဆရာပူဇော်ပွဲ

မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်တွင် ပထမအသုတ်မှ အဌမအသုတ်ထိ ပညာသင်ကြားခဲ့သည့် တပည့်များက ဆရာ/ဆရာမများ ပူဇော်ပွဲ အခမ်းအနားကို အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ပြုလုပ်ကျင်းပမည်ဖြစ်ပါ၍ ကြွရောက်ခိုးမြှင့်ပေးနိုင်ပါရန် ရိုသေလေးစားစွာ ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၁၅-၂-၂၀၁၅ ရက် (တနင်္ဂနွေနေ့)
အချိန် - နံနက် ၉ နာရီ
နေရာ - မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်

ဖိတ်စာမရရှိသော ဆရာ/ဆရာမများ ခင်ဗျား သည်းခံခွင့်လွှတ်နားလည်ပေးပါရန်နှင့် မပျက်မကွက် တက်ရောက်ပေးနိုင်ကြပါရန် ဖိတ်မန္တ္ဂက ပြုအပ်ပါသည် ခင်ဗျာ။

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်ရှုင်ရပ်ကွက်၊ အကွက်အမှတ်(စ၂၀)၊ ဦးပိုင်အမှတ်(၉၀-က)၊ ၆၂လမ်း၊ ၃၄×၃၅လမ်းကြားရှိ မောင်မို့ အမည်ပေါက် လိုင်စင်မြေကွက်အား တရားမပုံစံအမှတ်(၁၀၆)ဖြင့် အနိုင်ဒီကရီရရှိသူ ဒေါ်နန်းရင်ရင်ဝင်း[၁၃/ကမန(နိုင်)၀၂၃၃၇၂]မှ အမှုတွဲအမှတ် ၂၀၅၅/၂၀၁၄-၂၀၁၅ ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း၊ ဂရန်ဟောက်၊ အမျိုးအစားပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၁၀)၊ ဦးပိုင်အမှတ်(၇၈)၊ ၀၆မာ×ယုဇန၊ ၅၀×၅၁ လမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ဦးတင်အေးသည် မိဘနှစ်ပါးလည်းကွယ်လွန်ပြီး၊ အိမ်ထောင်မရှိ လူပျိုကြီးဘဝဖြင့် သာသနာ့ဘောင်သို့ ဦးတဇနိယဘွဲ့အမည်ဖြင့် အပြီးဝင်ရောက်သွားပါ၍ ကျန်ရစ်သော တူအရင်းဖြစ်သူ ဦးဝင်းကိုကို[၉/အမရ(နိုင်)၀၀ ၃၃၀၆]မှ တောဂရန်၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

GREAT FATHER LAND ဆောက်လုပ်ရေးနှင့် အလှဆင်လုပ်ငန်း၏ Chairman ဦးကျော်မြင့် [၁၂/မဂတ(နိုင်)၀၄၉၂၄၂]နှင့် အများသိစေရန်

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးစန္ဒာမြင့် [၁၂/ဒပန(နိုင်)၀၀၇၈၄၆] အမှတ်-၁၉၆၊ (၄)လွှာ၊ (A)၊ ၃၁လမ်း(အပေါ်) ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့နေသူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးလိုက်သည်။

ကျွန်ုပ်၏မိတ်ဆွေသည် ဦးကျော်မြင့် Great Father Land ဆောက်လုပ်ရေး လုပ်ငန်းက ဆောက်လုပ်သော ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အမှတ်(၄၀)၊ ၁၆၅လမ်း၊ (၂)ခန်းတွဲ (စ)ထပ်မှ (၅)ထပ်၊ (A)ဘက်ခြမ်း(တစ်ခန်း) အကျယ် (၁၅×၆၀)ပေ ရေမီးအစုံတိုက်ခန်းကို ၁၅-၉-၂၀၁၃ ရက်စွဲပါ စရန်ပေးစာချုပ်အရ တိုက်ခန်းတန်ဖိုးငွေ ကျပ်သိန်း ၅၀၀၀၀၀၀၀/(ကျပ်သိန်း၀၊ရာ တိတိ)အနက် ထိုနေ့တွင် စရန်ငွေ ကျပ်သိန်း ၁၀၀၀၀၀၀၀/(ကျပ်သိန်းတစ်ရာတိတိ) ပေးချေ ဝယ်ယူပါသည်။ ကျွန်ုပ်၏မိတ်ဆွေက ဦးကျော်မြင့်အား ၁၆-၉-၂၀၁၃ ရက်တွင် ကျပ်သိန်း(၅၀)၊ ၁၇-၁၀-၂၀၁၃ ရက်တွင် ကျပ်သိန်း(၂၅၀)နှင့် ၁၇-၁၁-၂၀၁၃ ရက်တွင် ကျပ်သိန်း(၁၀၀)ကို အပြီးပေးချေပြီး ဖြစ်ပါသည်။

ထိုကြောင့် အဆိုပါအခန်းသည် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးစန္ဒာမြင့် ဝယ်ယူပိုင်ဆိုင်သော အခန်းဖြစ်၍ မည်သူမျှ ထိုအခန်းကို တစ်ဆင့်ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ လွှဲပြောင်းခြင်းများ မပြုလုပ်ရန်နှင့် ပြုလုပ်ပါက ဥပဒေအရ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြော်ငြာလိုက်သည်။

လွှဲအပ်ညွှန်ကြားချက်အရ-
